# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၃) ရက် ၊ ကြာသပတေးနေ့ ၊ (22-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၁၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Ms. Ma Jia သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး အနေဖြင့် ရှည်လျားသည့် သမိုင်းကြောင်းများရှိမှုနှင့် အိမ်နီးချင်းကောင်း၊မိတ်ဆွေဟောင်း၊မိတ်ဆွေကောင်း နိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွတည်ဆောက်ထားသည့်နိုင်ငံများဖြစ်သည့်အခြေအနေများ၊နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်စေရေး နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊

စာမျက်နှာ ၁၆ ကော်လံ ၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ပြင်ပကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်သူများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။



ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၂၂ ရက်
အယ်ဒီတာ့အာဘော်

## ပြည်တွင်းစားသုံးဆီဖူလုံရေး

စားသုံးဆီသည် မြန်မာလူမျိုးများ နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ရှေးမြန်မာများလက်ထက်ကပင် ဆီကိုနှစ်ခြိုက်စွာစားသုံးခဲ့သည်မှာ ယခုကာလထိပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းစားသုံးဆီဖူလုံရေးသည်လည်း အဓိကဖြစ်လာသည်။

စားသုံးဆီဆိုသည်မှာ လူတို့နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင် အဆိပ်အတောက်မဖြစ်စေဘဲ စားသုံးရန်သင့်လျော်သောဆီဖြစ်သည်။ စားသုံးဆီသည် ပြည့်ဝဆီနှင့် မပြည့်ဝဆီဟူ၍ နှစ်မျိုးရှိရာ ပြည့်ဝဆီမှာ တိရစ္ဆာန်များမှရရှိပြီး မပြည့်ဝဆီမှ ဆီထွက်သောအသီးအနှံများမှ ကြိတ်ခွဲရရှိသည်။ ထိုဆီနှစ်မျိုးအနက် မပြည့်ဝဆီမှာ လူအများစားသုံးကြပြီး ကျန်းမာရေးအတွက် ချင့်ချိန်စားသုံးသင့်သည်။ လူဦးရေတိုးတက်လာသော မြန်မာနိုင်ငံတွင် ဆီစားသုံးမှုလည်း ပိုမိုများပြားလာပြီး ပြည်တွင်းစားသုံးဆီလိုအပ်ချက်များရှိလာသည်။

ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့်ပတ်သက်၍ ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့်ဆီအုန်းများကို မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ တိုးချဲ့စိုက်ပျိုးနိုင်ရန် နိုင်ငံတော်ကပံ့ပိုးပေးလျက်ရှိသည်။ စိုက်ပျိုးထွက်ရှိသောဆီထွက်သီးနှံများကို စားသုံးဆီအဖြစ်ထုတ်လုပ်နိုင်သော်လည်း လိုအပ်သောစားသုံးဆီများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရသည်။ ဆီထုတ်လုပ်ရာတွင်လည်း ဆီကြိတ်စက်များ၏ အရည်အသွေးကောင်းမွန်နေရမည်ဖြစ်သည်။

ပြည်တွင်းထုတ်လုပ်သောစားသုံးဆီများအနက် မြေပဲဆီနှင့်နှမ်းဆီကို အဓိကစားသုံးခဲ့ကြရာ ယခုအခါ နေကြာဆီကို ကျန်းမာရေးနှင့်ညီညွတ်သည့်ဆီအဖြစ် ပိုမိုသုံးစွဲလာကြသည်။ ထို့ကြောင့် နေကြာသီးနှံကို ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိစေရေး စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် နေကြာသီးနှံဧကသုံးသန်းကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်က ပြည်တွင်းစားသုံးဆီဖူလုံရေး၊ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းဆီစက်များအဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်များ အသစ်ထပ်မံတည်ဆောက်ခြင်းနှင့် ဆီစက်ဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေးဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ပေးလျက်ရှိသည့်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလည်း တောင်သူလယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ချေးငွေများကို သီးနှံအမျိုးအစားအလိုက် သက်သာသောအတိုးနှုန်းဖြင့် ထုတ်ပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အဘက်ဘက်မှပံ့ပိုးပေးလျက်ရှိရာ ပြည်တွင်းစားသုံးဆီကြိတ်ခွဲထုတ်လုပ်သောဆီစက်များ စားသုံးဆီထုတ်လုပ်နိုင်ရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများအနေဖြင့်လည်း ဆီထွက်သီးနှံများပိုမိုစိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးဆီဖူလုံမည်ဖြစ်သောကြောင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးဈေးကွက်အတွင်း ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး ဩဂုတ် ၂၁**

မန္တလေးဈေးကွက်အတွင်း ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက် ရှိကြောင်း မန္တလေးမြို့ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ဩဂုတ်လ ဒုတိယပတ်မှစ၍ ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ ဝယ်ယူမှုများပြားလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အလားတူ ယခုလက်ရှိတွင် ကြက်သွန်ဖြူများကို ပြည်ပကလည်း အဝယ်များလာသဖြင့် မန္တလေးဈေးကွက်အတွင်းအရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ကြူကုတ်ကထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေ အနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူ အဝယ် လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်လာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ပြည်တွင်း၊ ပြည်ပမှဝယ်ယူမှုများပြားနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများမှာ ဩဂုတ် ၂၀ ရက် ပေါက်ဈေးအရ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ခန့် ပေါက်ဈေးရှိပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခုတစ်လော ကြူကုတ်ကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေ ရန်ကုန်နဲ့အခြားမြို့ကြီးတွေကို ပြန်ပြီးတင်ပို့နေရပါတယ်။ ကြက်သွန်ဖြူအသစ်တွေလဲ လက်ကျန်ရှားနေတော့ ဈေးကွက်ထဲ အရောင်းအဝယ်ကောင်းလာတယ်"ဟု မန္တလေးမြို့ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ကြူကုတ်မှ ထွက်ရှိသည့် ကြက်သွန်ဖြူများ အပြင် ဆိပ်ဖြူ၊ မုံရွာနှင့်မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူများလည်း ပုံမှန်အတိုင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ လတ်တလောတွင် ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ် အကောင်းဆုံးအနေအထားတွင်ရှိကြောင်း သိရသည်။

(၁၈၄)

## ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လက မြေပဲဆီ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လက မြေပဲဆီ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အုန်းမြင့်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဇွန်လက ဒေသထွက်မြေပဲဆီ ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း မြေပဲဆီပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့်မြေပဲဆီများသည် ဒေသထွက် ဆုံဆီများဖြစ်ကြောင်း သိရသည်။

''ကျုံပျော်ဒေသကထွက်တဲ့ လယ်ယာထွက်ကုန်တွေကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်းက မြေပဲဆီပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ ပိုမိုတင်ပို့ရောင်းချနေပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ မြေပဲဆီတွေက နွေရာသီကဝယ်ယူသိုလှောင်ထားတဲ့ ဆီတွေဖြစ်ပါတယ်။ ဒေသထွက်မြေပဲဆီတွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်''ဟု ကျုံပျော်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အုန်းမြင့်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်မြို့သို့တင်ပို့ရောင်းချခဲ့သည့် မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၇၁၂ ဧက စိုက်ပျိုးပြီးစီး

**ဘုတလင် ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၇၁၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၇၀၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၇၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နေကြာ ၅၇၀၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၇၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးပါတယ်။ နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာကို ဆောင်းမှာ အများဆုံးစိုက်ပျိုးကြပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရေမြင့်မားရေးအတွက် အသိပညာပေးသင်တန်းများကို အချိန်မြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် နေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် သုံးတောင်ရွာမကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မလှိုင် ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သုံးတောင်ကျေးရွာအုပ်စု သုံးတောင်ရွာမကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သုံးတောင်ရွာမကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

သုံးတောင်ရွာမကျေးရွာ၌ အရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော် ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၂ ဒသမ ၄ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၈၀၊ ၂၂-၂၃လမ်းကြားနေ ယမင်းအထည်ဆိုင် မိသားစုက ဒေါ်တင်ဆွေ (ခ) ဒေါ်ဆွေဆွေအားရည်စူး၍ ဆွမ်း/ထာဝရငွေပဒေသာပင်အတွက် ငွေကျပ် ၃၉၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးချွန်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံသီးနှံ ၉၁၆၈၈ ဧက စိုက်ပျိုးပြီးစီး



ယင်းမာပင် ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၁၆၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၈၈၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင်ဧက ၂၂၁၈၀၊ ကနီမြို့နယ်တွင် ၃၁၂၃ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၅၃၈၅ ဧကနှင့်ပုလဲမြို့နယ်တွင်ဧက ၂၂၉၀၀ စုစုပေါင်း ၉၁၆၈၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ မိုးသီးနှံစိုက်ပျိုးရာသီ ပဲစင်းငုံဧက ၈၈၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၉၁၆၈၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၀၃၀၀၊ ကနီမြို့နယ်တွင် ဧက ၃၀၈၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၅၃၉၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၂၂၀၁၀ စုစုပေါင်း ဧက ၈၈၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ပဲစင်းငုံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး၊ အထွက်နှုန်း ကောင်းမွန်စေရေးအတွက် ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဖဲမြို့နယ် မြင်သာကျေးရွာ၌ ပဉ္စမအကြိမ် VRFP စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

ဖဲ ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နယ်ဇောကျေးရွာအုပ်စု မြင်သာကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေများ ထုတ်ချေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာနွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် မြင်သာကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်ဇင်မာနွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြင်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် သိန်း ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈ ဦးကို ရန်ပုံငွေကျပ် ၁၁၉ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ထိုင်းဘောကျား စပါးတင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း ထိုင်းဘောကျား စပါးအမျိုးအစားတင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လက ထိုင်းဘောကျား စပါးအမျိုးအစားတင်းရေ ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ထိုင်းဘောကျားစပါးအမျိုးအစားတင်းရေ ၈၈၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

''မော်လမြိုင်ကျွန်းမြို့နယ်ကနေ ပြီးခဲ့တဲ့တစ်လအတွင်း ထိုင်းဘောကျား စပါးတင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘောကျားအမျိုးအစားကအကြမ်း အုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေကဝယ်ယူမှုများနေလို့ တင်ပို့မှုများပြားခဲ့တာဖြစ်ပါတယ်။ ပြည်ဆန်၊ စပါး ဈေးကွက်မှာကို ထိုင်းဘောကျားစပါးက အဝယ်လိုက်နေပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘောကျားစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉ သိန်းထိပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# တောင်တွင်းလာပျို့အဖြေကျမ်းက ပဟေဠိ

ဗိုလ်ရှိတ်(ရတနာပူရ)

**❖ တောင်တွင်းလာပျို့ပိုဒ်ရေ တစ်မှ ရှစ်ထိသည် တောင်တွင်းမှ အင်းဝသို့သွားခွင့်ရရန် သူ၏ဆရာထံခွင့်ပန်ပုံများကိုဖွဲ့ဆိုထားသည်။ ပိုဒ်ရေ ကိုးတွင် ထွက်ခါနီးအချိန်နှင့် စတင်ထွက်ခွာပုံကိုရေးဖွဲ့ထား၏။ ပိုဒ်ရေ ၁၀ ၌ လမ်းခရီးအကြောင်းကိုဖွဲ့ဆို၏။ ပိုဒ်ရေ ၁၁ တွင် ပင်းယမြို့သို့ရောက်ရှိသည့်အကြောင်းဖွဲ့ဆိုသည်။ ကျန်အပိုဒ်များသည် ပင်းယရောက်ချိန်မှစ၍ တွေ့ကြုံရသောအကြောင်းအရာများကိုအသေးစိတ်ဖွဲ့ဆိုသည်။ ထို့ကြောင့် တောင်တွင်းလာပျို့သည် ပဟေဠိဆန်သော ပျို့သာမဟုတ်ဘဲ ရှင်မဟာသီလဝံသ၏ ဘဝတစ်စိတ်တစ်ဒေသကို ရေးသားခြယ်မှုန်းထားသောပျို့ဟုလည်းဆိုနိုင်သည်။ ❖**

တောင်တွင်းလာပျို့သည် ပထမအင်းဝခေတ်က ရှင်မဟာသီလဝံသရေးဖွဲ့ခဲ့သောပျို့ဖြစ်သည်။ ဤပျို့သည် ရှင်မဟာသီလဝံသရေးဖွဲ့ခဲ့သော ပါရမီတော်ခန်းပျို့၊ ဆုတောင်းခန်းပျို့များကဲ့သို့ ပိုဒ်ရေများစွာမပါရှိဘဲ ပိုဒ်ရေ၁၆ပိုဒ်သာပါရှိသော ပျို့တစ်စောင်ဖြစ်၏။

တောင်တွင်းလာပျို့ကိုရေးဖွဲ့ထားရာတွင် အခြားပျို့များနှင့်မတူ ပဟေဠိဆန်သောစကားလုံးများဖြင့် ရေးဖွဲ့ထားသည်။ ပျို့တွင်း၌ရေးဖွဲ့ထားသည့် အကြောင်းအရာများမှာလည်း ရှင်မဟာသီလဝံသသည် တောင်တွင်းမြို့မှ အင်းဝနေပြည်တော်သို့သွားလိုကြောင်းကို သူ၏ဆရာထံတွင် ခွင့်တောင်းသည့် အကြောင်းအရာများ၊ တောင်တွင်းမှဒါယကာ၊ ဒါယိကာမများက အင်းဝသို့မသွားရန် တားမြစ်သည့် အကြောင်းများ၊ တောင်တွင်းမှ အင်းဝသို့ကြွရာ လမ်းခရီးအကြောင်းများကို ဖွဲ့ဆိုထား၏။ တောင်တွင်းလာပျို့ပိုဒ်ရေ တစ်မှ ရှစ်ထိသည် တောင်တွင်းမှ အင်းဝသို့သွားခွင့်ရရန် သူ၏ဆရာထံ ခွင့်ပန်ပုံများကိုဖွဲ့ဆိုထားသည်။ ပိုဒ်ရေ ကိုးတွင် ထွက်ခါနီးအချိန်နှင့် စတင်ထွက်ခွာပုံကို ရေးဖွဲ့ထား၏။ ပိုဒ်ရေ ၁၀ ၌ လမ်းခရီးအကြောင်းကိုဖွဲ့ဆို၏။ ပိုဒ်ရေ ၁၁ တွင် ပင်းယမြို့သို့ရောက်ရှိသည့် အကြောင်းဖွဲ့ဆိုသည်။ ကျန်အပိုဒ်များသည် ပင်းယရောက်ချိန်မှစ၍ တွေ့ကြုံရသောအကြောင်း အရာများကို အသေးစိတ်ဖွဲ့ဆိုသည်။ ထို့ကြောင့် တောင်တွင်းလာပျို့သည် ပဟေဠိဆန်သောပျို့သာ မဟုတ်ဘဲ ရှင်မဟာသီလဝံသ၏ ဘဝတစ်စိတ် တစ်ဒေသကို ရေးသားခြယ်မှုန်းထားသောပျို့ဟု လည်းဆိုနိုင်သည်။

ရှင်မဟာသီလဝံသသည် တောင်တွင်းလာပျို့ကို အခြားပျို့များနှင့်မတူ ပဟေဠိဆန်စွာရေးဖွဲ့ထားသဖြင့် အသိခက်၍နက်နဲသည်ကို ဆရာကြီး ဦးဖေမောင်တင်က မြန်မာစာပေသမိုင်း၌ "ရှင်မဟာသီလဝံသသည် လူအများအသိခက်ခဲသော ပျို့တစ်စောင်ကိုလည်း ဉာဏ်ကစားရန်ရည်ရွယ်၍ ရေးသားခဲ့ဟန်တူသည်။ ထိုပျို့မှာ တောင်တွင်းလာပျို့ဟူ၍ အမည်တွင်သည်။ ဤပျို့၌ စာဆိုရှင်သည် မိမိတွေ့ကြုံရသော အဖြစ်အပျက်များကို လျှို့ဝှက်သိုသိပ်၍ထားသော ပဟေဠိစကားများဖြင့်တန်ဆာဆင်ထားသည်ဖြစ်ရကား ရေးပုဂ္ဂိုလ်ပညာကျော်ကြီးတို့ပင် ဆိုလိုရင်းအဓိပ္ပာယ်ကို ကျနစွာမပြန်ဆိုနိုင်သဖြင့် ဤပျို့သည် ကတ္တီပါစဖြင့် ဖုံးအုပ်၍ထားသော ရှင်မဟာသီလဝံသ၏ ရုပ်ပုံခာတ်ကားနှင့်တူ၏။ ကတ္တီပါစကိုဖွင့်လှစ်နိုင်သူသည် ရှင်မဟာသီလဝံသ၏ ရုပ်ပုံကားကိုတွေ့နိုင်သကဲ့သို့ ထိုတောင်တွင်းလာပျို့စကားလုံးတို့ကို အနက်ပေါ်လွင်အောင်ဖွင့်လှစ်နိုင်သူသည် ရှင်မဟာသီလဝံသ၏အကြောင်းကို သနစ်ကုန်သိနိုင်မည်ဖြစ်၏" ဟူ၍ သုံးသပ်ရေးသားထားသည်။

တောင်တွင်းလာပျို့တွင် ရှင်မဟာသီလဝံသက သူ၏အမည်ကိုပင်

"မကိုအစ၊ ဟကိုဒီဃာ၊ သမှာဤနှင့်၊ စဉ်သင့်ပြီးစွာ၊
လမှာရေးထ၊ ဝ၏အထိပ်၊ ဦးခေါင်းရိပ်တွင်၊
တံဆိပ်ကဲ့သို့၊ တင်ပြီးမြို့မှ၊ သကိုအဆုံး၊
နိဒါန်းကုံး၍၊ နလုံးဝမ်းနှိုက်၊ မှတ်ပိုက်စိမ့်ငှာ၊
ဤစာသော၌သမ၊ ပိုဒ်ဖြင့်ပြသည်"ဟူ၍ ပဟေဠိဖြင့်ရေးထား၏။ ပဟေဠိ၏ဓိပ္ပာယ်မှာ မကိုအစဟု ဆိုသောကြောင့် မ၊ ဟကို ဒီဃာဟုဆိုသောကြောင့် အသံရှည်ဖြင့် ဟာ၊ သမှာ ဤနှင့်ဆိုသောကြောင့် သီ၊ လမှာရေးထဟူသောကြောင့် လ။ ဝ၏အထိပ်၊ ဦးခေါင်းရိပ်တွင် တံဆိပ်ကဲ့သို့၊ တင်ပြီးမြို့မှဆိုသော ကြောင့် ဝံ။ သကို အဆုံးဟုဆိုသောကြောင့် သဟု အဓိပ္ပာယ်ရ၏။ ရှင်းရှင်းဆိုရလျှင် "မဟာသီလဝံသ"ဟူ၍ဖြစ်ပေသည်။ တောင်တွင်းလာပျို့သည် ထိုသို့သောပဟေဠိများဖြင့်သာ ရေးဖွဲ့ထား၏။

တောင်တွင်းလာပျို့၏ အဓိပ္ပာယ်ငုပ်မှု၊ နက်နဲမှု၊ အသိခက်မှုတို့ကြောင့် ရှေးပညာရှိကြီးတို့သည် တောင်တွင်းလာပျို့အဖြေကျမ်းများကို ရေးသားခဲ့ကြသည်။ တောင်တွင်းလာပျို့အဖြေကျမ်းမှာ နှစ်မျိုး တွေ့ရ၏။ တစ်မျိုးမှာ ရှေးဟောင်းစာပေသုတေသီတစ်ဦး၏ ရှေးဟောင်းစာပေအမြုတေစာတွဲ(၅)၌ ပါရှိသောမူဖြစ်သည်။ နောက်တစ်မျိုးမှာ မန္တလေးမြို့ ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်က ရိုက်နှိပ်ထားသောမူဖြစ်သည်။ ရှေးဟောင်းသုတေသီတစ်ဦး၏မူမှာ စာကူးစက်မူဖြစ်သောကြောင့် သိသူနည်း၏။ ပိဋကတ်တော်ပြန့်ပွားရေးမူမှာ ပုံနှိပ်မူဖြစ်သောကြောင့် သိသူများသည်။ သို့သော် ထိုစာအုပ်မူကိုပင် ယခုအခါ ရှာဖွေရန်ခက်ခဲနေပြီဖြစ်သည်။

တောင်တွင်းလာပျို့ အဖြေကျမ်းမူနှစ်မျိုးတွင် အဓိကဖော်ပြလိုသည်မှာ မန္တလေးမြို့ ပိဋကတ်တော်ပြန့်ပွားရေး ပုံနှိပ်တိုက်မူအကြောင်းဖြစ်သည်။ ထိုအဖြေကျမ်းနိဂုံးတွင် ဤတောင်တွင်းလာ အမည်ရှိသော ကဗျာ၏အဖြေသည်၊ သဟဿသတ္တန ဝုတိတေ တထောင့်ကိုးဆဲ့ခုနစ်ခု အရေအတွက်ရှိသော။ သက္ကရဇေ၊ သက္ကရာဇ်သည်။ ပတ္တေ၊ ရောက်လေသော်၊ အာသဠှိယံ၊ ဝါဆိုလ၌။ ဇုဏှပက္ခေ၊ လ္ဆန်းပက္ခဖြစ်သော၊ အဌမိယံ၊ ရှစ်ရက်မြောက်သောနေ့၌။ နိဋ္ဌိတာ၊ ပြီး၏'ဟူ၍ ဆိုထားသဖြင့် ၁၀၉၇ခုနှစ် ဝါဆိုလဆန်း ၈ရက်နေ့တွင်ပြီးသည်ဟုသိရ၏။ ၁၀၉၇ ခုနှစ်သည် ညောင်ရမ်းခေတ်နှောင်းပိုင်း ဟံသာဝတီပါမင်း လက်ထက်ဖြစ်၏။ ထို့ကြောင့် တောင်တွင်းလာပျို့ အဖြေကျမ်းသည် ညောင်ရမ်းခေတ်နှောင်းပိုင်းတွင် ရေးသားခဲ့သည်ဟု သိရသည်။

ကျမ်းပြီးသည့်နှစ်သည် ညောင်ရမ်းခေတ်နှောင်းပိုင်းဟု သိရပြီဖြစ်သည်။ ကျမ်းပြုသူမှာ မည်သူဖြစ်သည်ကိုဆက်၍ လေ့လာရပေမည်။ ဆရာကြီး ဦးဖေမောင်တင်ပြုစုသော မြန်မာစာပေသမိုင်း၌ တောင်တွင်းလာပျို့အဖြေကျမ်းကို ရေးသားသူမှာ ဆားလင်းဆရာတော်ဖြစ်သည်ဟု ဆိုထား၏။ ဆရာကြီးသည် တောင်တွင်းလာပျို့အဖြေကျမ်းရေးသားသူမှာ ဆားလင်းဆရာတော်ဖြစ်သည်ဟု မည်သည့်အထောက်အထားဖြင့်ဆိုသည်ကို လေ့လာကြည့်ရာတွင် တောင်တွင်းလာပျို့အဖြေနိဒါန်း၌ "ဆားလင်းမည်သောရွာ၌။ သုတေကာ မေန၊ ကျိုးကြောင်းစီးပွားအကြားအမြင်ကို အလိုရှိအပ်သော။ နာမေနအဓိစ္စသမုပ္ပန္နဝေါဟာရဖြင့် မိဘမှည့်ခေါ် ရှင်ပေါက်ကျော်ဟု ထင်ပေါ်သည်ာ၊ ဒါယကာသည်၊ အဘိယာစိတော၊ ရိုသေနှိမ့်ချ၊ များလှကြိမ်ဖန်၊ တောင်းပန်အပ်သော"ဟူ၍ ဆိုထားသောကြောင့် ထိုနိဒါန်းစကားကို အထောက်အထားပြု၍ ဆားလင်းဆရာတော်ဖြေသည်ဟု ဆရာကြီးကဆိုခြင်း ဖြစ်သည်။

သို့သော် ထိုနိဒါန်းစကားကို သေချာကြည့်ရာတွင် ဆားလင်းဆရာတော်ရေးသားသည်ဟုဆိုထားခြင်း မဟုတ်ဘဲ ဆားလင်းရွာနေ မောင်ပေါက်ကျော်က တောင်တွင်းလာပျို့အဖြေကို ရေးပေးပါဟုတောင်းပန်သောကြောင့် တောင်တွင်းလာပျို့အဖြေကိုရေးသားရခြင်းဖြစ်သည်ဟူ၍ ဆိုခြင်းဖြစ်သည်။ ဆားလင်းဆရာတော်ဖြေသည်ဟုဆိုခြင်းမဟုတ်ပေ။ သို့ဖြစ်သောကြောင့် တောင်တွင်းလာပျို့အဖြေကျမ်းကို ဆားလင်းဆရာတော်ရေးသည်ဆိုသော ဆရာကြီး ဦးဖေမောင်တင်၏စကားသည် မှားယွင်းနေပေ၏။


ခရစ်နှစ် ၁၉၇၄ ခုနှစ်ကထုတ်ဝေခဲ့သော ရှင်မဟာသီလဝံသဟူသော စာအုပ်ကိုကြည့်မိ၏။ စာပေလောကစာအုပ်တိုက်မှ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ယခုအခါ ထိုစာအုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်က ပြန်လည်ထုတ်ဝေထားပြီးဖြစ်သည်။ ထိုစာအုပ်တွင် ဆရာမင်းမဟော်ရေးသော "ရှင်မဟာသီလဝံသ၏ တောင်တွင်းလာပျို့"ဟူသော စာတမ်းတစ်စောင်ပါ၏။ ထိုစာတမ်း၌ တောင်တွင်းလာပျို့အဖြေကျမ်းကို ပညာရာမမထေရ်ဆရာတော်က အတွင်းနေ တပည့်တို့တောင်းပန်၍ ရေးသည်ဟုဖော်ပြထားသည်။

ပညာရာမမထေရ်ဆရာတော်ရေးသည်ဟု မည်သည့်အထောက်အထားဖြင့်ဆိုသည်ကို ထပ်မံလေ့လာကြည့်ရာတွင် တောင်တွင်းလာပျို့အဖြေကျမ်းနိဂုံး၌ "ဂဏာမောက္ခော၊ ဂိုဏ်း၏အကြီးလည်းဖြစ်တော်မူထသော။ ပညာရာမ မဟာထေရော တိ၊ ပညာရာမ မထေရ်ဟူ၍။ ပါကဋ္ဌော၊ ထင်ရှားတော်မူသော။ (ယောအဂ္ဂ ပဏ္ဍိတော၊ အကြင်မြတ်သော ပညာရှိသည်။ အတ္ထိရှိတော်မူ၏) တဿ၊ ထိုသီလ အာစာရပညာတောက်မီးအထေရ်ကြီး၏။ ပုတ္တသဒိသေန၊ သားနှင့်ပုံယူတူသော။ သမာဆန္ဒေန ကောင်းသောအလိုရှိထသော။ လဋ္ဌိနာမကောင်းမှုမှ ရှက်ထသော။ ဘယဒဿာဝိနာ၊ ဘေးကိုရှုလေ့ရှိထသော။ ထေရေန၊ မထေရ်သည်" ဟူ၍ ရေးထားသည်ကို တွေ့ရ၏။ ဤနိဂုံးစကားအရ ပညာရာမမထေရ်ရေးသည်ဟု ဆရာမင်းမဟော်ကဆိုခြင်းဖြစ်လေသည်။ ထိုနိဂုံးကို သေချာပြန်ကြည့်ရာတွင် ဆရာမင်းမဟော်ရေးသလို ပညာရာမမထေရ်ရေးသည်ဟုဆိုခြင်းမဟုတ်ဘဲ ပညာရာမမထေရ်၏ သားနှင့်တူသောမထေရ်တစ်ပါးက ရေးသားခဲ့သည်ကို ဆိုခြင်းသာဖြစ်သည်။ ဆရာမင်းမဟော်သည် ထိုနိဂုံးကို သေချာစေ့ငုစွာမကြည့်မိဘဲရေးခဲ့သဖြင့် ပမာလေခဖြစ်ကာ မှားယွင်းခဲ့သည်ဟု ထင်သည်။ ထိုသို့ဆိုလျှင် တောင်တွင်းလာပျို့အဖြေကျမ်းရေးသူမှာမည်သူနည်း။ ထိုအဖြေကို ရှာရပေမည်။ တောင်တွင်းလာပျို့အဖြေကျမ်းနိဂုံး၌ အောက်ပါစာပိုဒ်ကိုတွေ့ရ၏။

"ဥဂ္ဂဝရော၊ မြတ်သော ခြိုးခြံခြင်းလည်းရှိထသော၊ တမောဘိန္နော၊ မောဟတည်းဟူသောအမိုက်တိုက်ကို ပညာတည်းဟူသော လျှပ်စစ်ရောင်ဖြင့် ဖျောက်တတ်ထသော။ မဟာပုညော၊ မြတ်သော ဘုန်းလည်းရှိထသော။ ရမ္မောဘဂ္ဂါ၊ ရာဂကို တဒင်္ဂပဟာန်ဖြင့် ချိုးဖျက်ထသော။ သီတဂူပမာ၊ ချမ်းဧကြည်သော ရေနှင့်တူသော စိတ်ရှိထသော။ ဗဟုညာတော၊ ရှင်လူအများ သိကြားအပ်သော။ ယောထေရော၊ အကြင်ထေရ်၏။ နာမံ၊ အမည်ကို။ ပဥ္စပဒေ၊ ငါးပုဒ်၌။ အာဒိက္ခရံ၊ အစအက္ခရာကို။ ဂဟေတွာ၊ ယူလတ်၍။ သန္တဇနာ၊ သူတော်ကောင်းတို့သည်။ သညာပေန္တု၊ မှတ်လေကုန်လော့။ သောထေရော၊ ထိုငါးပုဒ်အစရသော၊ အမည်ရှိသော မထေရ်သည်။ ကိံအဘယ်ကို။ ကရော၊ ပြုသနည်း။ ဝိသဇ္ဇနံ၊ တောင်တွင်းလာဟူသောကဗျာ၏အဖြေကို။ ကရော၊ ပြုသတည်း" ဟုတွေ့ရသည်။ ဤနိဂုံးတွင် ကျမ်းရေးသူအမည်ကို တိတိကျကျပြထား၏။ သို့သော် ရှင်းရှင်းလင်းလင်း ပြဆိုခြင်း မဟုတ်ဘဲ "ပဥ္စပဒေ၊ ငါးပုဒ်၌။ အာဒိက္ခရံ၊ အစအက္ခရာကို ယူလတ်၍"ဟု ပဟေဠိဆန်စွာ ရေးသားထားသည်။ ဆိုလိုသည်မှာ ငါးပုဒ်၏ အစအက္ခရာငါးလုံးသည် တောင်တွင်းလာပျို့အဖြေကျမ်းရေးသူ၏အမည်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ထိုသို့ဆိုလျှင် ထိုငါးပုဒ်ကားအဘယ်နည်း။ အထက်တွင်ပြဆိုခဲ့သော တောင်တွင်းလာပျို့အဖြေကျမ်းနိဂုံး၌ တောင်တွင်းလာပျို့အဖြေကျမ်းဆရာသည် သူ၏ ဂုဏ်ပုဒ်ငါးခုကိုပြဆိုထား၏။ ဂုဏ်ပုဒ်ငါးခုမှာ ဥဂ္ဂါဝရော၊ တမောဘိန္နော၊ မဟာပုညော၊ ရမ္မောဘဂ္ဂါ၊ သီတူပမောတို့ဖြစ်၏။ ထိုငါးပုဒ်မှအစ ငါးလုံးကို ဆွဲထုတ်ကြည့်လျှင် ၁။ ဥဂ် ၂။ တ ၃။မ ၄။ရမ် ၅။ သီဟူ၍တွေ့ရ၏။ အဖြေမှာ ရှင်းသွားပေသည်။ ကျမ်းရေးသူမှာ ဥဂ်တမရမ်သီဖြစ်၏။ ဥဂ်တမရမ်သီသည် ဥတ္တမရံသီကို ဆိုခြင်းဖြစ်၏။

ထို့ကြောင့် တောင်တွင်းလာပျို့အဖြေကျမ်းရေးသူမှာ ပညာရာမ မထေရ်၏ သားနှင့်တူသောတပည့်ဖြစ်သည့် ရှင်ဥတ္တမရံသီပြုစုခြင်းဖြစ်ပေသည်"ဟု ရှင်းလင်းစွာသိရပေသည်။ ဤကဲ့သို့ ပဟေဠိဖြင့် ရေးဖွဲ့သည်ကိုသတိမမူဘဲ ဆရာကြီးဦးဖေမောင်တင်နှင့် ဆရာမင်းမဟော်တို့သည်တောင်တွင်းလာပျို့အဖြေကို ဆားလင်းဆရာတော်ရေးသည်၊ ပုညာရာမ မထေရ်ရေးသည်ဟု ဆိုခဲ့ကြခြင်းဖြစ်သည်။ တောင်တွင်းလာပျို့နိဂုံး၌ပါသော ပဟေဠိစကားကို သတိမမူခဲ့၍ မှားခဲ့ကြခြင်းဖြစ်သည်။ တောင်တွင်းလာပျို့အဖြေကျမ်းရေးသူ ရှင်ဥတ္တမရံသီသည် ရှင်မဟာသီလဝံသက တောင်တွင်းလာပျို့ကို ပဟေဠိဆန်စွာရေးဖွဲ့ထားသကဲ့သို့ သူသည်လည်း သူ၏ အမည်ကို ပဟေဠိဆန်စွာရေးဖွဲ့ထားခဲ့ခြင်းဖြစ်သည်။ ယခု ထိုပဟေဠိကိုသတိမူမိသဖြင့် တောင်တွင်းလာပျို့ အဖြေကျမ်းရေးသူ၏ အမည်မှန်ကို သိလာရပြီဖြစ်ပေသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၉၉၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၉၉၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၉၃၃၄၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၉၉၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တန့်ဆည်မြို့နယ်အတွင်း မိုးစပါး ဧက ၉၀၀၀၀ ကျော်စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့အထိ ဧက ၆၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးများ သတ်မှတ်လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာ၊ မျိုးကောင်းမျိုးသန့်စပါးတွေရရှိစေဖို့နဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံ တောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ မိုးစပါးများ အချိန်မီ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး အသိပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်တွင် ဒေသထွက်နာနတ်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

ရေကြည် ဩဂုတ် ၂၁

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် နာနတ်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည် မြို့နယ်မှ သစ်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နုနုအေးက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် လက်ရှိ ဩဂုတ်လ ပထမပတ်မှ ယနေ့ထိ ဒေသထွက်နာနတ်သီးများအရောင်း အဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် နာနတ်သီး တစ်တင်းခွဲဝင် တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ထိဈေးပေါက် နေကြောင်း သိရသည်။

"နာနတ်သီးက စိုက်ရတာလဲ လွယ်ကူတာကြောင့် တောင်သူ တွေအတွက် အစစအရာရာအဆင်ပြေပါတယ်။ ရေကြည်မြို့နယ်က ထွက်တဲ့ ဒေသထွက်နာနတ်သီး တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခု ဩဂုတ်လ ပထမပတ်လောက်ကတည်းက အရောင်းအဝယ် ကောင်းမွန်နေတာပါ။ လက်ရှိဒေသထွက် နာနတ်သီး တွေက ဒေသဈေးကွက်မှာကို အရောင်းအဝယ်ကောင်းနေတာပါ။ အခုလိုနာနတ်သီးပေါ်တဲ့အချိန် အဝယ်လိုက်နေတော့ စိုက်ပျိုးတဲ့ သူတွေအနေနဲ့ အဆင်ပြေပါတယ်။ နာနတ်ပင်တွေကို မြေအောက်ရေအစိုဓာတ်များများရရှိတဲ့နေရာတွေမှာ စိုက်ပျိုးတာဖြစ်ပါတယ်။ နာနတ်ပင်တွေကို စိုက်ခင်းများအဖြစ်နဲ့ကော သီးညှပ်သီးနှံအဖြစ်နဲ့ပါ စိုက်ပျိုးကြပါတယ်"ဟု ရေကြည်မြို့နယ်မှ သစ်သီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နုနုအေးက ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဒေသခံများသည် စပါးစိုက်ပျိုးသည့် လုပ်ငန်းနှင့်ယှဉ်တွဲပြီး နာနတ်ပင်များကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိစိုက်ပျိုးကြကြောင်း၊ အဆိုပါ ဒေသထွက် နာနတ်သီးများသည် အရည်သွေးကောင်းပြီး ရက်ရှည်အထားခံသည့်အတွက် တစ်ဆင့်ပြန်လည်ရောင်းချသူများနှင့် စားသုံးသူများက အထူးကြိုက်နှစ်သက်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# အောင်မြင်စေဖို့ ကြိုးစားစို့

\- အကြောင်းအကျိုးကို စဉ်းစားလို့
အငြင်းမပွားနှင့် လူငယ်တွေ၊
သင့်တော်ရာ ခရီးလမ်း
လျှောက်လှမ်းစို့လေ၊
လောကဓံက လှိုင်းထန်စေ
မဆိုင်းအမှန်မသွေ လျှောက်ကာလှမ်း၊
ကြိုးစားသူ ပန်းတိုင်ရောက်လို့
လှမ်းကိုင်ဖို့မှန်း။

\- ဘဝတာ ခရီးလမ်း
မညည်းစတမ်း လျှောက်လှမ်းပါ၊
ဖွဲလုံ့လကို အဖော်ပြု
ရှေးရှုလျှောက်ကာ၊
သတိအသိ ဆားပမာ
ဘယ်အခါမှ မမေ့နှင့်၊
ဉာဏ်ပညာ စိတ်မှာစွဲတော့
ရောက်မြဲအမြင့်။

\- ပညာမြင့်လျှင် လူမျိုးတင့်လို့
ကမ္ဘာ့စင်မြင့် နေရာယူ၊
ပညာကို ကြိုးစားကြ
တိုးပွားစံနမူ၊
ကြိုးစားသူတိုင်း အောင်လံထူ
တိုင်းဇမ္ဗူ ကျော်ကြား၊
ဘဝပန်းတိုင် လှမ်းကိုင်လို့
စွမ်းဆောင်စို့လား။ ။

ရွှေတိုး(ထုံးဘို)

# ကဝမြို့နယ် ဖလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ကဝ ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ဖလေးကျေးရွာအုပ်စု ဖလေးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့်ဝန်ထမ်းများက ဖလေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကိုဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ဖလေးကျေးရွာ၌ အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နိုင်မှုကြောင့် ဖလေးကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာတင်ပို့ရောင်းချနိုင်ပြီး လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

အေးမြတ်

## နိုင်ငံတကာ သတင်းများ

# အသက် ၁၁၆ နှစ်အရွယ် ဂျပန်အမျိုးသမီး ကမ္ဘာ့အသက်ကြီးဆုံးလူပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံရ

တိုကျို ဩဂုတ် ၂၁

အသက် ၁၁၆ နှစ်အရွယ်ဂျပန်အမျိုးသမီးတစ်ဦးကို ကမ္ဘာ့အသက်အကြီးဆုံးလူပုဂ္ဂိုလ်အဖြစ် တရားဝင်သတ်မှတ်ရန် ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့က စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့ အသက်အကြီးဆုံးလူပုဂ္ဂိုလ်အဖြစ် ဂင်းနစ်စံချိန်တင်ထားသော စပိန်နိုင်ငံသူ မာရီယာ ဘရန်းယက်စ်မိုရီရာသည် ဩဂုတ် ၁၉ ရက်တွင်ကွယ်လွန်ခဲ့ပြီးနောက် အသက် ၁၁၆ နှစ်အရွယ် ဂျပန်အမျိုးသမီးကိုကမ္ဘာ့အသက်အကြီးဆုံးလူပုဂ္ဂိုလ်အဖြစ် သတ်မှတ်ရန် ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့က စီစဉ်ထားခြင်းဖြစ်သည်။

တိုမီကိုအီတိုကာ အမည်ရှိ အဆိုပါ ဂျပန်အမျိုးသမီးသည် ၁၉၀၈ ခုနှစ် မေ ၂၃ ရက်တွင် မွေးဖွားခဲ့သူဖြစ်ပြီး လက်ရှိတွင် ဂျပန်နိုင်ငံအနောက်ပိုင်း အရှီယာမြို့၌ နေထိုင်နေသူဖြစ်သည်။

တိုမီကိုအီတိုကာအားမွေးဖွားခဲ့ချိန်သည် အမေရိကန်နိုင်ငံမှရိုက်ညီနောင်တို့က ဥရောပနှင့် အမေရိကန်သို့ ၎င်းတို့ တည်ဆောက်ထားသည့်လေယာဉ်ကို ပထမဆုံး စတင်ပျံသန်းပြခဲ့ချိန်ဖြစ်ကြောင်း သိရသည်။

အီတိုကာသည် အသက် ၇၀ ဝန်းကျင်တွင် အမြင့် ၃၀၆၇ မီတာရှိသော မောင့်အွန်တာကီတောင်ကို နှစ်ကြိမ်ထိတက်ရောက်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ရုရှားသမ္မတပူတင် ၁၃နှစ်အတွင်း ချေချင်းညာဒေသသို့ ပထမဆုံးအကြိမ်သွားရောက်



မော်စကို ဩဂုတ် ၂၁

ရုရှားသမ္မတပူတင်သည် ၁၃ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ချေချင်းညာဒေသသို့ ဩဂုတ် ၂၀ ရက်တွင်သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း ရုရှားသမ္မတပူတင်သည် ချေချင်းညာဒေသခေါင်းဆောင် ရမ်ဇန်ကာဒီရော့ဗ်နှင့်အတူ ယူကရိန်းစစ်မြေပြင်သွားရောက်ရေးအတွက် ပြင်ဆင်နေသော ချေချင်းညာတပ်ဖွဲ့ဝင်များနှင့် အပျော်တမ်းတပ်ဖွဲ့ဝင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံအနောက်ပိုင်း ခုရ်(စ်)နယ်မြေကို ယူကရိန်းတပ်ဖွဲ့ဝင်များ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ရက်သတ္တ နှစ်ပတ်အကြာတွင် ချေချင်းညာဒေသသို့ ရုရှားသမ္မတပူတင် သွားရောက်ခဲ့ခြင်းဖြစ်သည်။

ချေချင်းညာ ခရီးစဉ်အတွင်း သမ္မတပူတင်သည် ချေချင်းညာဒေသ ဂူဒါမက်မြို့ရှိ ရုရှားအထူးတပ်ဖွဲ့လေ့ကျင့်ရေးတက္ကသိုလ်၌ ယူကရိန်းသို့စစ်ထွက်ရန် ပြင်ဆင်နေသော ချေချင်းညာတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၂ ခုနှစ်မှစ၍ ယင်းစစ်ပွဲတွင် ချေချင်းညာတပ်ဖွဲ့ဝင်ဦးရေ ၄၇၀၀၀ ကျော်ပါဝင်တိုက်ခိုက်ခဲ့ပြီး ၎င်းတပ်ဖွဲ့ဝင်များအတွင်း အပျော်တမ်းတပ်ဖွဲ့ဝင်ဦးရေ ၁၉၀၀၀ ခန့်လည်း ပါဝင်သည်ဟု ချေချင်းညာခေါင်းဆောင် ကာဒီရော့ဗ်က ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ထိုင်းနိုင်ငံ၌တွေ့ရှိသော မျောက်ကျောက်ရောဂါပိုးမျိုးကွဲက ပိုမိုကူးစက်ပျံ့နှံ့လွယ်နိုင်ဟုဆို

ဗန်ကောက် ဩဂုတ် ၂၁

ထိုင်းနိုင်ငံ၌ ပထမဆုံးမျောက်ကျောက်ရောဂါပိုး ကူးစက်ခံရသူကိုတွေ့ရှိကြောင်းနှင့် ထိုရောဂါပိုး၏မျိုးကွဲသည် ပိုမိုကူးစက်ပျံ့နှံ့လွယ်နိုင်ကြောင်း ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနက ယနေ့တွင်ထုတ်ပြန်ထားသည်။

အဆိုပါမျောက်ကျောက်ရောဂါပိုးကူးစက်ခံရသူသည် အာဖရိကမှလေယာဉ်ဖြင့် ရောက်လာခြင်းဖြစ်ကြောင်း၊လေယာဉ်ပေါ်တွင် ၎င်း၏အနီးရှိနေသောခရီးသည် ၄၃ ဦး၏ကျန်းမာရေး အခြေအနေများကို အနီးကပ် စောင့်ကြည့်နေကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လူနာသည် အသက် ၆၆ နှစ်ရှိ ဥရောပနိုင်ငံသား တစ်ဦးဖြစ်ပြီး ထိုင်းနိုင်ငံ၌နေထိုင်ကာ အာဖရိကနိုင်ငံ၌ အလုပ်လုပ်သူဖြစ်သည်။ ၎င်းသည် ဩဂုတ် ၁၄ ရက်တွင် အာဖရိကမှ ထိုင်းနိုင်ငံသို့ပြန်ရောက်လာခြင်းဖြစ်သည်။

ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ထိုအမျိုးသားအနေဖြင့် ဖျားခြင်း၊ အနီဖုများပေါက်ခြင်းတို့ ခံစားရသောကြောင့် ဆေးရုံသို့သွားရောက်စစ်ဆေးရာ မျောက်ကျောက်ရောဂါ ကူးစက်ခံထားရသည်ကို တွေ့ရသည်။

လက်ရှိဓာတ်ခွဲစမ်းသပ်မှုများအရ ထိုအမျိုးသားကူးစက်ခံရသော ရောဂါပိုးက အလွယ်တကူကူးစက်ပျံ့နှံ့မှုမရှိနိုင်သော Clade 2 အမျိုးအစားမဟုတ်သည်ကို တွေ့ရသည်။

ထို့ကြောင့် မျိုးရိုးဗီဇအသေးစိတ်စစ်ဆေးမှုများကို လုပ်ဆောင်လျက်ရှိရာ ထိုရောဂါပိုးမျိုးကွဲသည် ကူးစက်ပျံ့နှံ့ရန် ပိုမိုလွယ်ကူသော Clade 1bအမျိုးအစားဖြစ်နေနိုင်သည်ဟု ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။ အတည်ပြုထုတ်ပြန်ချက်ကိုမူ ဩဂုတ် ၂၃ ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်သည်။ သို့သော် ထိုမျိုးကွဲသည် ကိုဗစ်-၁၉ ရောဂါလောက်စိုးရိမ်ရန်မလိုကြောင်း တာဝန်ရှိသူများက ပြောထားသည်။

Ref : BP
Trs : KH

# ပါကစ္စတန်ခရီးသည်တင်ဘတ်စကားတိမ်းမှောက် ခရီးသည် ၂၈ ဦးသေဆုံးပြီး ၂၃ ဦးဒဏ်ရာရ

တီဟီရန် ဩဂုတ် ၂၁

ပါကစ္စတန်နိုင်ငံသားဘုရားဖူးခရီးသည်များ လိုက်ပါလာသည့် ခရီးသည်တင်ဘတ်စကားတစ်စီး ဩဂုတ် ၂၀ရက်က အီရန်နိုင်ငံအလယ်ပိုင်း ယက်ဒ်ပြည်နယ်တွင် တိမ်းမှောက်ခဲ့ရာ ခရီးသည် ၂၈ ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း အီရန်မီဒီယာများက ထုတ်ပြန်ထားသည်။

ပဏာမစုံစမ်းစစ်ဆေးမှုရလဒ်များအရ အဆိုပါခရီးသည်တင်ဘတ်စကားသည် ဘရိတ်စနစ်ချို့ယွင်းမှုကြောင့် တိမ်းမှောက်ခဲ့ရခြင်းဖြစ်နိုင်ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် အီရန်နိုင်ငံဆိုင်ရာပါကစ္စတန်ကောင်စစ်ဝန်ရုံးတာဝန်ရှိသူများကို အချင်းဖြစ်ပွားရာ ယက်ဒ်ပြည်နယ်သို့လာရောက်ရန်ဖိတ်ခေါ်ထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ယင်းမတော်တဆမှုအတွင်း သေဆုံးခဲ့ရသူ ပါကစ္စတန်နိုင်ငံသားများအတွက် ဝမ်းနည်းမိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

မတော်တဆမှုဖြစ်ပွားခဲ့သော ခရီးသည်တင် ဘတ်စကားသည် ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်ဒ်ပြည်နယ် လာကာနာမြို့မှထွက်ခွာလာသည့် ယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ယခုနှစ် ဇူလိုင်လတွင် ဂျပန်သို့ ပြည်ပခရီးသွားဝင်ရောက်မှု စံချိန်တင်မြင့်တက်

တိုကျို ဩဂုတ် ၂၁



ယခုနှစ် ဇူလိုင်လအတွင်း ဂျပန်နိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှုနှုန်းသည် ဒုတိယမြောက်လအဖြစ် ဆက်လက်စံချိန်တင်မြင့်တက်ခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ယခုနှစ် ဇူလိုင်လအတွင်း ဂျပန်နိုင်ငံသို့ စီးပွားရေးအရ သို့မဟုတ် အပန်းဖြေခရီးအစီအစဉ်များအရ ဝင်ရောက်လာခဲ့ကြသော ပြည်ပခရီးသွားအရေအတွက်မှာ ၃ ဒသမ ၂၉ သန်းခန့်ထိ ရှိလာခဲ့ကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများကပြောကြားသည်။

ယခုနှစ် ဇူလိုင်လအတွင်း ဂျပန်နိုင်ငံသို့ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသည်အရေအတွက်မှာ ဒုတိယမြောက်လအဖြစ် ဆက်လက်စံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇွန်လအတွင်းကလည်း ဂျပန်နိုင်ငံသို့ဝင်ရောက်ခဲ့သည့် ပြည်ပခရီးသွားအရေအတွက်မှာ ၃ ဒသမ ၁၄ သန်းထိ စံချိန်တင်မြင့်တက်ခဲ့ပြီးဖြစ်သည်။


ဂျပန်တာဝန်ရှိသူများ၏ အဆိုအရ ယခုနှစ်အတွင်း ဇူလိုင်လထိ ဂျပန်နိုင်ငံသို့ ဝင်ရောက်ခဲ့သော ပြည်ပခရီးသည် အရေအတွက်မှာ ၂၁ သန်းထိရှိကြောင်း သိရသည်။

လက်ရှိ ပြည်ပခရီးသည်ဝင်ရောက်မှုနှုန်းအရ ၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် ဂျပန်နိုင်ငံသို့ဝင်ရောက်မည့်ပြည်ပခရီးသည်အရေအတွက်မှာ ၃၁ သန်းကျော်ထိ ရှိလာနိုင်သည်ဟု ဂျပန်တာဝန်ရှိသူများက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာထက်အဆပေါင်းများစွာကြီးသော လေလွင့်ကြယ်တစ်စင်း ကြောက်ခမန်းလိလိအမြန်နှုန်းဖြင့် နဂါးငွေ့တန်းကြယ်စုကို ဖြတ်သန်းမျောလွင့်နေ



**ဝါရှင်တန် ဩဂုတ် ၂၁**

ကမ္ဘာထက်အဆပေါင်းများစွာကြီးသော လေလွင့်ကြယ်တစ်စင်းသည် ကြောက်ခမန်းလိလိအမြန်နှုန်းဖြင့် နဂါးငွေ့တန်းကြယ်စုကို ဖြတ်သန်း မျောလွင့်နေကြောင်း အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။

အဆိုပါကြယ်ကြီးသည် နဂါးငွေ့တန်းကြယ်စုကိုဖြတ်၍ တစ်နာရီလျှင် မိုင်တစ်သန်းနှုန်းဖြင့် မျောလွင့်နေရာ တစ်ချိန်ချိန်တွင် နဂါးငွေ့တန်းကြယ်စုကို ဖောက်ထွက်သွားနိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အနီရောင်ကြယ်သိမ်တစ်စင်းအဖြစ်ယူဆရသည့် အဆိုပါကြယ်ကို ကမ္ဘာမြေနှင့်အလင်းနှစ် ၄၀၀ ကျော်တွင် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

CWISE J 1249 ဟူ၍အမည်ပေးထားသည့် ၎င်းလေလွင့်ကြယ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေထက် အဆပေါင်း ၂၇၀၀၀ ကျော်ပိုကြီးမားသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

CWISE J 1249 ကြယ်သည် နှစ်စင်းတွဲ ကြယ်စနစ်အတွင်းမှ တွန်းထုတ်ခံခဲ့ရသောကြယ်တစ်စင်းဖြစ်နိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ယူဆထားသည်။

အဆိုပါကြယ်သည် နဂါးငွေ့တန်းကြယ်စုအတွင်းမှ လွင့်ထွက်သွားနိုင်လောက်သည့် အမြန်နှုန်းမျိုးရှိနေသည့် ပထမဆုံးအနီရောင်ကြယ်သိမ်အုပ်စုဝင် ကြယ်တစ်စင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## တရုတ်နိုင်ငံက လွှတ်တင်ထားသည့်ဂြိုဟ်တုငယ်နှစ်စင်း ကနဦးလွှတ်တင်ပြီးချိန်တွင် ပြဿနာများရှိခဲ့သော်လည်း လပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့


**ပေကျင်း ဩဂုတ် ၂၁**

တရုတ်နိုင်ငံက လွှတ်တင်ထားသည့် ဂြိုဟ်တုငယ်နှစ်စင်းသည် ကနဦးလွှတ်တင်ပြီးချိန်တွင် ပြဿနာများရှိခဲ့သော်လည်း ၎င်းတို့၏သတ်မှတ်ပတ်လမ်းဖြစ်သည့် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများအရ သိရသည်။

DRO-A နှင့် DRO-B အမည်ရှိ အဆိုပါဂြိုဟ်တုငယ်နှစ်စင်းသည် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း တရုတ်သိပ္ပံအကယ်ဒမီ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ် အာကာသအေဂျင်စီသည် DRO-A နှင့် DRO-B ဂြိုဟ်တုများကို ယခုနှစ် မတ် ၁၃ ရက်တွင် လောင်းမတ်ချီ-၂ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လောင်းမတ်ချီ-၂ ဒုံးပျံသည်ပြဿနာတစ်ရပ်ကြောင့် အဆိုပါဂြိုဟ်တုနှစ်စင်းကို မူလ



သတ်မှတ်ထားသည့် ပတ်လမ်းပေါ်သို့ မပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုငယ်နှစ်စင်းသည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းတွင် သောင်တင်နေခဲ့ကြဖွယ်ရှိသော်လည်း နောက်ပိုင်းတွင် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

DRO-A နှင့် DRO-B ဂြိုဟ်တုများသည် အနာဂတ်လကမ္ဘာမစ်ရှင်များအတွက် ရည်ရွယ်လွှတ်တင်ခဲ့သည့် နည်းပညာစမ်းသပ်ဂြိုဟ်တုများ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## JUICE ကြာသပတေးဂြိုဟ်စနစ် လေ့လာရေးအာကာသယာဉ် ဩဂုတ် ၁၉ ရက်တွင် လကမ္ဘာကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့

**ပဲရစ် ဩဂုတ် ၂၁**

ဥရောပ အာကာသအေဂျင်စီ၏ JUICE ကြာသပတေးဂြိုဟ်စနစ် လေ့လာရေးအာကာသယာဉ်သည် ဩဂုတ် ၁၉ ရက်တွင် လကမ္ဘာကို အနီးကပ် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဩဂုတ် ၂၀ ရက်သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီ၏အဆိုအရ JUICE အာကာသယာဉ်သည် ဩဂုတ် ၁၉ ရက်တွင် လကို လမျက်နှာပြင်နှင့်မိုင်ပေါင်း ၄၆၅ မိုင်အကွာမှ ဖြတ်ကျော်ခဲ့ကြောင်း သိရသည်။

လကမ္ဘာကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် JUICE အာကာသယာဉ်သည် လကိုဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း ဥရောပ အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

JUICE အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်စနစ် ခရီးစဉ်အတွက် ဒြပ်ဆွဲအားအကူအညီရယူ၍ လကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် JUICE အာကာသယာဉ်သည် ဩဂုတ် ၂၀ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၄၀၀၀ ကျော်အကွာမှတစ်ဆင့်အနီးကပ် ဆက်လက်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဧပြီလတွင် လွှတ်တင်ခဲ့သော JUICE အာကာသယာဉ်သည် ၂၀၃၁ ခုနှစ်တွင် ကြာသပတေးဂြိုဟ်စနစ်အတွင်း စတင်ဝင်ရောက်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများ ပဋိဇီဝဆေးသစ်များ ဖန်တီးရေးအတွက် အဓိကအရင်းအမြစ်များ ဖြစ်လာနိုင်

**နယူးယောက် ဩဂုတ် ၂၁**

လူ့အစာခြေလမ်းကြောင်းစနစ်အတွင်းတည်ရှိနေသော ဗက်တီးရီးယား အစုအဖွဲ့များသည် ပဋိဇီဝဆေးသစ်များ ဖန်တီးရေးအတွက် အဓိကအရင်းအမြစ်များ ဖြစ်လာနိုင်ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများအရ သိရသည်။

အစာခြေလမ်းကြောင်းစနစ်ဗက်တီးရီးယားများမှ ထုတ်ယူထားသည့် မော်လီကျူးများသည် စမ်းသပ်မှုရလဒ်များအရ ပဋိဇီဝဆေးသစ်များ ဖန်တီးရေးအတွက် မမျှော်လင့်ထားသည့် ရလဒ်များ ထုတ်ပေးနိုင်သည်ကို တွေ့ရသည်ဟု အမေရိကန်နိုင်ငံ ပင်ဆယ်ဘေးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများ၏မော်လီကျူးများထဲတွင် အဏုဇီဝရောဂါပိုးများကို ချေမှုန်းနိုင်သည့် ဓာတုဒြပ်ပေါင်းတစ်မျိုး ပါဝင်နေကြောင်း သိရသည်။

ဗက်တီးရီးယားများ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာကို ကမ္ဘာကြီး ရင်ဆိုင်နေရစဉ် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများမှရရှိသော ပရိုတင်းများ၏အာနိသင်ကို အမေရိကန် သုတေသန ပညာရှင်များက ဖော်ထုတ် တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ငါးကလေးဟင်းများ ပုံမှန်စားသုံးခြင်းဖြင့် အမျိုးသမီးများ၏သက်တမ်းကို ဆန့်ထုတ်နိုင်

**တိုကျို ဩဂုတ် ၂၁**

ငါးကလေးကြော်၊ ငါးကလေးကင် စသည့် ငါးကလေးဟင်းများကို ပုံမှန်စားသုံးခြင်းဖြင့် အမျိုးသမီးများ၏ပျမ်းမျှဘဝ သက်တမ်းကို ဆန့်ထုတ်ပေးနိုင်ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ နာဂိုယာတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၃၅ နှစ်နှင့် ၆၉ နှစ်ကြား လူပေါင်း ၈၀၀၀၀ တို့၏ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ တစ်လလျှင် တစ်ကြိမ်မှသုံးကြိမ်ထိ ငါးကလေးဟင်းလျာများကို ပုံမှန်စားသုံးသူ အမျိုးသမီးများသည် ငါးကလေးဟင်းအစားနည်းသူများနှင့် နှိုင်းယှဉ်ပါက လေ့လာမှုစတင်ပြီးနောက် ကိုးနှစ်တာအတွင်း ရောဂါဘယများကြောင့် အသက်ဆုံးပါးနိုင်ခြေ ၃၂ ရာခိုင်နှုန်း ပိုနည်းပါးသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ ငါးကလေးဟင်းလျာ ပုံမှန်စားသုံးမှုသည် အမျိုးသမီးများ၏ပျမ်းမျှဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ရေးအတွက် ရိုးစင်း သော်လည်း ထိရောက်သည့် မဟာဗျူဟာဖြစ်နိုင်ကြောင်း ဂျပန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ခေါင်းမှအမြီးထိ တစ်ကောင်လုံးစား၍ရသည့် ငါးပေါက်ငယ်များတွင် ပါဝင်သော အာဟာရဓာတ်များနှင့်ဓာတုဒြပ်ပေါင်းများသည် အမျိုးသမီးများ၏ ကျန်းမာရေးကို ထိန်းပေးနိုင်ဖွယ်ရှိကြောင်းသုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# အန်ဒါဆင်ကို ဖူလ်ဟမ်အသင်း စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၁**

ဖူလ်ဟမ်အသင်းသည် ယခု အပြောင်းအရွှေ့ကာလတွင် ခြေစွမ်းပြကစားသမားကောင်းများ ခေါ်ယူလျက်ရှိရာ လက်ရှိတွင် ပဲလေ့စ်အသင်း ခံစစ်ကစားသမား အန်ဒါဆင်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ထပ်မံခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ကလပ်အသင်း နှစ်ခုကြား သဘောတူညီမှုတွင် ဖူလ်ဟမ်အသင်းက ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းကို ပဲလေ့စ်အသင်းထံ ပေးချေရမည်ဖြစ်ပြီး ကစားသမား၏ ခြေစွမ်းပြသနိုင်မှုပေါ်မူတည်ကာ အပိုဆုကြေးစတာလင်ပေါင် ငါးသန်းကို ထပ်မံပေးချေရမည်ဖြစ်သော်လည်း မည်သည့်ကာလထိ စာချုပ်ချုပ်ဆိုမည်ကို ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ ခံစစ်ကစားသမားသည် ၂၀၂၁ ခုနှစ်က လိုင်ယွန်အသင်းမှ ဖူလ်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့်လာရောက်ကစားခဲ့ဖူးပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီ၌ ဖူလ်ဟမ်အသင်းအနေဖြင့် တန်းဆင်းသွားသောကြောင့် ၂၀၂၁ နွေရာသီ အပြောင်းအရွှေ့တွင် လိုင်ယွန်အသင်းမှ ပဲလေ့စ်အသင်းသို့ စတာလင်ပေါင် ၁၉ သန်းဖြင့်ပြောင်းရွှေ့ခဲ့ပြီး ပြိုင်ပွဲစုံ ၁၁၂ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး သုံးဂိုးထိ သွင်းယူနိုင်ခဲ့သည်။

ပဲလေ့စ်အသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၄၀ ဝန်းကျင်ထိ အလိုရှိသော်လည်း အန်ဒါဆင်သည် ယခင်နည်းပြဟောင်း မားကိုစ်ဆေးဗားနှင့် ပြန်လည်လက်တွဲရန် ဆုံးဖြတ်ခဲ့သောကြောင့် အချိန်တိုအတွင်း စတာလင်ပေါင် သန်း ၃၀ ဖြင့်သာ သဘောတူညီမှုရရှိခဲ့ပြီး ယခုအခါ ကစားသမားအနေဖြင့် ဖူလ်ဟမ်အသင်းတွင် ဆေးစစ်မှုခံယူရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Goal.com

Trs : ML




# အားကစားသတင်းအတိုအထွာများ

- ပီအက်စ်ဂျီအသင်းက အတ္တလန်တာအသင်း တိုက်စစ်ကစားသမား လွတ်မန်းကို တစ်နှစ်လုပ်ခ ယူရို ငါးသန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။
- စီးရီးအေကလပ် ကိုမိုအသင်းက မန်စီးတီးအသင်း ကစားသမား ပါရိုးနီကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် အငှားစာချုပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေပြီး စာချုပ်တွင် မန်စီးတီးအသင်းက ကစားသမားကို ပြန်လည်ခေါ်ယူခွင့်ပါရှိမည်ဖြစ်ကြောင်း သိရသည်။
- အေဗီလာအသင်းက မန်စီးတီးအသင်း လူငယ်ကစားသမား တေလာကို ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်တွင် ပြန်လည်ရောင်းချပါက မန်စီးတီးအသင်းက ၂၅ ရာခိုင်နှုန်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- စပိန်တင်းကွင်းလယ်ကစားသမား ဖာနန်ဒက်စ်ကို ဆောက်သမ်တန်အသင်းက ယူရို ၁၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။ ML

# ဟာလန်း၊ရိုဒရီတို့ကိုကျော်ဖြတ်၍ ပရီးမီးယားလိဂ်တစ်နှစ်တာအကောင်းဆုံးဆုကို ဖိုဒန်ဆွတ်ခူး





**လန်ဒန် ဩဂုတ် ၂၁**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုများကို မန်ချက်စတာအော်ပရာဟောက်စ်တွင် ပြီးခဲ့သည့် အင်္ဂါနေ့က ကျင်းပခဲ့ရာ မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဖိုဒန်က တစ်နှစ်တာကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဖိုဒန်သည် အဆိုပါဆုအတွက် အသင်းဖော်ကစားသမား ဟာလန်း၊ ရိုဒရီအပါအဝင် အိုဒီဂတ်၊ ပယ်မာ၊ အိုလီဝက်ကင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရပြီး မဲပေးရွေးချယ်မှုတွင် အများဆုံး ရရှိခဲ့သောကြောင့် အကောင်းဆုံး ဆွတ်ခူးခဲ့ပြီး ကစားသမားဘဝ တစ်လျှောက် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီနှင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတို့တွင် လူငယ်အကောင်းဆုံးဆု အပါအဝင် တစ်နှစ်တာအကောင်းဆုံးဆု သုံးကြိမ်ထိ ရရှိခဲ့သည်။

ဖိုဒန်သည် ပြီးခဲ့သည့် ဘောလုံးရာသီကအသင်းအတွက် ပရီးမီးယားလိဂ်သွင်းဂိုး ၁၉ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ကာ အသင်းအား အမှတ်ပေးဆုဖလားရယူပေးခဲ့သည့်အပြင်၊ ယူအီးအက်ဖ်အေစူပါဖလား၊ ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ ရယူပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသင်းကို ကွာတားဖိုင်နယ်အဆင့်သို့ လည်းကောင်း၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ လည်းကောင်း ပို့ဆောင် ပေးနိုင်ခဲ့သောကြောင့် တစ်နှစ်တာ အကောင်းဆုံးဆုကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

လူငယ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ချဲလ်ဆီးအသင်းကစားသမား ပယ်မာက လည်းကောင်း၊ အမျိုးသမီးတစ်နှစ်တာအကောင်းဆုံးဆုကို မန်စီးတီးအသင်းကစားသမား ရှောက သွင်းဂိုး ၂၁ ဂိုးသွင်းယူ၍ အသင်းကို အမှတ်ပေးဆုဖလားရယူပေးနိုင်ခဲ့သဖြင့် ရရှိခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးတစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကို စပါးအသင်းကစားသမား ဂရေ့စ်ကလင်တန်က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# အစ်ဗှစ်အသင်းက တိုက်စစ်မှူး ဘရိုဂျာကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၁**

ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် အစ်ဗှစ်အသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ချဲလ်ဆီးအသင်း တိုက်စစ်မှူး ဘရိုဂျာကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ကလပ်အသင်း နှစ်ခုကြား သဘောတူစာချုပ်တွင် အစ်ဗှစ်အသင်းသည် ယခုနှစ်ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားခွင့်ရခဲ့ပါက တိုက်စစ်မှူး ဘရိုဂျာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် အပြီးသတ်ဝယ်ယူနိုင်မည်ဖြစ်သည်။

အစ်ဗှစ်အသင်းအနေဖြင့် အဖွင့်ပွဲစဉ်တွင် လီဗာပူးအသင်းကို အိမ်ကွင်း၌ ကစားခဲ့ရသော်လည်း နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် တိုက်စစ်ပိုင်း လိုအပ်ချက်ဖြည့်ဆည်းရန် အစွမ်းကုန်ကြိုးစားခဲ့ရာ အသက် ၂၂ နှစ်ရှိ ချဲလ်ဆီးအသင်း တိုက်စစ်မှူး ဘရိုဂျာကို ခေါ်ယူနိုင်ခဲ့သောကြောင့် တိုက်စစ်ကစားအားကို မြှင့်တင်နိုင်မည်ဟု ယုံကြည်လျက်ရှိသည်။

ဘရိုဂျာသည် ချဲလ်ဆီးအသင်း လူငယ်ကစားအကယ်ဒမီ ကစားသမားတစ်ဦး ဖြစ်သော်လည်း အသင်းကြီးတွင် ပြိုင်ပွဲစုံ ၃၈ ပွဲသာ ပါဝင်ကစားခဲ့ရပြီး ပရီးမီးယားလိဂ်အသင်းများဖြစ်သည့် ဆောက်သမ်တန်အသင်း၊ ဖူလ်ဟမ်အသင်းတို့တွင် အငှားစာချုပ်ဖြင့်သာ သွားရောက်ကစားခဲ့ရပြီးနောက် လက်ရှိတွင် အသင်းကစားသမား ၄၃ ဦးထိ ရှိနေသဖြင့်အပြောင်းအရွှေ့မတိုင်မီ ကစားသမားဦးရေ လျှော့ချရမည်ဖြစ်သောကြောင့် ချဲလ်ဆီးအသင်းက အငှားစေလွှတ်ခဲ့ခြင်းဖြစ်သည်။

အစ်ဗှစ်အသင်းသည် လက်ရှိအပြောင်းအရွှေ့တွင် ဘရိုဂျာအပါအဝင် ကာဂျက်စတီ၊ ကယ်ဗင်ဖီးလစ်၊ ဒီလက်ပ်စသည့် အသင်းကြီးမှ ကစားသမားများကို ခေါ်ယူအားဖြည့်နိုင်ခဲ့ပြီး လာမည့်စနေနေ့တွင် ပရီးမီးယားလိဂ် ပွဲစဉ်(၂)အဖြစ် မန်စီးတီးအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျန်နစ်ခ်ဆင်နာ ဆွတ်ခူး

**အိုဟိုင်းယိုး ဩဂုတ် ၂၁**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့တွင် ကျင်းပခဲ့သည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အီတလီတင်းနစ် ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် အမေရိကန် တင်းနစ် ကစားသမားတီယာဖိုးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၇-၆၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဂျန်နစ်ခ်ဆင်နာသည် မကြာသေးမီက ကျန်းမာရေးပြဿနာကြောင့် ပုံစံကောင်းရရှိရန်ရုန်းကန်ခဲ့ရသလိုလက်စွမ်းပိုင်းမတည်မငြိမ်ဖြစ်ခဲ့ရသော်လည်း ကျန်းမာရေးပြန်လည် ကောင်းမွန်လာခဲ့ပြီးနောက် ပုံစံကောင်းပြန်လည်ရရှိကာ Cincinnati Open တင်းနစ်ပြိုင်ပွဲတွင် အကောင်းဆုံးလက်စွမ်းမျိုးဖြင့် ချန်ပီယံဆုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပမည့် U.S. Open တင်းနစ်ပြိုင်ပွဲတွင်လည်း ဂျန်နစ်ခ်ဆင်နာက ဗိုလ်စွဲရန် ထိပ်ဆုံးမှ ရေပန်းစားလာခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် Cincin-nati Open တင်းနစ်ပြိုင်ပွဲတွင် အခက်အခဲများစွာဖြင့် ရင်ဆိုင်ခဲ့ရသလိုဗိုလ်လုပွဲအဆင့်ကိုတက်လှမ်းခွင့်ရရှိရေးအတွက် ခက်ခဲသည့်ပြိုင်ဘက်များကိုရင်ဆိုင်ခဲ့ရကြောင်း ပြောကြားခဲ့သည်။



ဂျန်နစ်ခ်ဆင်နာက “ကျွန်တော့်အတွက် အရမ်းကိုခက်ခဲတဲ့ရက်သတ္တပတ်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခက်အခဲတွေကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲကိုတက်လှမ်းနိုင်ခဲ့တယ်။ ဗိုလ်လုပွဲအဆင့်မှာ အကောင်းဆုံးစွမ်းဆောင်ပြနိုင်ခဲ့တယ်။ဗိုလ်လုပွဲအဆင့်မှာ စွမ်းဆောင်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်အပေါ်မှာ အပြည့်အဝ အားရကျေနပ်မှုရှိပါတယ်။ ဗိုလ်လုပွဲအဆင့်ပွဲစဉ်နဲ့ ထိုက်တန်တဲ့ စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့တာကိုလည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ဗိုလ်လုပွဲစဉ်ဟာကြံ့ခိုင်မှုပိုင်းကောင်းမွန်ဖို့လိုသလို စိတ်ဓာတ်ပိုင်းဆိုင်ရာမှာလည်း အကောင်းဆုံးပုံစံမှာရှိနေဖို့လိုအပ်တဲ့ပွဲစဉ်မျိုးဖြစ်ပါတယ်။ အဓိက လိုအပ်ချက်နှစ်ခုစလုံး ပြည့်စုံခဲ့ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ ၃၂ သင်းအဆင့်တွင် မြန်မာယူ-၁၂အသင်း FC Zeroအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်

ရန်ကုန် ဩဂုတ် ၂၁

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိနေသည့် U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ ၃၂ သင်း အဆင့်တွင် မြန်မာယူ-၁၂ အသင်းက FC Zeroအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်၊



U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ၌ မြန်မာယူ-၁၂အသင်းသည် အုပ်စုပွဲစဉ်များတွင် ပုံစံကောင်းများပြသနိုင်ခဲ့ပြီး အုပ်စုပထမပွဲစဉ်တွင် Tozuka Football Club Junior အသင်းနှင့်ကစားခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုဒုတိယပွဲစဉ်တွင် Kashima Antlers Norte အသင်းနှင့် ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး မြန်မာယူ-၁၂ အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက FC Basara Hyogoအသင်းနှင့်ကစားခဲ့ရာ နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုသုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ခုနစ်မှတ်ရရှိခဲ့ကာ အုပ်စုပထမဖြင့် ၃၂ သင်းရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ ၃၂ သင်း အဆင့်ပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းတည့် ၁၂ နာရီက မြန်မာယူ-၁၂အသင်းသည် FC Zero အသင်းနှင့် ကစားခဲ့ရာတွင် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရကြောင်း သိရသည်။ STA

## 2024 AFF Shopee Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ထန်ဟွာအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်

ရန်ကုန် ဩဂုတ် ၂၁

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် 2024 AFF Shopee Cup ပြိုင်ပွဲ အုပ်စု(A) အုပ်စုအဖွင့်ပွဲစဉ်အဖြစ်



ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲက ဗီယက်နမ်နိုင်ငံတွင် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က စားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ခြောက်မိနစ်၌ ဘာကာယိုကိုက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက်ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ထန်ဟွာအသင်းက ပိုမိုတိုက်စစ်ဖြင့်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆၁ မိနစ် Rim Ario၊ ပွဲချိန် ၇၃မိနစ်တွင် Yago Ramos နှင့် ပွဲချိန် ၈၇မိနစ်တွင် Luis Antonio တို့က ထန်ဟွာအသင်းအတွက် ချေပဂိုးနှင့်အနိုင်ဂိုးများသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ထန်ဟွာအသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

2024 AFF Shopee Cupပြိုင်ပွဲ အုပ်စု(A)အုပ်စုဒုတိယပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက် အသင်းသည် စက်တင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားကလပ် PSM Makassarအသင်း အိမ်ကွင်းတွင် သွားရောက်ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

## AYA Pay Futsal Championship 2024 ပြိုင်ပွဲ စပွန်ဆာစာချုပ် ချုပ်ဆိုပွဲအခမ်းအနားနှင့် မဲခွဲပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲအတွက် စပွန်ဆာစာချုပ်ချုပ်ဆိုပွဲနှင့် မဲခွဲပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ ဖူဆယ်နှင့် သဲသောင်ပြင်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ AYA Pay မှ တွဲဖက်အမှုဆောင်အရာရှိချုပ် ဦးမြတ်မင်းထင်ကျော်၊ Digital Marketing Head Mr.Ted Patrick နှင့် တာဝန်ရှိသူများ၊ Rhino Sport Wear Myanmar မှ ဒါရိုက်တာ ဦးလှထွန်းကျော်နှင့်တာဝန်ရှိသူများဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများ ကလပ်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါစပွန်ဆာစာချုပ်ချုပ်ဆိုပွဲအခမ်းအနားတွင် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး AYA Pay Futsal Championship 2024 ပြိုင်ပွဲ၏ အဓိကစပွန်ဆာဖြစ်သော AYA Pay နှင့်သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း၊ Kit Sponsor ဖြစ်သော Rhino Sport Wear Myanmar နှင့် သဘောတူစာချုပ်ချုပ်ဆိုခြင်းများကို ပြုလုပ်ခဲ့ကြသည်။

ထို့နောက် AYA Pay Futsal Championship 2024 ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်မဲခွဲပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် လိဂ်(၁) ကလပ်အသင်း ကိုးသင်း၊ လိဂ်(၂) ကလပ်အသင်း ကိုးသင်း၊ မန္တလေးလိဂ်မှ ကလပ်အသင်း နှစ်သင်း၊ ၂၀၂၄ အပျော်တမ်းပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## နွေရာသီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် စိုးပေ ပြင်သစ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၁

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၈ ရက်ထိကျင်းပမည့် ၂၀၂၄ နွေရာသီမသန်စွမ်း အိုလံပစ်အားကစားပြိုင်ပွဲ(Paris 2024 Paralympic Games)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်အားကစားသမား စိုးပေနှင့် အုပ်ချုပ်သူ ဦးမင်းနိုင်ဦး၊ နည်းပြဒေါက်တာထက်ဝေယံတို့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာခဲ့ကြကြောင်း သိရသည်။

နွေရာသီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်သစ်နိုင်ငံသို့ ထွက်ခွာခဲ့သည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး၊ အတွင်းရေးမှူးနှင့်အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် စိုးပေသည် မြန်မာနိုင်ငံ ကိုယ်စားပြုပြီး အမျိုးသား မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ပြိုင်ပွဲ ဆေးအဆင့်(T64) (ဒူးအောက်တစ်ဖက်) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စိုးပေသည်ပြီးခဲ့သည့်လေးနှစ်တာကာလအတွင်း နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခု စုစုပေါင်းဆုတံဆိပ်ကိုးခုရရှိခဲ့သည့်အတွက် ကမ္ဘာ့မသန်စွမ်းပြေးခုန်ပစ်အဖွဲ့ချုပ်နှင့်ကမ္ဘာ့မသန်စွမ်း အားကစားအဖွဲ့ချုပ်တို့က ယခုနွေရာသီ မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## WBC လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ၌ စတီဗင်ဆင်က ကော်ဒီနာနှင့် ထိုးသတ်မည်

နယူးယောက် ဩဂုတ် ၂၁

WBA လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဂါဗွန်တာနှင့် ထိုးသတ်သွားမည်ဟုသတင်းများ ထွက်ပေါ်နေသည့် WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်သည် ဗြိတိန်လက်ဝှေ့ သမားကော်ဒီနာနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဗင်ဆင်နှင့် ဂါဗွန်တာတို့သည် လိုက်ဝိတ်တန်း၏အကောင်းဆုံး လက်ဝှေ့သမားများအဖြစ် သတ်မှတ်ခံထားရပြီး ၎င်းတို့ စိန်ခေါ်ပွဲကို လက်ဝှေ့ လောက၌ စိတ်ဝင်စားလျက်ရှိသော်လည်း စိန်ခေါ်ပွဲ မဖြစ်မြောက်ခဲ့ကြောင်း သိရသည်။

စတီဗင်ဆင်နှင့် ကော်ဒီနာတို့၏ စိန်ခေါ်ပွဲစဉ်ကို အောက်တိုဘာ ၁၂ ရက်တွင် ဆော်ဒီနိုင်ငံရီယာ့ဒ်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ စိန်ခေါ်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံ General Entertainment Authorityအဖွဲ့အစည်းက ဦးစီးကျင်းပသွားမည်ဖြစ်သည်။

General Entertainment Authorityအဖွဲ့အစည်း ဥက္ကဋ္ဌ တာကီအလာရှိခ်က "စတီဗင်ဆင်ဟာ ငယ်ရွယ်ပြီးပါရမီရှိတဲ့လက်ဝှေ့သမားတစ်ဦးပါ။ အရမ်းထူးချွန်တဲ့လက်ဝှေ့သမားတစ်ဦးပါ။အနာဂတ်မှာသူနဲ့အတူအလုပ်တွေတွဲလုပ်ချင်ပါတယ်။ အနာဂတ်မှာသူ့အတွက် ဒီထက်ကောင်းတဲ့ပွဲတွေကို စီစဉ်ပေးချင်ပါတယ်။ ဆော်ဒီနိုင်ငံမှာ လက်ဝှေ့လောကရဲ့ အကောင်းဆုံး စိန်ခေါ်ပွဲတွေကို ကျင်းပနိုင်အောင်လည်း ကျွန်တော်တို့ အကောင်းဆုံးပြင်ဆင်နေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



# စာပေမင်္ဂလာမောင်မယ်စုံတွဲ ဆရာကြီးတက်တိုးနှင့် ဆရာမကြီးနုယဉ်

စာရေးသူသည် စာရေးဆရာ၊ စာရေးဆရာမ မောင်နှံစုံတွဲတို့အကြောင်းရေးသားရန် အလွန်အာသီသ ပြင်းပြလျက်ရှိသည့်အလျောက် ပွဲဦးထွက်အနေဖြင့် ဆရာတက္ကသိုလ်စိန်တင်နှင့် ဆရာမစိမ့်(ပညာရေး)တို့အကြောင်း ရေးသားခဲ့ပါသည်။ စာရေးသူ ရှာဖွေလေ့လာစုဆောင်းထားသော စာပေမောင်နှံမှာ အတွဲ ၂၀ ခန့်ရှိပါသည်။ နာမည်ကျော်သူနှင့် နာမည်မကျော်ကြားသူများလည်း ပါဝင်ပါသည်။

ယခု စာရေးသူတင်ပြရေးသားမည့် စာပေမောင်နှံမှာ စာရေးဆရာကြီးတက်တိုးနှင့် ဆရာမကြီးနုယဉ်တို့ဖြစ်သည်။ သူတို့သည် ၁၉၄၁ ခုနှစ်တွင် အိမ်ထောင်ကျပါသည်။ မင်္ဂလာပွဲကျင်းပသည့်နေရာမှာ ရန်ကုန်တက္ကသိုလ်ဝင်း၊ ပုဂံလမ်း၊ ခြံအမှတ်(၁၄) ဆရာဦးဝန်(ဆရာကြီးမင်းသုဝဏ်)အိမ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ဆရာနှင့်ဆရာမတို့ မေတ္တာမျှနေကြသည်ကို ဒဂုန်မဂ္ဂဇင်းအယ်ဒီတာ ဦးချင်းစိန် (နောင်ရုပ်ရှင်ဒါရိုက်တာကြီး)က သူငယ်ချင်း ဦးဝန်ထံနားဖောက်ကာ စေ့စပ်ကြောင်းလမ်းပြီး သဘောတူခွင့်ပြုချက်ဖြင့် လက်ထပ်ခဲ့ခြင်းဖြစ်သည်။ လက်ထပ်ချိန်တွင် ဆရာတက်တိုးက အသက် ၂၈ နှစ် အရွယ်၊ ဆရာမနုယဉ်က ၂၄ နှစ်အရွယ်ဖြစ်ပါသည်။ သတို့သားနှင့် သတို့သမီးတို့ကို နိုင်ငံကျော်စာရေးဆရာကြီး သိပ္ပံမောင်ဝ(အိုင်စီအက်-ဦးစိန်တင်)နှင့်ဇနီး ဒေါ်ခင်ခင်မြင့်တို့က လက်ထပ်မင်္ဂလာပြုလုပ်ပေးကြသည်။

လက်ထပ်ပွဲသို့ ဆရာကြီး ဦးခင်ဇော် (K)၊ ဆရာဦးချင်းစိန်နှင့်ဇနီး၊ ဆရာဇော်ဂျီနှင့်ဇနီး စသည်ဖြင့် တက္ကသိုလ်အသိုင်းအဝိုင်း စာရေးဆရာများ တက်ရောက်ပါသည်။ ထိုမင်္ဂလာပွဲတွင် စာရေးဆရာကြီးသိပ္ပံမောင်ဝကပင် မင်္ဂလာဩဘာစကား မြွက်ကြားခဲ့ပါသည်။

"ဒီမင်္ဂလာပွဲဟာ မောင်တက်တိုးက ဂန္ထလောကအယ်ဒီတာ၊ မနုယဉ်က ဂန္ထလောကဆောင်းပါးရှင်ဆိုတော့ သူတို့ရဲ့မင်္ဂလာပွဲကို ဂန္ထလောကမင်္ဂလာပွဲလို့ ခေါ်ကြရပါမယ်ခင်ဗျား"ဟူ၍ မင်္ဂလာဩဘာစကား ပြောကြားခဲ့ပါသည်။


မင်္ဂလာပွဲလာဧည့်သည်များကို စာအုပ်လက်ဆောင်ပေးပါသည်။ မင်္ဂလာစာအုပ်အဖုံးကို ပန်းချီဆရာကြီး ဦးဘဂျမ်းက ရေးဆွဲပေးခဲ့သည်။ အမှတ်ရဖွယ်၊ အောက်မေ့ဖွယ်(စာပေအသိုင်းအဝိုင်း)မင်္ဂလာပွဲလေးဖြစ်ပါသည်။

ဆရာတက်တိုးသည် လက်ထပ်စဉ်အခါက ပြန်ကြားရေးဌာန၊ မြန်မာနိုင်ငံဘာသာပြန်ဌာနခွဲ စာတည်းမှူးတာဝန် ထမ်းဆောင်နေစဉ်ဖြစ်ပါသည်။ ဆရာတက်တိုးသည် မကွေးမြို့ဇာတိဖြစ်ပြီး မိဘနှစ်ပါးမှာ ဦးမောင်ကလေးနှင့်ဒေါ်စိန်ညွန့်ဖြစ်သည်။ ဆရာကြီး၏မွေးသက္ကရာဇ်မှာ ၁၉၁၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်ဖြစ်ပါသည်။ ယခုဆိုလျှင် အသက် ၁၁၀ ရှိမည်ဖြစ်သည်။

ဆရာကြီးသည် ငယ်စဉ်ကပင် စာတော်သူဖြစ်ပါသည်။ မကွေး အင်္ဂလိပ်-မြန်မာအထက်တန်းကျောင်းမှ ၁၀တန်းအောင်သည်။ ၁၉၃၈-၁၉၃၉ စာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။ ထိုနှစ်တွင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာနည်းပြဆရာလုပ်သည်။ ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်စုံထောက်မင်းကြီးရုံး စာတော်ပြန်လုပ်သည်။

ဆရာကြီး၏ဘဝကား စာပေနှင့်အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ပါ၏။

| | |
|---|---|
| ၁၉၄၃-၁၉၄၅ | ပညာစွယ်စုံကျမ်း၊ လက်ထောက်စာတည်းမှူး |
| ၁၉၄၅-၁၉၄၇ | ပြန်ကြားရေးဌာန၊ သုတေသနအရာရှိ |
| ၁၉၄၇-၁၉၄၉ | ဟံသာဝတီသတင်းစာအယ်ဒီတာ အိုးဝေသတင်းစာအယ်ဒီတာ |
| ၁၉၄၉-၁၉၅၀ | ပဒေသာမဂ္ဂဇင်းတည်ထောင်သူ အတိုင်ပင်ခံအယ်ဒီတာ |
| ၁၉၅၀-၁၉၅၂ | မြန်မာပြန် သတင်းဌာန စာတည်းချုပ် |
| ၁၉၅၂-၁၉၅၃ | ကွန်ဖင်တေတာ၊ အင်္ဂလိပ်ဘာသာထုတ်စာစောင်ကို ဦးစီးထုတ်ဝေ (နယူးဘားမားဝီးကလီး အယ်ဒီတာအဖွဲ့ဝင်) စာသင်သားဂျာနယ်ထုတ်ဝေ |
| ၁၉၅၃ | စီးပွားရေးသတင်းစာအယ်ဒီတာ |
| ၁၉၅၇ | တက်တိုးနည်းပြသင်တန်းဖွင့် |
| ၁၉၅၇-၁၉၅၈ | နုယဉ်ပုံနှိပ်တိုက်ထူထောင် ကျောင်းသုံးအင်္ဂလိပ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေ |
| ၁၉၅၈-၁၉၆၂ | ပုံနှိပ်လုပ်ငန်း အလွတ်ပညာသင် ကျောင်းလုပ်ငန်းများလုပ်ကိုင် |
| ၁၉၆၃ | မြန်မာသတင်းစဉ်၊နိုင်ငံခြားသတင်း ဌာန အယ်ဒီတာချုပ်(N.A.B) |
| ၁၉၆၉ | ပြန်ကြားရေးဌာန၊ညွှန်ကြားရေးဝန် |
| ၁၉၇၂-၁၉၇၅ | သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းဦးဆောင်ညွှန်ကြားရေးမှူး |
| ၁၉၇၅ | အငြိမ်းစားယူ၍ ပညာရေးဝန်ကြီးဌာန အထူးအရာရှိအဖြစ် ဆောင်ရွက်သည်။ |





ဆရာကြီးတက်တိုး၏ ထင်ရှားသောစာပေဝတ္ထုဘာသာပြန်တို့မှာ အလွန်များပါသည်။ ဆရာကြီးသည် တိုးတက်ရေးမဂ္ဂဇင်း၊ ဘာမားဂျာနယ်၊ နဂါးနီဂျာနယ်၊ ဒီးဒုတ်ဂျာနယ်တို့တွင် ဝတ္ထုဆောင်းပါးများရေးခဲ့သည်။ ဂန္ထလောကမဂ္ဂဇင်းတွင် အင်္ဂလိပ်-မြန်မာဆောင်းပါးများ၊ ဝတ္ထုများရေးခဲ့သည်။ ၁၉၄၀ ပြည့်နှစ် နာမည်ကျော်သူသျှိုမမာတာဟီရီအကြောင်း စာအုပ်ရေးခဲ့သည်။

ပြင်သစ်ဝတ္ထုဆရာကြီး မော်ပါဆွန်း၏ ဝတ္ထုရှည်နှစ်ပုဒ်ကို "မျိုးချစ်ပြည့်တန်ဆာ"အမည်ဖြင့် ဘာသာပြန်ခဲ့သည်။ ပဒေသာမဂ္ဂဇင်းနှင့် သွေးသောက်မဂ္ဂဇင်းတို့တွင် ဝတ္ထုဆောင်းပါးမြောက်မြားစွာ ရေးသားခဲ့ပါသည်။

ဆရာကြီးတက်တိုး၏အကောင်းဆုံးလက်ရာဝတ္ထုများမှာ-

- မိန်းမကိုချစ်လျှင်နှင့် အခြားဝတ္ထုတိုများ (၁၉၄၇)
- အလင်းသို့ လွတ်လပ်ရေးကြိုဆိုမှုစာတမ်း
- စာဆိုမယ် (၁၉၄၈)
- အနုမြူဂုဿျ (၁၉၄၉)
- ခါးကုန်းကြီး၊ မင်းမှုထမ်း (၁၉၅၀) တို့ဖြစ်ပြီး

ဆရာကြီးတက်တိုး၏ မင်းမှုထမ်းဝတ္ထုကို အကောင်းဆုံးကာလပေါ်ဝတ္ထုအဖြစ်ရွေးချယ်၍ စာပေဗိမာန်ဝတ္ထုရှည်ဆု ချီးမြှင့်ခံရသည်။

ဆရာကြီး၏ကလောင်ခွဲများမှာ မောင်လှသွင်(ဘီအေ)၊ တက္ကသိုလ်မောင်တက်တိုး၊ မောင်ဖြူစင်၊ အာဇာနည်တက်တိုး၊ တက္ကသိုလ်အုံးကလေး၊ ဆရာကြီးတို့ဖြစ်သည်။ ဆရာကြီးတက်တိုး၏အမည်ရင်းမှာ ဦးအုံးဖေဖြစ်ပါသည်။ အသက် ၈၉ နှစ် ၁၉၉၈ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာဆု ချီးမြှင့်ခံရသည်။

ဆရာကြီးတက်တိုး၏ဇနီး ဆရာမကြီးနုယဉ်ကိုမူ ကလေးစာပေမိခင်ကြီးဟူ၍ တင်စားခေါ်ဝေါ်ကြသည်။ ဆရာမကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းဇာတိဖြစ်သည်။ အဘ ဦးလွမ်းပင်(မြန်မာ)၊ အမိ ဒေါ်မိ(မွန်/မြန်မာ)ဖြစ်သည်။ ဆရာမကြီး၏မွေးနေ့သက္ကရာဇ်မှာ ၁၉၁၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်ဖြစ်သည်။ မွေးချင်းငါးဦးအနက် အထွေးဆုံးသမီးဖြစ်သည်။ အမည်ရင်းမှာ မယဉ်နုဖြစ်၏။ ဆရာကြီးမင်းသုဝဏ်၏ ညီမအရင်းဖြစ်သည်။

ပညာအရည်အချင်းကား အလယ်တန်းအဆင့်အောင်ပြီး ကျောင်းထွက်ခဲ့ရသည်။ ဆရာမကြီးနုယဉ်သည် စာတော်ပါလျက် ကျောင်းဆက်နေခွင့်မရပါ။ အစ်ကိုကြီးများကို ဦးစားပေးခဲ့ရ၏။ မိမိငယ်စဉ်က သင်ခဲ့ရသော "ချိုးနှစ်ကောင်"ကဗျာလေးကို စိတ်ဝင်စားကာ ကဗျာစတင်ရေးခဲ့ပြီး ရန်ကုန်မြို့ရှိ ဒီးဒုတ်ဂျာနယ်နှင့် ဒဂုံမဂ္ဂဇင်းများသို့ အဆက်မပြတ်ပေးပို့ခဲ့သည်။ ပို့သမျှအရွေးချယ်ခံရသည်။ အသက် ၁၈နှစ်အရွယ် ကုမ္မာရီဝံသာနုအသင်းဝင်ဖြစ်၍ နယ်ချဲ့ဆန့်ကျင်ရေးကဗျာဖြင့် အသင်းကိုဂုဏ်ပြုတေးထပ်ရေးသားခဲ့ပြီး ချီးကျူးခံရသည်။

ဆရာမကြီးနုယဉ်သည် တက္ကသိုလ်မရောက်၊ ဘွဲ့မရသော်လည်း ဘဝကို အရှုံးမပေးပေ။ အနိုင်မခံဘဲကြိုးစားသည်။ ဘွဲ့မရသော်လည်း စာရေးတော်ခဲ့ကြသော ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဇေယျ၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာကြီးပီမိုးနင်း၊ ဒဂုန်ခင်ခင်လေး စသော နာမည်ကျော်စာရေးဆရာကြီးများကို အတုယူအားကျကာ ဘဝတက္ကသိုလ်တွင် ပညာရှာမည်ဟု လူငယ်အားမာန်ဖြင့် စာဖတ်စာရေး လေ့လာဆည်းပူးခဲ့ပါသည်။

အသက် ၂၄ နှစ်အရွယ်တွင် ဆရာတက်တိုးနှင့် လက်ထပ်လိုက်သဖြင့် ဆရာမကြီးဖြစ်ချင်သော စာရေးဆရာမ၊ ကဗျာဆရာမဘဝကို ခင်ပွန်းသည်ထံမှသင်ယူရင်း မမောမပန်း ရှင်လန်းစွာဖြင့် စာပေများကို လေ့လာဆည်းပူးနိုင်ခဲ့ပြီး သတ္တိရှိရှိရဲဝံ့စွာ ကဗျာစာပေကို ရေးသားသီကုံးဖွဲ့နွဲ့နိုင်ခဲ့သည်။ မိမိ၏အစ်ကိုကြီးဖြစ်သူမှာလည်း ဆရာကြီးမင်းသုဝဏ်ဖြစ်နေခြင်းကြောင့်လည်း ဆရာမကြီးနုယဉ်အတွက် အားအင်တစ်ခုအပြည့်ဖြစ်လာရသည်။

၁၉၅၀ ပြည့်နှစ်တွင် အမှတ် (၁)၊ နဝဒေးလမ်း၌ နုယဉ်ပုံနှိပ်တိုက်တည်ထောင်သည်။ ဆရာမကြီးနုယဉ်သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကဗျာ၊ ဝတ္ထု၊ ရုပ်စုံပုံပြင်များထုတ်ဝေခဲ့သည်။

- မေ့သည်းချာကလေးကဗျာများ
- ကကြီးခခွေး ရုပ်စုံစာအုပ်
- နုယဉ်ပုံပြင်များ
- ဂရင်းညီနောင် နတ်သမီးပုံပြင်များ
- ကလေးဗုဒ္ဓဝင်
- လူရည်ချွန်ပုံပြင်များ
- အောင်နိုင်သူပုံပြင်များ
- ချစ်စနိုးပုံပြင်များ
- ပစ်တိုင်းထောင်ပုံပြင်များ
- ဂျာအေးပုံပြင်များ
- ထပ်တရာကလေးကဗျာ(အမျိုးသားစာပေဆုရရှိ)
- နှင်းငုံဝေကဗျာ
- ပြည်သားမွန် လူငယ်ပုံဝတ္ထုများ
- ဗုဒ္ဓဝင်ရုပ်စုံကဗျာများ
- ပန်းနှင့်ကြိုးကြာကလေးကဗျာများ
- နိုင်ငံတကာပုံပြင်များ
- လက်ရွေးစင်ပုံပြင်များ
- ထူးဆန်းသောဂျပန်ပုံပြင်

စသည်ဖြင့် ကလေးများအတွက် ကဗျာ၊ ပုံပြင် မြောက်မြားစွာ ရေးသားပြုစုခဲ့သည်။

အချစ်ကြေးမုံဝတ္ထု၊ ရွှေစင်သက်ထားဝတ္ထု၊ နုယဉ်ကဗျာများ၊ (စာပေဗိမာန်ဆုရရှိ)၊ နှင်းဝတ်မှုံဝေဝတ္ထုတိုများ၊ လိမ္မာပါကွယ်ဝတ္ထု၊ ကုမုဒြာကဗျာများ၊ ရေလှိုင်းပြာကဗျာများ(စာပေဗိမာန်ဆုရရှိ)၊ ထုံဝတ်လွှာကဗျာများ(အမျိုးသားစာပေဆုရရှိ)၊ အလှပန်းတစ်ပွင့်နှင့်ပုံဝတ္ထုများ(အင်္ဂလိပ်+မြန်မာ)၊ Nu Yin Poems (အင်္ဂလိပ်+မြန်မာ)၊ ဗုဒ္ဓဝင်ရုပ်စုံ(အင်္ဂလိပ်+မြန်မာ)။ အပျိုမတို့အတွက် ဘဝနီတိပန်းမာလာ၊ စန္ဒကိန္နရီနှင့် နိပါတ်တော်လာ ဇာတ်ဝတ္ထုများသည် စာရေးဆရာမကြီး၊ ကဗျာဆရာမကြီး နုယဉ်၏ စာပေလက်ရာများဖြစ်သည်။

ဆရာကြီးတက်တိုးနှင့် ဆရာမကြီးနုယဉ်တို့ စာပေစုံတွဲဇနီးမောင်နှံသည် နိုင်ငံတော်အတွက်၊ စာပေအတွက် အဖိုးထိုက်ရတနာစုံတွဲတစ်တွဲဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အောင်မြတ်သာနှင့် ထိန်ပင်စောင့်သရဲ ဇာတ်လမ်းကို ဩဂုတ်လအတွင်း Shwe Stream Application မှ ထုတ်လွှင့်မည်



**ရန်ကုန် ဩဂုတ် ၂၁**

ထက် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးသည့် အောင်မြတ်သာနှင့် ထိန်ပင်စောင့်သရဲဇာတ်လမ်းကို ဩဂုတ်လအတွင်း Shwe Stream Application မှ ထုတ်လွှင့်ပြသ သွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာနှင့် ထိန်ပင်စောင့်သရဲ ဇာတ်လမ်းကို ထက် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန (ရာမည)၏ ဝတ္ထုကို ဖိုးကျော် (သန်လျင်) က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ အောင်မြတ်သာ စီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ သည်းထိတ်ရင်ဖို လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေကတော့ မေ ၃၁ ရက်ကတည်းက Shwe Stream YouTube Channel နဲ့ Channel K ရုပ်သံလိုင်းကနေ တစ်ပိုင်းချင်း ထုတ်လွှင့်နေပါတယ်။ ဒီဇာတ်လမ်းကိုတော့ ဩဂုတ်လနောက်ဆုံးပတ်လောက်မှာ Shwe Stream Application ကနေ ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်။ ရွာတစ်ရွာမှာ ညဘက် ရွာသူ၊ ရွာသားတွေ မွေးထားတဲ့ ကြက်တွေပျောက်ပျောက်နေတဲ့အတွက် တစ်ရက်မှာတော့ ရွာသားတွေ ကင်းစောင့်ကြည့်ကြတဲ့အခါ ကြက်တွေကို ဘယ်သူက ခိုးယူ စားသောက်နေတာလဲဆိုတာ သိရှိခဲ့ကြပါတယ်။ ဒါကြောင့် ရွာလူကြီးက အောင်မြတ်သာတို့ကို အကူအညီ တောင်းခံခဲ့ပါတယ်။ အခု တစ်ခေါက်မှာလဲ အောင်မြတ်သာက ထိန်ပင်စောင့်သရဲကို ဘယ်လိုနှိမ်နင်း အနိုင်ယူအုံးမလဲဆိုတာ ရှုစားအားပေးကြပါအုံး" ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အောင်မြတ်သာနှင့် ထိန်ပင်စောင့်သရဲ ဇာတ်လမ်းတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ ဝေလု၊ ကောင်းဟိန်း၊ ငြိမ်းငြိမ်း၊ အမရာမိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ASH**

# SOULM8TE ဇာတ်ကားတွင် မင်းသမီး ကလော်ဒီယာဒူးမစ် ပါဝင်မည်

**နယူးယောက် ဩဂုတ် ၂၁**

Blumhouse ရုပ်ရှင်ကုမ္ပဏီ၏ SOULM8TE အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် မင်းသမီး ကလော်ဒီယာဒူးမစ်ပါဝင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် SOULM-8TE ဇာတ်ကား၌ မင်းသမီး ကလော်ဒီယာဒူးမစ် ပါဝင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

SOULM8TE ဇာတ်ကားသည် ကမ္ဘာကျော် ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သော M3GAN ဇာတ်ကား၏ မူကွဲ ထိတ်လန့်သည်းဖို ဇာတ်ကားသစ်ဖြစ်ကြောင်း သိရသည်။

SOULM8TE ဇာတ်ကားတွင် ကလော်ဒီယာဒူးမစ်သည် မင်းသမီး လိုင်လီဆူလီဗန်၊ မင်းသား ဒေးဗစ်ရိုင်းစဒဲတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် လူသားနှင့်အသိဉာဏ်တုနည်းပညာ (AI) စက်ရုပ်တို့ကြား ဆက်ဆံရေးကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်သည်။

SOULM8TE ဇာတ်ကားကို ဒါရိုက်တာ ကိတ်ဒိုလန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရာဖေးဂျော်ဒန်က ရေးသားပေးထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# ရှယ်ပဲ ဇာတ်လမ်းတွဲကို Hey Play Application နှင့် Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် ဩဂုတ် ၂၁**

ရှယ်ပဲ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၃၁ ရက်တွင် Hey Play Application နှင့် Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြ၍ သိရသည်။

ရှယ်ပဲ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ပြည်ဟိန်းသီဟက ရေးသားထားပြီး စွမ်းပိုင်က ဇာတ်ညွှန်းရေးသားထားကာ မာလာမြိုင်ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ပြည်ဟိန်းသီဟက တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ကြော်ငြာလေးတစ်ခုကို ရိုက်ကူးရင်း စိတ်ကူးရသွားတဲ့ ဟာသဇာတ်လမ်းတွဲလေးပါ။ ကျေးလက်ဒေသက တောင်သူတွေရဲ့ဘဝကို နောက်ခံယူထားတဲ့ ကျေးလက်ဟာသဇာတ်လမ်းတွဲ လေးဖြစ်ပါတယ်"ဟု ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြသည်။




ရှယ်ပဲ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းထွန်း၊ ဂျိုကာ၊ ကေညီ၊ ရွှေအိုး၊ စံလင်း၊ ဖိုးသဲ၊ စူပါလင်း၊ ပေါ်လွင်၊ မေမီကိုကို၊ စိုးမိုးကြည်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး လာမည့် ဩဂုတ် ၃၁ ရက်မှ စတင်ကာ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့ တိုင်း HEY Play Ap-plication နှင့် Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**ASH**

# Launch Hour ၌ သောမတ်မစ်ဒယ်ဒစ်၊ ဖလန်ကမ်းမင်းနှင့်ခရိုင်စတာရိုဒရိဂက်တို့ ပါဝင်မည်

**နယူးယောက် ဩဂုတ် ၂၁**

Launch Hour အမည်ရှိဟာသဇာတ်ကား၌ မင်းသား သောမတ်မစ်ဒယ်ဒစ်၊ ဖလန်ကမ်းမင်းနှင့် မင်းသမီး ခရိုင်စတာရိုဒရိဂတ်တို့ ပါဝင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများအရ သိရသည်။

Launch Hour ဇာတ်ကားသည် စွပ်ပြုတ်ကြိုက်သည့် အိမ်ထောင်သည်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့၏ ဆက်ဆံရေးကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

Launch Hour ဇာတ်ကားကို ဒါရိုက်တာ လာရီဂူတာမင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး Winter State Entertainment ကုမ္ပဏီက ထုတ်လုပ်မည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အော်ရန်ဆက်ဒီးကရေးသားပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Launch Hour ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ကန့်ကြီးထောင့်မြို့နယ် တောဒီကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကန့်ကြီးထောင့် ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် တောဒီကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဉ္ဇာညွန့်၊ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက တောဒီကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သဉ္ဇာညွန့်က ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များအား ကွန်ကရစ်လမ်းကိုအကျိုးရှိစွာ တန်ဖိုးထားအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရန်ပြုပြင်ထိန်းသိမ်းရမည့် နည်းလမ်းများကိုမှာကြားခဲ့ကြောင်း သိရသည်။

တောဒီကျေးရွာ၌ အရှည်ပေ ၈၅၀၊ အကျယ် လေးပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေ ၃၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ **တေဇာလင်း**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts credentials of Ambassador of People's Republic of China to Myanmar



Senior General Min Aung Hlaing receives H.E. Ms. Ma Jia, the newly-accredited Ambassador of the People's Republic of China to Myanmar.

**Nay Pyi Taw August 21**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the credentials of H.E. Ms. Ma Jia, the newly-accredited Ambassador of the People's Republic of China to Myanmar, at the Credentials Hall of the Office of the State Administration Council Chairman, Nay Pyi Taw, at 10 am today.

Afterwards, both sides cordially exchanged views on long-lasting Myanmar-China relations along the history, establishment of a community through thick and thin in accord with the five principles of peaceful co-existence by the two good old friends, deepening of mutual trust and cooperation between the two neighbouring countries, Myanmar's political developments, successful implementation of projects for progress of both nations, based on mutual interest, promotion of defence cooperation, security cooperation, border area peace and stability and resumption of border trade routes, further promotion of multi-sector cooperation between the two countries, Chinese stand in connection with Myanmar on the international front, continuous Chinese support for Myanmar five-point roadmap.

Also present on occasion were SAC Joint Secretary General Ye Win Oo, Deputy Prime Minister Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Zaw Tun Oo.

After the meeting, the Senior General and the PRC Ambassador posed for group documentary photos. 100

# Kawlin District successfully plants over 160,000 acres of monsoon paddy for 2024 season

**Kawlin August 21**

According to records from the Agriculture Department of According to records from the Agriculture Department of Kawlin District, Sagaing Region, 161,223 acres of monsoon paddy have been planted during this year's monsoon crop planting season.

It was planned to cultivate 199,850 acres of monsoon paddy in Kawlin District during the 2024-2025 monsoon crop planting season. As of today, since the planting began in June of this year, 161,223 acres have been successfully planted.

"We planned to cultivate over 190,000 acres of monsoon paddy in Kawlin District during this year's monsoon crop planting season. As of today, over 160,000 acres have been planted. We are providing the necessary technology and quality seeds to meet the target, and we are assisting farmers to ensure timely planting," said U Win Thein, the Head of the Agriculture Department for Kawlin District.

It has been reported that, by township, 97,402 acres in Kawlin Township, 38,182 acres in Wuntho Township, and 25,639 acres in Pinlebu Township have been cultivated, totaling 161,223 acres across Kawlin District.

The planned cultivation area for the 2024-2025 monsoon crop planting season by township includes 99,637 acres in Kawlin Township, 38,989 acres in Wuntho Township, and 61,224 acres in Pinlebu Township, totaling 199,850 acres.

The report also mentioned that the respective township agriculture departments and local farmers are collaborating to ensure that monsoon paddy is planted systematically and without any difficulties during this year's monsoon crop planting season.

In Kawlin District, the Agriculture Department has been providing farmers with agricultural knowledge, including pest prevention measures, minimizing crop losses, and ensuring that harvested paddy is safely stored under cover in a timely manner. They are also working on field-level implementation of agricultural techniques such as selecting high-quality seeds, preventing pest infestations, conducting thorough weeding, removing off-type plants, and using fertilizers appropriately to ensure successful and high-yielding paddy cultivation.

206

# UK public borrowing in July hits higher-than-expected 3.1 bln pounds: ONS

**London August 21**

Public borrowing in the United Kingdom (UK) surged to 3.1 billion British pounds (about 4.03 billion U.S. dollars) in July, marking the highest level for the month since 2021, the Office for National Statistics (ONS) said Wednesday.

The borrowing, the difference between spending and tax income, is 3 billion higher than the projection made by the government's spending watchdog, the Office for Budget Responsibility (OBR). In July 2023, the UK borrowed 1.3 billion to cover the gap between the state's revenue and its spending.

"July borrowing was almost 2 billion pounds higher this year than in 2023. Revenue was up on last year, with income tax receipts in particular growing strongly," said Jessica Barnaby, deputy director for Public Sector Finances of the ONS.

"However, this was more than offset by a rise in central government spending where, despite a reduction in debt interest, the cost of public services and benefits continued to increase," Barnaby noted.

Xinhua

# Mpox vaccination to start "in coming days" as cases surge, says Africa CDC

**Addis Ababa August 21**

The Africa Centers for Disease Control and Prevention (Africa CDC) said mpox vaccination could start "in the coming days" as the number of cases surges across Africa.

Africa CDC Director-General Jean Kaseya, while addressing a special online media briefing Tuesday on the multi-country mpox outbreak in Africa, expressed concern over the rapid spread of the disease across the affected African countries.

He said the specialized healthcare agency of the African Union (AU) is working with international partners and AU members to start mpox vaccination soon.

"We will start in a few days if we are sure that everything is in place. By the end of next week, vaccines will start to arrive in the Democratic Republic of the Congo (DRC) and other countries," Kaseya told reporters.

He said the number of mpox cases in the affected countries has now surpassed 18,910, registering more than 1,400 new cases and 24 related deaths during the previous week alone.

Africa CDC data show that between Jan. 1 and Aug. 13, 12 African countries reported 17,505 mpox cases and 541 deaths.

On Aug. 13, the Africa CDC declared the ongoing mpox outbreak in Africa as a Public Health Emergency of Continental Security, saying that the outbreak "has now crossed borders, affecting thousands across our continent."

Kaseya called for concerted efforts to contain the virus, which has spread rapidly in the most-affected countries.

"An alert is coming from Burundi, the DRC and the Central African Republic, where we see an increase in terms of deaths and cases," he told reporters Tuesday.

Xinhua

# Plan to store 1 million bags of Pawsanhmwe rice as rice reserve of the State


Bags of Rice stockpiled in a warehouse.

**Yangon August 21**

Pawsanhmwe rice will be involved in the list of rice reserve for the State, and a total of one million bag of rice will be stored, according to the Myanmar Rice Federation.

This year, the list of rice reserve for the State will include Emahta and Pawsanhmwe rice. So, the federation will increase storage of 1 million bags of rice, up from 500,000. The newly-designated rice is set for its weigh as 108 lb per bag.

President of the federation U Ye Min Aung stated: "In coming paddy season, Pawsan paddy rice will be set as the rice reserve for the State. Increasing the volume of stored rice aims to ease market instability as well as ensure convenience of people from low-income families. The federation will purchase rice for the reserved one and sell it to departmental personnel and workers from workers from private industries. At present, we sufficiently distribute Emahta rice to the people."

Setting rice reserve of the State and increased storage of rice are being implemented through collaboration of the Ministry of Commerce and the MRF in order to stabilize the rice market and sell rice to low-income families.

The Ministry of Commerce and the federation set one to three bags of rice from export of rice as the rice reserve for the State in the strategic plan. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Eight townships in Yangon Region to operate five small-scale industries in 2024-25 FY

**Yangon August 21**

Five small-scale industries will be operated in eight townships of Yangon Region in 2024-25 financial year, said U Thet Naing Oo, the director of Yangon Region Small-scale Industries Department.

In this regard, tailoring, motorcycle servicing, bakery, restaurant and household electronic repair and maintenance will be operated with technologies and machinery aid for regular operations in Dagon Myothit (North), Thanlyin, Twantay, Hmawby, Hlegu, Taikkyi, North Okkalapa and Htantabin townships of Yangon Region.

U Thet Naing Oo explained: "Yangon Region department will implement 16 projects of small-scale industries this financial year. These projects will cover Dagon Myothit (South), Thanlyin, Twantay and Hlawby townships. These townships will operate tailoring and bakery industries. Likewise, Hlegu, Taikkyi and Hmawby townships will undertake motorcycle maintenance and servicing. Furthermore, North Okkalapa, Hmawby and Htantabin townships will implement the projects of restaurant and tailoring industries. At the same time, Dala, Hmawby and Thanlyin townships will initiate household electronic repair and maintenance."

The aforesaid small-scale industries to be implemented in Yangon Region will contribute to the project of increasing incomes for women, creating jobs for youths, micro- and small-scale enterprises, one region-one project initiative and modern village. ASH


A small-scale industry in operation.

# Nearly 900 acres of maize successfully cultivated in Myinmu Township for 2024 monsoon season

**Myinmu August 21**

According to records from the Agriculture Department of Sagaing District, the planting of 894 acres of seed maize and corn for consumption has been completed during this year's monsoon crop planting season in the Myinmu Township, Sagaing District, Sagaing Region.

It is reported that during the 2024-2025 monsoon crop planting season, the Myinmu Township had planned to cultivate 761 acres of seed maize and 1,059 acres of corn for consumption. From June of this year, cultivation began, and as of today, 652 acres of seed maize and 242 acres of corn for consumption, totaling 894 acres, have been completed.

"The plan for this year's monsoon crop planting season in Myinmu Township was to cultivate over 1,000 acres of seed maize and corn for consumption. As of today, 894 acres have been planted. We are providing education and awareness to ensure the success of these crops and prevent pest infestations," said Daw Thidar Lwin, the Head of the Agriculture Department for Sagaing District.

It is also reported that the Agriculture Department of Myinmu Township will conduct training, field demonstrations, and preventive measures against pests like the Fall Armyworm. They will also promote the integrated pest management system, including the use of pesticides like Neem oil, and the use of ginger and chili pesticides, providing knowledge on agricultural practices to the farmers growing seed maize and corn for consumption this year.

In Myinmu Township, it is noted that one acre of seed maize yields over 50 baskets, with a planting cost of 500,000 Kyats per acre, while one acre of corn for consumption yields 15,000 corns with a planting cost of over 500,000 Kyats per acre. 206

# Yinmabin District finishes cultivation of chilli as monsoon crop

**Yinmabin August 21**

Statistics of Yinmabin District Agriculture Department stated that a total of 644 acres of chilli has been planted in Yinmabin District of Sagaing Region this monsoon.

In 2024-25 monsoon season, the district earmarked 1,095 acres of chilli but local farmers planted 644 acres of crop so far.

Daw Myat Moe Win, Head of Yinmabin District Agriculture Department said: "Local farmers have so far planted 644 acres of chilli against the target of more than 1,000 acres. Chilli plants are thriving in the farms. We urged local farmers to expand their sown acreage."

This year, Yinmabin Township planted 46 acres of chilli, Kani Township 156 acres, Salingyi Towship 420 acres and Pale Township 22 acres, totalling 644.

Staff members of relevant agricultural departments help local farmers with agricultural techniques, prevention of pests, and making natural fertilizers.

With regard to own croplands, farmers need to cost some K1.5 million per acre of chilli plantation and K2.5 million for rented croplands. Chilli can be plunked once every 15 days till six months. Some 100 viss can be yielded per acre at first, and later, each acre of land can produce 400-500 viss per week. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက ပြည်တွင်းထုတ်အကြီးစားကုန်တင်ဒရုန်း စမ်းသပ်အောင်မြင်မှုဗီဒီယိုဖိုင် ပြသခဲ့




တရုတ်နိုင်ငံသည် တရုတ်နိုင်ငံ လေကြောင်း စက်မှုလုပ်ငန်းကော်ပိုရေးရှင်း (AVIC) လက်အောက်ရှိ Xi'an လေကြောင်းစက်မှုလုပ်ငန်းစုမှ တီထွင်ထားသည့် အကြီးစားကုန်တင်ဒရုန်း HH-100 ကို ပြီးခဲ့သောဧပြီလအတွင်း စမ်းသပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါဒရုန်းကို တရုတ်နိုင်ငံ၌ လေကြောင်းနှင့် အာကာသလုပ်ငန်းနယ်ပယ်တွင် ရေပန်းစားသောTengden Industries မှ ထုတ်လုပ်ထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်တွင် ဒရုန်းသည် ပြေးလမ်းတွင် ရပ်နားခြင်း၊ ပျံတက်၊ ပျံဆင်းရန်အတွက် အကြို လေ့ကျင့်မှုများပြုလုပ်နိုင်ခဲ့ပြီး ၂၀၂၄ခုနှစ် ဇွန် ၁၂ ရက်တွင် HH-100 ကုန်တင်ဒရုန်းသည် ပထမဆုံးအကြိမ် ပျံသန်းမှုအောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ အဆိုပါကုန်တင်ဒရုန်း၏ ပျံသန်းလုပ်ဆောင်နေမှုဗီဒီယိုဖိုင်ကို တရုတ်နိုင်ငံက ထုတ်လွှင့်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဒရုန်းသည် ဝေးလံခေါင်သီသော ဒေသများတွင် ကုန်စည်ပို့ဆောင်မှုအတွက် အခြေအနေဖန်တီးနိုင်မှုအခွင့်အလမ်းသစ်များထွက်ပေါ်လာပြီး တရုတ်စစ်ဘက်အတွက် သယ်ယူပို့ဆောင်ရေးနှင့်ဒဏ်ရာရသူများကို သယ်ယူရွှေ့ပြောင်းခြင်းတို့တွင်ပါ အသုံးပြုနိုင်ဖွယ်ရှိနေသည်။ အမြင့်မားဆုံးအလေးချိန် ကီလိုဂရမ် ၂၀၀၀၊ Payload တင်ဆောင်နိုင်မှု အလေးချိန် ကီလိုဂရမ် ၇၀၀ ခိုင်ခံ့သောဒီဇိုင်းဖြင့် ၎င်း ပြည်တွင်းထုတ် ဆန်းသစ်တီထွင်မှုသည် အကျပ်အတည်းနယ်မြေများတွင် မရှိမဖြစ် လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေးပစ္စည်းများပေးပို့ခြင်းများကို အရှိန်အဟုန်နှင့် ထိထိရောက်ရောက် လုပ်ဆောင်နိုင်စေရန် အသင့်ရှိနေပြီဖြစ်သည်။

HH-100 ကုန်တင်ဒရုန်းသည် တစ်နာရီလျှင် ပုံမှန်အမြန်နှုန်း ကီလိုမီတာ ၃၀၀ ဖြင့် အကွာအဝေး ကီလိုမီတာ ၂၀၀၀ ထိပျံသန်းနိုင်ပြီး ဘေးအန္တရာယ်ကျရောက်နေသောဒေသများသို့အစားအစာ၊ဆေးဝါးနှင့် အခြားအရေးပါသောပံ့ပိုးရေးပစ္စည်းများ လျှင်မြန်စွာပို့ဆောင်နိုင်စေမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများသည် သဘာဝဘေးများ ရင်ဆိုင်ရပြီးနောက် အစောဆုံးနာရီများအတွင်း ကယ်ဆယ်ရေး၊ထောက်ပံ့ပေးရေး လုပ်ဆောင်နိုင်ရန် အရေးကြီးသည်။ ၎င်း အကွာအဝေးနှင့် အမြန်နှုန်းစွမ်းရည်သည် ရှိပြီးသား ကုန်တင်ဒရုန်းမော်ဒယ်များစွာကိုကျော်လွန်ကာ အရေးပေါ်လိုအပ်ချက်များကို လျှင်မြန်စွာတုံ့ပြန်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒရုန်းသည် အမြင့်ပေ မီတာ ၅၀၀၀ ထိ ပျံသန်းလုပ်ဆောင်နိုင်မှုစွမ်းရည်သည် သဘာဝဘေးအန္တရာယ် အပြင်းထန်ဆုံးကြုံတွေ့ရလေ့ရှိသည့် ဝေးလံခေါင်သီသောဒေသများသို့ အချိန်မီရောက်ရှိရန်အတွက် အထူးတန်ဖိုးရှိစေသည်။ တောင်တန်းများ သို့မဟုတ် ရေကြီးမှုကြောင့် အဆက်အသွယ်ပြတ်တောက်နေသည့် နေရာဒေသများသို့ HH-100 ကုန်တင် ဒရုန်းဖြင့် လိုအပ်သည့်နေရာများတွင် လိုအပ်ချက်ရှိသည်များကိုဘေးကင်းလုံခြုံ ထိရောက်စွာ ပို့ဆောင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

အဆိုပါနည်းပညာကို မိတ်ဆက်ပြသနိုင်ခဲ့ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တုံ့ပြန်မှုအချိန်ကို သိသိသာသာ လျှော့ချနိုင်ပြီး လူ့အသက်များကို ကယ်တင်နိုင်ကာ အလုံးစုံအကျိုးသက်ရောက်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ HH-100 ကုန်တင် ဒရုန်းတီထွင်မှုသည် လူသားချင်းစာနာထောက်ထားမှုအကူအညီအတွက် နည်းပညာကိုအသုံးချရန် ကြိုးပမ်းအားထုတ်လာခြင်းလည်းဖြစ်ကြောင်း သိရသည်။

**China releases first video of national made heavy cargo drone** ကို ဘာသာပြန်ဆိုထားပါသည်။

## ကနေဒါသို့ AIM-9X Sidewinder နည်းဗျူဟာမြောက်ဒုံးကျည်များရောင်းချရန် အမေရိကန်သဘောတူ

အမေရိကန်နိုင်ငံ ရေသီယွန် RTX ကုမ္ပဏီက ရာနှင့်ချီသော AIM-9X Sidewinder နည်းဗျူဟာမြောက် ဒုံးကျည်များ ဝယ်ယူရန် ကနေဒါနိုင်ငံ၏အစီအစဉ်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောတူခွင့်ပြုပေးခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခန့်မှန်းခြေတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၅ သန်းဖြင့် ဖြစ်နိုင်ခြေရှိသော နိုင်ငံခြား စစ်ဘက်ရောင်းချမှုတွင် AIM-9X Sidewinder ဒုံးကျည် Block II ဗားရှင်း အစင်း ၁၂၀ နှင့် ထိုထက်ပိုမိုအဆင့်မြင့် Block II+ ဗားရှင်း ဒုံးကျည် ၄၈ စင်း ပါဝင်ကြောင်း သိရသည်။

ကနေဒါနိုင်ငံ (Ottawa)သည် AIM-9X Sidewinder လေ့ကျင့်ရေးဒုံးကျည် ၉၆ စင်း၊ လမ်းညွှန်ကိရိယာအစုံ ၂၀၊ ပစ်မှတ်ထောက်လှမ်းရေး Active Optical ကိရိယာများ၊ အင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်မှုများနှင့် အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကိုလည်း ပေးအပ်သွားနိုင်ရေးအတွက် တောင်းဆိုထားသေးသည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏အဆိုအရ အဆိုပါရောင်းချမှုသည် ဒေသတွင်းရန်လိုမှုကို ဟန့်တားရန် ကနေဒါ၏ စွမ်းရည်ကိုအားကောင်းစေမည်ဖြစ်ပြီး ကနေဒါနိုင်ငံ၏ အလုံးစုံကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

၎င်းအဆိုပြုထားသော ရောင်းချမှုသည် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုကို သေချာစေရန်အတွက် အရေးကြီးသော အင်အားစုဖြစ်သည့် NATO မဟာမိတ်နိုင်ငံတစ်ခု၏ စစ်ရေးစွမ်းရည်ကို မြှင့်တင်ပေးခြင်းဖြင့် အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒနှင့် အမျိုးသားလုံခြုံရေးရည်မှန်းချက်များကိုအထောက်အကူ ဖြစ်စေမည်ဖြစ်သည့်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ရေးသားထားသည်။



AIM-9X Sidewinder ဒုံးကျည်သည် တာတိုပစ် ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်အမျိုးအစားဖြစ်ပြီး ယခင်မျိုးဆက်ဟောင်းဖြစ်သည့် AIM-9M ထက် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်များပါရှိသည်။ ၎င်းတွင် မြင့်မားကောင်းမွန်သော off-boresight focal-plane array အာရုံခံကိရိယာနှင့် အဆင့်မြင့်အနီအောက်ရောင်ခြည်တန်ပြန်လုပ်ဆောင်ချက်တို့ ပါဝင်သည်။ ၂၀၁၅ ခုနှစ်တွင် အမေရိကန်တပ်မတော်သည် Sidewinder ဒုံးကျည်၏ Block II အမျိုးအစားကို မိတ်ဆက်ခဲ့ပြီး ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရှောင်လွှဲနိုင်မှုနှင့် ပစ်မှတ်များကို တိုက်ခိုက်မှုစွမ်းရည်များမြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန်ရေတပ်လေကြောင်းစနစ်ကွပ်ကဲမှုဌာနချုပ် အဆိုအရ Block II မျိုးကွဲသည် ပစ်လွှတ်လိုက်သည့်လေယာဉ်နောက်ကွယ်ရှိ ပစ်မှတ်များကိုတိုက်ပွဲဝင်နိုင်စွမ်းရှိမည့် အဆင့်မြင့်အနီအောက်ရောင်ခြည်အာရုံခံကိရိယာတပ်ဆင်အသုံးပြုထားကြောင်း သိရသည်။ RTX သည် F-35 ကိုယ်ပျောက်တိုက်လေယာဉ်အတွက် ရှင်သန်ရပ်တည်နိုင်စွမ်းကို တိုးမြှင့်ပေးနိုင်သည့် Block II+ ဒုံးကျည်ဗားရှင်းထိ တီထွင်ထုတ်လုပ်လာနိုင်ခဲ့သည်။ အသေးစိတ်အချက်အလက်များကိုထုတ်ပြန်ပြောကြားထားခြင်းမရှိသော်လည်း စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် နောက်ဆုံးထုတ် Block II+ ဒုံးကျည်ဗားရှင်းတွင် အထူးပြုလုပ်ထားသောပစ္စည်းကိရိယာများ ပြင်ပဘ်သီးသန့်တပ်ဆင်အသုံးပြုထားသည်ဟုပင်တဂွန်စစ်ဌာနချုပ်မှ ပြောကြားခဲ့ကြောင်း သိရသည်။

**US OKs $265M AIM-9X Sidewinder Tactical Missile Sale to Canada** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဟင်္သာတမြို့နယ်တွင် ပဲလွှမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



**ဟင်္သာတ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်တွင် ပဲလွှမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဦးက ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်တွင် ဩဂုတ်လ ဒုတိယပတ်မှ စတင်၍ ယနေ့ထိ ပဲလွှမ်းဖြူများဝယ်ယူမှု များပြားနေပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ အဆိုပါ ပဲလွှမ်းဖြူများဝယ်ယူမှုများပြားလာခြင်းသည် ဒေသထွက် ပဲလွှမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာပြီး ဒေသထွက်ပဲလွှမ်းဖြူများ လက်ကျန်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ပဲလွှမ်းဖြူတွေကို ဒေသဈေးကွက်အပြင်အခြားနယ်တွေကပါ အဝယ်လိုက်နေပါတယ်။ အခုဩဂုတ်လ ဒုတိယပတ်လောက်ကစပြီး သိသိသာသာ အဝယ်လိုက်နေတာဖြစ်ပါတယ်။ ဒေသထွက် ပဲလွှမ်းဖြူတွေကို ရန်ကုန်ဈေးကွက်ကအဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းလာတာနဲ့အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွှမ်းဖြူအသစ်တွေမထွက်သေးပါဘူး။ ဒေသမှာ ပဲလွှမ်းဖြူက ဆောင်းသီးနှံတွေသိမ်းချိန်မှာအထွက်များပါတယ်" ဟု ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဦးက ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ပဲလွှမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၉၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပိုင်ရှင်များသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲလွှမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းနှင့် စပါး၊ ဆန်စသည့် ဒေသထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဦးထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၂၅၃ ဧက စိုက်ပျိုးပြီးစီး

**ဝက်လက် ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက် မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၂၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၂၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၅၃ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၄၂၂၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၂၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေ စိုက်ပျိုးတာဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက် တောင်သူတွေကို စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။



ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မကွေးမြို့နယ် သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမ အုတ်တံတိုင်းကာခြင်းနှင့်မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့်ဘက်စုံသုံးခန်းမ အုတ်တံတိုင်းကာခြင်းနှင့် မျက်နှာကြက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့်တာဝန်ရှိသူများက သံဘိုရွာသစ်ခေတ်မီ စံပြကျေးရွာ၌ဘက်စုံသုံးခန်းမကို အလျား ပေ ၁၃၀၊ အနံ ၁၂ပေရှိ အုတ်တံတိုင်းကာခြင်းနှင့် အလျား ပေ ၆၀ အနံ ၃၆ ပေ မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုး ရန်ပုံငွေကျပ် ၁၅သန်းဖြင့် ဘက်စုံသုံးခန်းမ အုတ်တံတိုင်းကာခြင်းနှင့် မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်းများကို ဌာန၏ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အိပိုးပိုး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၂၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၂၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ရပ်တည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အပေါ် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံရပ်တည်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေကြာသီးနှံဧက သုံးသန်း တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဝါသီးနှံဧက ခုနစ်သိန်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးကြိုးပမ်း



**နေပြည်တော် ဩဂုတ် ၂၁**

ဆီထွက်သီးနှံနေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး၊ပြည်နယ်ဦးစီးမှူးများ၊ ဆီထွက်သီးနှံအထူးဇုန်တာဝန်ခံများနှင့် ဝါစီမံကိန်းတာဝန်ခံများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် ဧရိယာအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံအမျိုးအစားခွဲခြားစိစစ်ပြီး စိုက်ပျိုးမြေဧရိယာစာရင်းဇယားအမှန်ကို ပြန်လည်စိစစ်ရန်လိုကြောင်း၊စိုက်ပျိုးနိုင်သည့် မြေဧရိယာအားလုံး ကွက်ပြည့်စိုက်ပျိုးလုပ်ကိုင်နိုင်ရေး ကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်းထက် လက်ရှိစိုက်ပျိုးမြေတစ်ဧကချင်းကို အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ပြီး အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်ရရှိရေး အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အချို့ဒေသတွင်ထုတ်လုပ်မှု ကျဆင်းနိုင်သော်လည်း အခြားဒေသများ၏ ထုတ်လုပ်မှုမြှင့်တင်နိုင်ခြင်းဖြင့် တစ်နိုင်ငံလုံး၏ စုစုပေါင်းစိုက်ပျိုးထုတ်လုပ်မှုကို နှစ်အလိုက်တိုးတက်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံအထူးဇုန်များ လျာထားကေပြည့် စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ဆီထွက်သီးနှံ အထူးဇုန်ပြင်ပပုံမှန်စိုက်ပျိုးလျက်ရှိသည့် ဧရိယာအားလုံးပုံမှန်အထွက်နှုန်းအောက် ကျဆင်းမှုမရှိစေရန်ကိုလည်း ကြိုးပမ်းကြရန် လိုအပ်ကြောင်း။

ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြည်တွင်းအထည်အလိပ်စက်ရုံများအတွက် လိုအပ်သည့် ဂွမ်းမွေးအရည်အသွေး ထုတ်လုပ်ပေးနိုင်စေရန် ပြည်ပဝါမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်း စပ်မျိုးချည်မျှင်ရှည်ဝါကို ဝါသီးနှံစိုက်ဧရိယာ၏ ၁၀ ရာနှုန်းစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင် ပြည်တွင်းမျိုး ၈၀ ရာခိုင်နှုန်းနှင့် ပြည်ပမျိုး စပ်မျိုးချည်မျှင်ရှည်ဝါ ၂၀ ရာခိုင်နှုန်းစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာရရှိမှသာ အရည်အသွေးကောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို လက်တွေ့ဖော်ဆောင်နိုင်မည်ဖြစ်၍ ဝါလုပ်ငန်းရှင်များ၊ ဝါကြိတ်စက်ပိုင်ရှင်များ၊ အဝယ်တော်များနှင့် တောင်သူများအကြားA-Grade, B-Grade, C-Grade စသည့် အရည်အသွေးကိုအခြေခံသည့် ဈေးကွက်ဖော်ဆောင်နိုင်ရေးညှိနှိုင်းကြပ်မတ်ပေးရန် လိုအပ်ကြောင်း။

ဝါသီးနှံပန်းတိုင်အထွက် ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အပင်ပြုစုခြင်း၊ ရေသွင်းခြင်း၊ဆွတ်ခူးခြင်းဆိုင်ရာ နည်းပညာပေးခြင်း အသိပညာပေးခြင်းလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝါစေ့ဆီထုတ်လုပ်မှုကို ထိထိရောက်ရောက်အားပေးဆောင်ရွက်ရန်လိုအပ်ပြီး မျိုးစေ့အဖြစ် ပြန်လည်အသုံးပြုသည့်လုပ်ငန်းအား ပြဋ္ဌာန်းထားသည့် မျိုးစေ့ဥပဒေနှင့်အညီ ဆောင်ရွက်ရန်နှင့် စပ်မျိုးဝါစေ့များကိုမျိုးစေ့အဖြစ် ပြန်လည်အသုံးပြုခြင်းမရှိစေရေး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ ယမန်နှစ်က အခြေအနေအမျိုးမျိုးကြောင့် သတ်မှတ်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ခြင်းမရှိသော်လည်း ယခုနှစ်အတွက် သတ်မှတ်ထားသောလျာထားကေပြည့် အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားရန်ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုအပေါ် ဒေသအခြေအနေကိုအခြေခံ၍ ပြန်လည်ကုစားနိုင်မည့် နည်းလမ်းကို တောင်သူများ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ပြည်နယ်ဦးစီးမှူးများ၊ ဆီထွက်သီးနှံအထူးဇုန်တာဝန်ခံများနှင့် ဝါစီမံကိန်းတာဝန်ခံများက ဆီထွက်သီးနှံနေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ဆွေးနွေးတင်ပြကာ ဒုတိယဝန်ကြီးများက လုပ်ငန်းရပ်တစ်ခုချင်းအပေါ် သုံးသပ်ဆွေးနွေး၍ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားကြသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်မှစ၍ နေကြာသီးနှံ ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးဆောင်ရွက်ခဲ့ရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးခြင်းအတွက် ချေးငွေများ ထောက်ပံ့ပေးအပ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေကြာသီးနှံဧက သုံးသန်းတိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းထုတ်ဝါများမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့် ယခင်ကစိုက်ပျိုးခဲ့သည့် ဝါသီးနှံစိုက်ပျိုးဧရိယာပြည့် ဧက ခုနစ်သိန်း ပြန်လည်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူများကို မျိုး၊ နည်းပညာ၊ သွင်းအားစုများ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအစီအစဉ်များ ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄) ကျင်းပ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈)(မူကြမ်း)အား အတည်ပြု

**နေပြည်တော် ဩဂုတ် ၂၁**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အမျိုးသားအဆင့်မဟာဗျူဟာနယ်ပယ်ငါးရပ်မှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူး ငါးဦး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ကိုးဦး၊ အထူးဖိတ်ကြားထားသူနှစ်ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၉-၂၀၂၃)သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် မဟာဗျူဟာ အကောင်အထည်ဖော်မှုကာလ ပြီးမြောက်ခဲ့ပြီးဖြစ်၍ ဒုတိယဝန်ကြီး ဦးဆောင်သည့် အမျိုးသားအဆင့်မဟာဗျူဟာ ပြန်လည်သုံးသပ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး မဟာဗျူဟာအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အမျိုးသားအဆင့် မဟာဗျူဟာ(၂၀၂၄-၂၀၂၈) မူကြမ်းရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါမူကြမ်းကို ယခုအစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ပါကြောင်း၊ မူကြမ်းအတည်ပြုပြီးပါက မဟာဗျူဟာပါရည်မှန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု အားကောင်းကောင်းဖြင့် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် FATF က မြန်မာနိုင်ငံကို ဆုံးရှုံးနိုင်ခြေမြင့်မားပြီး အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့်ဒေသများစာရင်းသို့ ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း၊ FATF ၏ မြန်မာနိုင်ငံအပေါ် လိုက်နာမှုအားနည်းချက် ရှစ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့အနေဖြင့်လည်း တစိုက်မတ်မတ် အားစိုက်ဆောင်ရွက်ခဲ့ကြောင်း၊

၂၀၂၄ ခုနှစ် ဇွန် ၂၈ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေး၏ ထုတ်ပြန်ချက်အရ အလေးထားစိစစ်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့်ဒေသများစာရင်းမှ ပြောင်းလဲပေးခြင်း မရှိကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း တိုးတက်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခြင်းမရှိပါက FATF မှ တိုးမြှင့်အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် စဉ်းစားသွားမည်ဟု ဖော်ပြခဲ့ကြောင်း။

ထို့ကြောင့် တိုးတက်ဆောင်ရွက်မှုများ ပြသနိုင်ရန် FATF ၏ Action Plan တွင် ပါရှိသည့် အချက်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ရန်နှင့် သက်သေခံပစ္စည်း စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေအား အသစ်ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလ မတိုင်မီ တိုးတက်မှုပြသနိုင်ရန် Action Plan တွင် ပါရှိသည့်အချက်များကို သက်ဆိုင်ရာဌာနများအလိုက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အမျိုးသားအဆင့်မဟာဗျူဟာနယ်ပယ် ငါးရပ်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများက မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက်ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ တင်ပြဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) (မူကြမ်း)အား အတည်ပြုခဲ့ကြကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့်နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့်အလုပ်အဖွဲ့ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့က ဆွေးနွေးလိုသည့်အချက်များကို အဆိုပြုတင်ပြကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ညှိနှိုင်းရေးကော်မတီဘက်မှ ဆွေးနွေးလိုသည့်အချက်များကို အဆိုပြုဆွေးနွေးသည်။ ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များနှင့်ပတ်သက်၍ ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့်အချက်များနှင့် နှစ်ဖက်အဆိုပြုချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး ဆွေးနွေးပွဲပထမနေ့ကို ရုပ်နားခဲ့သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်ပြင်ပဌွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ





**နေပြည်တော် ဩဂုတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပသည်။

အဆိုပါ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ MRTV အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဆောင်းပါးပြိုင်ပွဲမှ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများက "နိုင်ငံ့အကျိုးမျှော်ကိုးရည် သန်းခေါင်စာရင်း ကောက်ကြမည်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ "ရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ" ယှဉ်ပြိုင်မှု ပုံရိပ်များ Video Clip ကိုပြသပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က တစ်ဦးချင်း မိတ်ဆက်ကြသည်။

ဆက်လက်၍ "ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ" အစီအစဉ်ကို Round လေးခုဖြင့်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က ပါဝင်ယှဉ်ပြိုင်ဖြေဆိုကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကားပြောကြားရာတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် ယခုအခါ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလည်း မိမိတို့ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပခြင်းဖြစ်ရာ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ရာ လုပ်ငန်းစဉ်ဆောင်ရွက်မှုကို ပြည်သူများ သိရှိနားလည် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ လှုံ့ဆော်တေးများဖြစ်သည့် "သမိုင်းမှတ်တိုင်စိုက်ထူနိုင်ပြီ" တေးသီချင်းနှင့် "ကျေးဇူးပြု၍ ဖြေပေးပါ" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က "ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ"ပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိကြသည့် မကဗျာထက်နိုင်နှင့် မခင်နေခြည်ထွန်းတို့ကိုလည်းကောင်း၊ ပူးတွဲဒုတိယဆုရရှိကြသည့် မောင်အောင်လင်းခန့်၊ မကေသရီစိုးစံနှင့် မနှင်းဧပရယ်မိုးတို့ကိုလည်းကောင်း၊ အထူးဆုရရှိသူ ငါးဦးတို့ကိုလည်းကောင်း ဆုတံဆိပ်၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ လှုံ့ဆော်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ကို ဂုဏ်ပြုလက်မှတ်များပေးအပ်ချီးမြှင့်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းတို့က လက်ခံရယူကြသည်။

ထို့နောက် "နိုင်ငံ့အကျိုးမျှော်ကိုးရည် သန်းခေါင်စာရင်းကောက်ကြမည်" တေးသီချင်းအသစ်တစ်ပုဒ်ကို မေတ္တာဖြင့် တီးခတ်ပေးသော မြဝတီရုပ်မြင်သံကြား တေးဂီတအဖွဲ့နှင့် ၎င်းတေးသီချင်းအား မေတ္တာဖြင့် ရေးစပ်သီကုံးပေးသော ဦးသိန်းရွှေဝင်းတို့ကို ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းအဆင့်) တွင် ဆုရရှိသူ ငါးဦးတို့ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆောင်းပါးပြိုင်ပွဲ (ဝါသနာရှင်အဆင့်)တွင် ဆုရရှိသူ ငါးဦးတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များက ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းနှင့် ဝါသနာရှင်)အဆင့် ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစားရိပ်သာ၌ ဆုရရှိကြသူများ၊ ပြိုင်ပွဲဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းနှင့် ဝါသနာရှင်)အဆင့် ဆုရရှိသူများ၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများသည် နေပြည်တော်၊တပ်ကုန်းမြို့ရှိ မြန်မာအသံနှင့် ရုပ်မြင်သံကြားမှ News Channel Studio နှင့် Farmer's Channel Studio တို့တွင် သတင်းရိုက်ကူးထုတ်လွှင့်မှုများကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခင်းကျင်းပြသထားရှိမှုများကိုလည်းကောင်း စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီတတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ တတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၆)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျွန်းပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက သစ်ပင်များကို သတ်မှတ်နေရာများတွင် ဆက်လက်စိုက်ပျိုးပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက သစ်ပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီ၊ သင်းဝင်၊ ယမနေ၊ ဆီသပြေ၊ ပျဉ်းမ၊ ရင်းမာ၊ တိန်းညက်၊ မာလာလူးကား၊ ပိုလိုနီးယားစုစုပေါင်း သစ်မျိုး ၁၃ မျိုးဖြင့် ပျိုးပင် ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြသည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ မိုးရာသီအတွင်း သစ်တောစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ ကားလမ်းဘေးဝဲယာစိုက်ပျိုးခြင်း၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများတွင် သစ်ပင်စုစုပေါင်း ၂၂ ဒသမ ၆၈၆ သန်း (လျာထားချက်၏ ၁၀၂ ရာခိုင်နှုန်း) စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် ဩဂုတ် ၂၁**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) က ထုတ်ပြန်သည့် မြန်မာနိုင်ငံက ဆောင်ရွက်ရမည့် အချက်တစ်ချက်ဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာအရေးယူမှုနှင့် စပ်လျဉ်းသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ရေးဆွဲခဲ့ကြောင်း၊ ဤပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းနိုင်ပါက ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF)၏ ထုတ်ပြန်ချက်တစ်ချက်ကို ဆောင်ရွက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏တိုးတက်ဆောင်ရွက်မှုကို ပြသနိုင်ခြင်းဖြင့် Counter Measure စာရင်းသို့ ထည့်သွင်းမည့်အပေါ် ကျော်လွှားနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သောအဖွဲ့က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)သည် နိုင်ငံတော်အတွက် ပြဋ္ဌာန်းရန်လိုအပ်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5 ̊C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့်မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျ လျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကိုကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

**ကျန်းမာရေးဝန်ကြီးဌာန**
**ဩဂုတ်လ၊ ၂၀၂၄**

---

## အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား(National Complaint Mechanism-NCM)ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံသည် ILO နှင့်ပူးပေါင်းကာ အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့်ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism–NCM)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး (ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှ တစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com,research.org.dol.mm@gmail.com တို့သို့လည်းကောင်း တိုင်ကြားသူနှင့်အစမ္မခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှအသိပေးကြေညာထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

---

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူတိုင်းသတိပြုကာကွယ် မျောက်ကျောက်ရောဂါအန္တရာယ်

ဘုန်းမောင်ဝင်း(ဖျာပုံ)

နိုင်ငံတကာသတင်းများတွင် မျောက်ကျောက်ရောဂါနဲ့ပတ်သက်တဲ့သတင်းတွေ တွေ့မြင်လာရပါတယ်။ ဩဂုတ် ၂၀ ရက်သတင်းများတွင် ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားသူတစ်ဦးကို ပထမဆုံးတွေ့ရှိကြောင်းဖတ်လိုက်ရပါတယ်။ မျောက်ကျောက်ရောဂါဖြစ်ပွားသူကို ဩဂုတ် ၁၈ ရက်က တွေ့ရှိခဲ့တာဖြစ်ပြီး ယခုအခါမှာတော့ မျောက်ကျောက်ရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၀ ဦးရှိလာပြီလို့သိရပါတယ်။ ယခုမျောက်ကျောက်ရောဂါဖြစ်ပွားတဲ့သူမှာ အသက် ၃၃ နှစ်အရွယ်ရှိပြီး ပြည်ပသို့ ခရီးသွားလာဖူးခြင်းမရှိခဲ့ပါဘူး။ ရောဂါမဖြစ်မီ သီတင်းပတ်သုံးပတ်အလိုက ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးနဲ့ ထိတွေ့မှုရှိထားတယ်လို့ဆိုပါတယ်။

ဩဂုတ်၂၁ ရက် သတင်းများမှာတော့ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှာ မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ၅၇၀ ရှိလာပြီဖြစ်ကြောင်းသတင်းကြားသိလိုက်ရပါတယ်။ ကွန်ဂိုနိုင်ငံမှာ ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားသူဦးရေ ၁၆၇၀၀ ရှိပြီး အဲဒီအထဲကမှ ဦးရေ ၅၇၀ သေဆုံးခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာ မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၅၆၆၄ ဦးနှင့် သေဆုံးသူ ၅၄၈ ဦးသာရှိခဲ့ရာမှာ ယခုသီတင်းပတ်အတွင်း ရောဂါဖြစ်ပွားသူနှင့် သေဆုံးသူပိုမိုမြင့်တက်လာခြင်းဖြစ်ပါတယ်။ ကွန်ဂိုနိုင်ငံမှာ ၂၀၂၂ ခုနှစ်က မျောက်ကျောက်ရောဂါ ဒေသတွင်းကူးစက်သည့်ကပ်ရောဂါအဖြစ် ကြေညာပြီး ကာကွယ်ကုသရေးလုပ်ငန်းတွေဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

အခုအခါမှာတော့ မျောက်ကျောက်ရောဂါဟာ အာဖရိကနိုင်ငံပေါင်း ၁၇ နိုင်ငံကိုသာမက အာဖရိကဒေသပြင်ပနိုင်ငံများကိုပါ ကူးစက်ပျံ့နှံ့နေပြီဖြစ်ကြောင်းသိရှိရပါတယ်။ ကမ္ဘာ့ပြည်သူတွေအနေနဲ့ မျောက်ကျောက်ရောဂါနဲ့ပတ်သက်လို့ သတိပြုနေကြပြီဖြစ်ပါတယ်။ မျောက်ကျောက်ရောဂါဟာ ကိုဗစ်-၁၉ ရောဂါလိုမျိုး ကပ်ရောဂါအသွင်အဖြစ် မိမိတို့နိုင်ငံတွေကို ကူးစက်ပျံ့နှံ့လာမှာကို စိုးရိမ်နေကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်)ရောဂါကို နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (Public Health Emergency of International Concern-PHEIC) အဖြစ် ကြေညာခဲ့ပါတယ်။

လူတိုင်းသည် ကျန်းမာချမ်းသာစွာဖြင့် မိမိတို့၏ လူမှုစီးပွားဘဝများကို ဆောင်ရွက်နေကြရပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ကျန်းမာမှအလုပ်လုပ်နိုင်မည် ဆိုသည့်အတိုင်း ကျန်းမာရေးကောင်းမွန်နေရန် လိုအပ်ပါတယ်။ ကျန်းမာရေးကောင်းမွန်စေရန်မှာ စားသတိ၊ သွားသတိဆိုသည့်အတိုင်း သတိတရားဖြင့် နေ့စဉ်လုပ်ကိုင်သွားလာကြရမှာဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ သတ်မှတ်ချက်တွေအရ မြန်မာနိုင်ငံမှာ မျောက်ကျောက်ရောဂါဖြစ်ပွားနိုင်ခြေနည်းပါးတယ်လို့ဆိုပေမယ့် ပြည်သူအားလုံးက ကြိုတင်ကာကွယ်ခြင်းမှာ ကုသခြင်းပိုမိုကောင်းမွန်တယ်ဆိုစကားအတိုင်း ကြိုတင်ကာကွယ်ခြင်းနဲ့ အနိုင်ယူကြရမှာဖြစ်ပါတယ်။

ယခုလတ်တလောတွင် ပုံမှန်မျောက်ကျောက်ရောဂါဖြစ်ပွားမှုမရှိတတ်သော အချို့နိုင်ငံများ၌ မျောက်ကျောက်ရောဂါမှာ အစုလိုက်အပြုံလိုက်ဖြစ်ပွားနေပါတယ်။ လူအများစုအနေနဲ့ဆေးကုသမှုခံယူရန်မလိုဘဲ အပြည့်အဝပြန်လည်ကောင်းမွန်လာသော်လည်း အချို့သောလူများမှာ ပြင်းထန်သောရောဂါကို ခံစားရနိုင်ပါတယ်။ မျောက်ကျောက်ဆိုတာ မျောက်များမှာ ပထမဆုံးစတင်တွေ့ရှိတာကြောင့် မျောက်ကျောက်ရောဂါလို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။

ယခုအခြေအနေမှာ အများပြည်သူတွေအတွက် ရောဂါကူးစက်မှု အန္တရာယ်နည်းပါးသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုကဲ့သို့အစုလိုက်အပြုံလိုက်ရောဂါဖြစ်ပွားနေမှုကို ဦးစားပေးတုံ့ပြန်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ မျောက်ကျောက်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ သိရှိထားသည့်အချက်များမှာ

**❖ ပြည်သူတွေအနေနဲ့လည်း ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဆိုတဲ့အတိုင်း မိမိတို့တစ်ဦးချင်းစီက ကျန်းမာအောင် နေထိုင်ရမှာဖြစ်သလို သန့်စွမ်းအောင်လည်းလေ့ကျင့်ကြရမှာဖြစ်ပါတယ်။ ကမ္ဘာ့ဒေသအချို့မှာဖြစ်ပွားနေတဲ့ မျောက်ကျောက်ရောဂါအတွက် အစဉ်အမြဲသတိပြုကာ မိမိတို့နိုင်ငံအတွင်း ဝင်ရောက်မလာရေး၊ မိမိတို့တစ်ဦးချင်းဆီသို့ ကျရောက်မလာရေး ကြိုတင်ကာကွယ်ကြရန် ❖**

လျင်မြန်စွာပြောင်းလဲနေပါတယ်။ နေ့စဉ်နဲ့အမျှ ပြောင်းလဲဖြစ်စဉ်များကို ပညာရှင်များကထပ်တိုးလေ့လာနေတယ်လို့ သိရပါတယ်။

မျောက်ကျောက်ရောဂါလက္ခဏာခံစားနေသူနဲ့ အနီးကပ်ထိတွေ့မှုရှိပါက မျောက်ကျောက်ရောဂါကူးစက်ခံရနိုင်ပါတယ်။ အရေပြားခြင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်း၊ ပါးစပ်မှတစ်ဆင့်အရေပြားကိုထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသော အိပ်ရာ၊ မျက်နှာသုတ်ပဝါ၊ အဝတ်အစား သို့မဟုတ် အရာဝတ္ထုများကို ထိတွေ့ခြင်းတို့က ကူးစက်နိုင်ပါတယ်။ ဒါက အမှန်တကယ်ကူးစက်နိုင်တဲ့အခြေအနေပါ။

မျောက်ကျောက်ရောဂါလက္ခဏာနဲ့ပတ်သက်လို့ မျက်နှာ၊ လက်၊ ခြေထောက်၊ ပါးစပ်နဲ့လိင်အင်္ဂါများမှာ အနီကွက်များနဲ့အတူ အရည်ကြည်ဖုများပေါက်နေခြင်း၊ အဖျားရှိနေခြင်း၊ ပြန်ရည်အိတ် (Lymph node)များ ရောင်ရမ်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့် နောက်ကျောနာကျင်ကိုက်ခဲခြင်းနဲ့ အားအင်ကုန်ခန်းခြင်းတို့ဖြစ်ပါတယ်။

သင်ကိုယ်တိုင် သို့မဟုတ် တစ်စုံတစ်ယောက်မှာ မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားနေသည်ဟု သံသယရှိပါက ကျန်းမာရေးဝန်ထမ်းများထံမှ အကြံဉာဏ်ရယူပါ။ ဖြစ်နိုင်လျှင် မိမိအိမ်တွင် သီးသန့်ခွဲခြားနေထိုင်ပါ။ အခြားသူများနှင့် နီးကပ်စွာထိတွေ့မှုကိုရှောင်ကြဉ်ခြင်းဖြင့် ၎င်းတို့ကို မကူးစက်အောင် ကာကွယ်ပေးပါ။ အနီးကပ်ထိတွေ့မှုပြုလုပ်ရမည်ဆိုပါက နှာခေါင်းစည်း(Mask)ဝတ်ဆင်ပါ။ တိုက်ရိုက်ကိုင်တွယ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။ အဲဒီလိုပြုမူခြင်းဖြင့် ရောဂါကူးစက်ခံရသူတွေအနေနဲ့ အခြားတစ်ယောက်ကို လွယ်လွယ်ကူကူ ကူးစက်နိုင်ခြင်းရှိမည်မဟုတ်ပေ။

မျောက်ကျောက်ရောဂါလက္ခဏာခံစားနေရသူနဲ့ အနီးကပ်ထိတွေ့မှုကို ရှောင်ကြဉ်ခြင်းအားဖြင့် မိမိကိုယ်ကို မျောက်ကျောက်ရောဂါကူးစက်ခြင်းမှ ကာကွယ်ရမှာဖြစ်ပါတယ်။ ဒါ့ပြင် မျောက်ကျောက်ရောဂါမဖြစ်ပွားစေဖို့အတွက် ရှောင်ရန်၊ ဆောင်ရန်တွေကိုလည်းသတိပြုလိုက်နာကြရမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ လိင်ဆက်ဆံထိတွေ့ခြင်းအပါအဝင် အရေပြားခြင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်း၊ ပါးစပ်မှတစ်ဆင့် အရေပြားသို့ ထိတွေ့ခြင်းများကို ရှောင်ကြဉ်ပါ။ လက်ဆေးပါ။ အရာဝတ္ထုပစ္စည်း၊ မျက်နှာပြင်၊ အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါနှင့် အဝတ်အစားများကို သန့်ရှင်းရေးပုံမှန်ပြုလုပ်ပါ။ ရောဂါလက္ခဏာခံစားနေရသူ၏ အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါနှင့် အဝတ်အစားများကို ကိုင်တွယ်သည့်အချိန်နှင့် ရောဂါလက္ခဏာခံစားနေရသူများနှင့် အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍ မရပါက နှာခေါင်းစည်းကို ဝတ်ဆင်ပါ။ သင်သည် အခြားသူတစ်ယောက်နှင့် အနီးကပ်ထိတွေ့မှုမပြုမီ ၎င်းထံတွင် ရောဂါလက္ခဏာရှိမရှိ မေးမြန်းပါ။ လိင်ဆက်ဆံချိန်တွင် ကွန်ဒုံးအသုံးပြုခြင်းသည် မျောက်ကျောက်ရောဂါကူးစက်ပြန့်ပွားမှုကို မကာကွယ်နိုင်သော်လည်း လိင်မှတစ်ဆင့် ကူးစက်သည့် ရောဂါအချို့ကို ကာကွယ်နိုင်ပါတယ်။ ဒါတွေကတော့ မျောက်ကျောက်ရောဂါနဲ့ပတ်သက်လို့ သိထားသင့်တဲ့ အကြောင်းအချက်တွေဖြစ်ပါတယ်။

မျောက်ကျောက်ရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ကြောင်းကို ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် စတင်တွေ့ရှိခဲ့ပါတယ်။ ဗဟိုအာဖရိကနှင့် အနောက်အာဖရိကမှာ ပုံမှန်အနေဖြင့်သာ ကူးစက်ဖြစ်ပွားလေ့ရှိပါတယ်။ အဲဒီလိုရှိနေရာမှ ၂၀၂၂ ခုနှစ်တွင် အခြားနိုင်ငံအချို့သို့ပါ ကူးစက်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါအသွင်ဖြစ်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးအပေါ်အခြေအနေ(PHEIC)အဖြစ် သတ်မှတ်ကြေညာ၍ တုံ့ပြန်ဆောင်ရွက်ခဲ့ရာ ဖြစ်ပွားမှုသိသာစွာကျဆင်းလာတဲ့အတွက် ၂၀၂၃ ခုနှစ် မေ ၁၁ ရက်မှာ အရေးပေါ်အခြေအနေမှ ရုပ်သိမ်းခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံနှင့် အာဖရိကတိုက်ရှိ နိုင်ငံများတွင် Mpox(မျောက်ကျောက်)ရောဂါကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်း၊ ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် ရောဂါပိုးမျိုးကွဲအသစ်(Clade Ib) လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီး နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာကူးစက်ပျံ့နှံ့မှုများရှိနေခြင်းတို့ကြောင့် ယခုအခါမှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ် ၁၄ ရက်မှာ Mpox(မျောက်ကျောက်)ရောဂါကူးစက်မှုကို နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ Mpox(မျောက်ကျောက်)ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၉ ရက်က ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင်လည်း Mpox (မျောက်ကျောက်)ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများရှိနေသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ Mpox(မျောက်ကျောက်)ရောဂါကူးစက်ဝင်ရောက်ပြန့်ပွားမှုမရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့သတ်မှတ်ချက်များအရ မြန်မာနိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက် ဖြစ်ပွားနိုင်ခြေ အလွန်နည်းပါးလှတယ်လို့ သိရပေမယ့် နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာပြည်သူများအတွက် ကြိုတင်ပြင်ဆင်ကာကွယ်မှုတွေ လုပ်ဆောင်ထားခြင်းဖြင့် ကာကွယ်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်မှ လက်ရှိအချိန်ထိ လူနာများရဲ့ ဓာတ်ခွဲနမူနာ ၁၂၉ ခုကို ဓာတ်ခွဲစစ်ဆေးခဲ့ရာမှာ မျောက်ကျောက်ရောဂါအတည်ပြုလူနာတွေ့ရှိခြင်းမရှိသေးကြောင်းသိရှိရပါတယ်။ဒါပေမဲ့ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများမှာ ကူးစက်ဖြစ်ပွားမှုတွေရှိနေတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေက မျောက်ကျောက်ရောဂါကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်၊ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုကို နီးနွှယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ၊ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိခြင်း၊ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးနည်းလမ်းများအား ကျန်းမာရေးအသိပညာပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ''တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး''အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ''ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ လူ့အသက်ထက် အရေးကြီးတာမရှိ၊ ဆေးရုံတိုင်းဆရာဝန်ရှိရမည်''ဟူသော နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားတဲ့အတိုင်း ကျန်းမာရေးကဏ္ဍကို ဦးစားပေးအကောင်အထည်ဖော်နေခြင်းဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇူလိုင် ၃၁ ရက်မှာ ကျင်းပတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)တွင် **''ကျန်းမာရေးကဏ္ဍမြှင့်တင်မှုနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျန်းမာရေးအဆင့်အတန်းယခုထက်ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်ဆေးရုံနှင့်အထက်ဆေးရုံများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံးစက်ကိရိယာများဖြည့်တင်းရန်စီစဉ်ဆောင်ရွက်နေကြောင်း၊ ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများတိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ကြောင်း''** ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရအနေနဲ့ မိမိတို့ပြည်သူတွေရဲ့ ကျန်းမာရေးကဏ္ဍကို အထူးအလေးအနက်ထားဆောင်ရွက်နေတယ်ဆိုတာကို ထင်ရှားပါတယ်။ **ပြည်သူတွေအနေနဲ့လည်း ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုတဲ့အတိုင်း မိမိတို့တစ်ဦးချင်းစီက ကျန်းမာအောင်နေထိုင်ရမှာဖြစ်သလို သန်စွမ်းအောင်လည်းလေ့ကျင့်ကြရမှာဖြစ်ပါတယ်။ ကမ္ဘာ့ဒေသအချို့မှာဖြစ်ပွားနေတဲ့ မျောက်ကျောက်ရောဂါအတွက် အစဉ်အမြဲသတိပြုကာ မိမိတို့နိုင်ငံအတွင်း ဝင်ရောက်မလာရေး၊ မိမိတို့တစ်ဦးချင်းဆီသို့ ကျရောက်မလာရေး ကြိုတင်ကာကွယ်ကြရန်ဖြစ်ပါကြောင်း** တိုက်တွန်းရေးသားလိုက်ရပါတယ်။

# အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၁**

အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကော်မတီဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆပ်ကော်မတီအတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများနှင့် စပ်လျဉ်း၍ လုပ်ငန်းစီမံချက်ပါကျူးလွန်သူကို တရားစွဲဆိုခြင်း၊ ကလေးသူငယ်များကို အကာအကွယ်ပေးခြင်း၊ လိုအပ်သောထောက်ပံ့ကူညီမှုများပံ့ပိုးပေးခြင်းတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးလုပ်သားစစ်တမ်း ၂၀၂၃-၂၀၂၄ အစီရင်ခံစာအရ အန္တရာယ်ရှိသောလုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးသူငယ် ၃၉ ဦးကို လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး စိတ်လူမှုပံ့ပိုးမှုများဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အရည်အသွေးပြည့်ဝသော လုပ်သားကောင်းများရရှိစေရေးအတွက်လည်း လူငယ်သင်တန်းကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် သက်မွေးပညာသင်တန်းများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီများမှလည်း ပူးပေါင်းဆောင်ရွက်ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ အသိပညာပေး ဆွေးနွေးပွဲများအနေဖြင့်လည်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်ထိ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ၂၅ ကြိမ်ကို တက်ရောက်သူ ၂၂၁၈ ဦးဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း ကလေးသူငယ်များအတွက် ဆောင်ရွက်ပေးနိုင်သည်များကို ဆွေးနွေးပေးစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဒုတိယ ငါးနှစ် စီမံချက်အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများအပြင် စက်ရုံ၊ အလုပ်ရုံများအပါအဝင် ကလေးသူငယ်များ အလုပ်လုပ်နေသည့်နေရာများထိ သွားရောက်ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများတွင် အသက်မွေးဝမ်းကျောင်းပညာများကို အသုံးချအလုပ်လုပ်နိုင်သည်ထိ အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးရန် အလေးပေးဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လှည်းကူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြို့ကုန်းမြောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူဦးရေ ၈၀ တို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ်၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “MC ZAW MIN” Face-book အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ဇော်မင်းထွန်း(ခ)ပြောင်ကြီးအား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Zin Moe” Face-book အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ သန့်ဇင်မိုးအား မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ “LU LU SWE” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ လုလုဆွေ(ခ)ပန်ပန်အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ “KyawZin Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်နေ ကျော်ဇင်ဝင်း(ခ)ဖိုးသားအား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ “Demo Koko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မောင်ကိုကိုအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ “EI MA MA” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ မမသက်အား ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “AungKyaw MyoMyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဝမ်းတွင်းမြို့နယ်နေ အောင်ကျော်မျိုးအား ည ၈ နာရီခွဲတွင်လည်းကောင်း၊ “အမေ့သားပြည့်ဖြိုး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်နေ ဖြိုးမင်းသန်း(ခ)ပေါလုအား ည ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊“Zar Ni Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ်နေ ဇာနည်စိုးအား ည ၁၁ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများဖြတ်တောက်ခိုးယူသူ အမျိုးသား နှစ်ဦး ဖမ်းဆီးရမိ



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား နှစ်ဦး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ ဩဂုတ် ၂၀ ရက်က လျှပ်စစ်မီးကြိုးများဖြတ်တောက်ခိုးယူသူ အမျိုးသား နှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် ည ၁၀ နာရီခွဲတွင် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်းတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အတွက် သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် ပုဗ္ဗသီရိမြို့နယ် ညဈေးအနီး ဇော်ဂျီလမ်းပေါ်တွင် အမျိုးသားနှစ်ဦး အား မသင်္ကာဖွယ်တွေ့ရှိစစ်ဆေးခဲ့ရာ တပင်ရွှေထီးရပ်ကွက်နေ နေထက်လင်း(ခ)ဘဂျစ် ၁၉ နှစ် (ဘ)ဦးလင်းလင်းနှင့် ကျည်တောင်ကန်(၁)ရပ်ကွက်နေ ရဲထက်ပိုင်(ခ)ညိုလေး ၂၂ နှစ် (ဘ)ဦးညိုကြီး တို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးထံမှ အဖြူရောင်ကြွပ်ကြွပ်အိတ်အတွင်း လျှပ်စစ်မီးကြိုး (ကြေးကြိုး)ဖြတ်စ ၅၀ ကျပ်သားခန့်နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ နေထက်လင်း(ခ) ဘဂျစ်နှင့်ရဲထက်ပိုင်(ခ)ညိုလေးတို့ နှစ်ဦးသည် အဆိုပါလျှပ်စစ်မီးကြိုးများအား ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ဖြတ်တောက်ခိုးယူခဲ့ခြင်းဖြစ်ပြီး ၎င်းပြင် ကွန်ပရက်ဆာ တစ်လုံး၊ မော်တာ တစ်လုံးနှင့် ရေမော်တာ တစ်လုံးတို့ကို ခိုးယူခဲ့ပြီး နေထက်လင်း(ခ)ဘဂျစ်၏ နေအိမ်တွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် သက်သေခံပစ္စည်းများအား သွားရောက်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံ နေထက်လင်း(ခ)ဘဂျစ်နှင့် ရဲထက်ပိုင်(ခ)ညိုလေးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး အမှုရေးဖွင့်ပြီး ဆက်စပ်ပြစ်မှုများ ကျူးလွန်ထားခြင်း ရှိမရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ချမ်းအေးသာစံမြို့နယ်၊ တောင်ကြီးမြို့နှင့် ရွှေညောင်မြို့နယ်တို့တွင် ငွေကျပ် ၂၃၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

ချမ်းအေးသာစံမြို့နယ်၊ တောင်ကြီးမြို့နှင့် ရွှေညောင်မြို့နယ်တို့တွင် ငွေကျပ် ၂၃၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် ည ၆ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက်ရှိ သန်းထွန်းအောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၇၀၅ ပြားနှင့် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၁၂၆ ကီလို၊ ကက်တမင်း သုည ဒသမ ၀၂ ကီလို၊ အိုက်စ် သုည ဒသမ ၁၃၅ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၉ ရက် ည ၆ နာရီခွဲတွင် တောင်ကြီးမြို့၊ ရွှေညောင်မြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု တောင်လေးလုံးကျေးရွာအနီးတွင် ဇော်ဦး(ခ)သက်ဟိန်း မောင်းနှင်လာသည့် TOYOTACALDINA အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၇ ဒသမ ၄ ကီလို၊ Happy Water ၁ ဒသမ ၄၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (၅၀၁)


ပြစ်မှုကျူးလွန်သူ သန်းထွန်းအောင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားကြောင်းနှင့် ကျန်ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်




နေပြည်တော် ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာကို ဩဂုတ် ၁၉ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်းနှင့် ကျန်ရှိသည့်ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မြင်းခြံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ်မှ ကျေးရွာအချို့ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များမီးလောင်ပျက်စီးပြီး ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ၎င်းကျေးရွာမှ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများမရှိကြောင်း သိရှိရသည်။

၎င်း PDF အမည်ခံအကြမ်းဖက်သမားများသည် မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့်အတွက် ဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတစ်ဝန်းတွင် စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများစာရင်းကို တပ်မတော်က ကောက်ယူနေကြောင်း သတင်းတု၊ သတင်းမှားများလုပ်ကြံရေးသား




နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတစ်ဝန်းတွင် စစ်မှုထမ်းရန် အကျုံးဝင်သည့် အမျိုးသမီးများစာရင်းကို တပ်မတော်က ကောက်ယူနေကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နိုင်ငံတစ်ဝန်းစစ်မှုထမ်းရန် အကျုံးဝင်သည့် အမျိုးသမီးများ စာရင်းကို ကောက်ယူခြင်းမရှိကြောင်းနှင့် အမျိုးသမီးများစစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်ပြီး နိုင်ငံတော်နှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့မှ မည်သည့်ထုတ်ပြန်ကြေညာချက်မှ ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများကြောက်ရွံ့ထိတ်လန့်စေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

❑ **ကျောဖုံးမှအဆက်**

အလားတူ အခြားမြန်မာနိုင်ငံမှကစားသမားများပါဝင်သည့် စထရာဝိတ်တန်းတွဲဆိုင်းအဖြစ် မြန်မာနိုင်ငံမှ သွေးလင်းထက်နှင့် ထိုင်းနိုင်ငံသား GAN-CHAI၊ ကတ်ဝိတ်တန်းတွဲဆိုင်းအဖြစ် မြန်မာနိုင်ငံသား အဲမွီးနှင့် ဂျပန်နိုင်ငံသား Reito Takazono၊ ကတ်ဝိတ်တန်းတွဲဆိုင်းအဖြစ် မြန်မာနိုင်ငံမှ ဆစိုးသီဟနှင့် ဂျပန်နိုင်ငံသား Masatoshi Hirai၊ ကတ်ဝိတ်တန်းတွဲဆိုင်းအဖြစ် မြန်မာနိုင်ငံမှ Sulaimanနှင့် ထိုင်းနိုင်ငံသား KORPAI တို့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ONE Friday Fights 76 မွေထိုင်းပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်းရုပ်သံလိုင်းများဖြစ်သည့် SKYNET Sports-3 ရုပ်သံလိုင်းနှင့် SKYNET Sports HD ရုပ်သံလိုင်းတို့မှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## ထူးခြားသည့် နေ့အပူချိန်များ

(၂၁-၈-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# ကမ္ဘာပေါ်ရှိ ရှားပါးတိရစ္ဆာန်များအကြောင်း အပိုင်း(၃)

ခိုင်ဇင်



**ဒေါင်းပင့်ကူ**

ဒေါင်းပင့်ကူကို ကမ္ဘာဦးမျိုးစိတ်လို့ လူသိများကြပါတယ်။ ဒေါင်းပင့်ကူလို့ခေါ်ရတာက သူ့မှာဒေါင်းတစ်ကောင်လို အရောင်အသွေးအစုံကို အနုစိတ်ကျကျ လှလှပပပုံဖော်ထားတဲ့အတွက်ပဲ ဖြစ်ပါတယ်။ အပြာရောင်အမွေးတွေနဲ့ ခန္ဓာကိုယ်ကိုဖုံးအုပ်ထားတဲ့ အဲဒီပင့်ကူမျိုးစိတ်တွေဟာ ငယ်ရွယ်စဉ်က အပြာနုရောင်ဖြစ်ပြီး အရွယ်ရောက်လာတဲ့အခါ အမွေးတွေက အပြာအရင့်ရောင်ကို ပြောင်းသွားပါတယ်။ ပင့်ကူအမတွေကိုဆွဲဆောင်နိုင်ဖို့အတွက် သဘာဝတရားက ပင့်ကူအထီးတွေရဲ့အရောင်ကို ပိုမိုတောက်ပအောင် ဖန်တီးပေးထားပါတယ်။ ဒ့ါပြင် ပင့်ကူထီးတွေရဲ့ ခန္ဓာကိုယ်က ပိုမိုသွယ်လျပြီး ခြေချောင်းတွေလဲ ပိုမိုရှည်လျားပါတယ်။ အရွယ်ရောက်ပြီး ဒေါင်းပင့်ကူတစ်ကောင်ဟာ အရွယ်အစားအနေနဲ့ ရှစ်လက်မလောက်ရှိပါတယ်။ တောက်ပတဲ့ အပြာရင့်ရောင်ရှိတဲ့ ဒေါင်းပင့်ကူတွေဟာ တဖြည်းဖြည်းရှားပါးလာတာကြောင့် IUCN ရဲ့ မျိုးသုဉ်းလုနီးပါးရှားပါး မျိုးစိတ်စာရင်းထဲမှာ ထည့်သွင်းကာ ထိန်းသိမ်းစောင့်ရှောက်ခံနေကြပါတယ်။ ဒါပေမဲ့လဲ တောရိုင်းထဲမှာ ကျက်စားတဲ့ရှားပါးဒေါင်းပင့်ကူတွေဟာ တန်ဖိုးကြီးတဲ့အတွက် အချို့သူတွေက တရားမဝင်ဖမ်းဆီးပြီး အိမ်တွင်းအလှမွေး တိရစ္ဆာန်အနေနဲ့ ရောင်းချမှုတွေရှိတာကြောင့် အဲ့ဒီပင့်ကူတွေဟာ ပိုပြီးရှားပါးလာတာဖြစ်ပါတယ်။ အဆိုပါမျိုးစိတ်တွေရဲ့ သဘာဝမျိုးရင်းဒေသကတော့ အိန္ဒိယနိုင်ငံအလယ်ပိုင်း၊ အန်ဟာရာပရာဒက်ရှ်ပြည်နယ်ရှိ ရွက်ကြွေတောတွေပဲဖြစ်ပါတယ်။ ၎င်းတို့အကောင်ရေကို အတိအကျစာရင်းမကောက်ယူနိုင်ပေမဲ့ အကောင်အရေအတွက် အနည်းငယ်သာရှိတော့တယ်လို့ IUCN က သတ်မှတ်ပြီး ၎င်းတို့ကို တရားမဝင်ဖမ်းဆီးပါက အရေးယူမှုတွေထိပြုလုပ်ကာ ထိန်းသိမ်းကာကွယ်နေရတဲ့မျိုးစိတ်ဖြစ်ပါတယ်။

**သံချေးရောင်ပိတုန်း**

သံချေးရောင်ပိတုန်းတွေဟာ အမေရိကန်နိုင်ငံအရှေ့ပိုင်းမှာ အဓိကကျက်စားတဲ့ ပိတုန်းမျိုးစိတ် ၂၁ မျိုးထဲက တစ်မျိုးဖြစ်ပြီး အဆိုပါပိတုန်းကောင်ရေဟာ ၉၀ ရာခိုင်နှုန်းလောက်ထိ တဖြည်းဖြည်းလျော့နည်းလာတဲ့အတွက် ၂၀၁၇ ခုနှစ်မှာ မျိုးသုဉ်းလုနီးပါးမျိုးစိတ်စာရင်း



သွင်းခဲ့တာဖြစ်ပါတယ်။ သံချေးရောင်ပိတုန်းတွေ မျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်ပြီး ကောင်ရေကျဆင်းလာရတဲ့ အဓိကအကြောင်းရင်းတွေကတော့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာအသုံးပြုတဲ့ ပိုးသတ်ဆေးတွေ၊ နေထိုင်ရာမျိုးရင်းဒေသ ဆုံးရှုံးပျက်စီးတာတွေ၊ မျိုးရင်းမဟုတ်တဲ့ ပိတုန်းကြီးတွေရဲ့ နယ်မြေကျူးကျော်လာမှုတွေနဲ့ ရာသီဥတုပြောင်းလဲမှုတွေရဲ့ သက်ရောက်မှုတွေကြောင့် ဖြစ်ပါတယ်။ အဆိုပါပိတုန်းတွေဟာ ပန်းပင်တွေဝတ်မှုန်ကူးရာမှာ များစွာအထောက်အကူပေးတဲ့ အင်းဆက်ကောင်းတွေပဲဖြစ်ပါတယ်။ သံချေးရောင်ပိတုန်းတွေဟာ နွေဦးအစောပိုင်းမှာ ဝတ်ရည်တွေကိုစုဆောင်းပြီး ဆောင်းရာသီမှာ ၎င်းတို့ရဲ့အုံအတွင်းမှာသာနေထိုင်ကြပါတယ်။ နွေရာသီတစ်လျှောက်လုံး သံချေးရောင်ပိတုန်းလုပ်သားတစ်နည်းအားဖြင့် ပိတုန်းအထီးတွေက ဘုရင်မနဲ့ ပိတုန်းသားလောင်းတွေအတွက် လိုအပ်တဲ့ပန်းဝတ်ရည်ကို ရှာဖွေစုဆောင်းကြပါတယ်။ ပိတုန်းကောင်ရေတိုးပွားလာဖို့နဲ့ ရှင်သန်ဖို့အတွက် နွေဦးပေါက်ရာသီကနေ ဆောင်းဦးပေါက်ထိ ပန်းပင်တွေဆီက ၎င်းတို့လိုအပ်တဲ့ဝတ်ရည်တွေရဖို့လိုတာကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေက သဘာဝတရားနှင့် သဟဇာတမဖြစ်တဲ့ ပိုးသတ်ဆေးအသုံးပြုမှုကိုလျှော့ချဖို့လိုတဲ့အပြင် သားလောင်းတွေပေါက်ဖွားဖို့အနှောင့်အယှက်ကင်းတဲ့ အသိုက်အအုံတွေလဲ လိုအပ်ပါတယ်။

**ဒမ်မာဒရယ်**

ဒမ်မာဒရယ်ဟာ ဒရယ်မျိုးစိတ်တစ်ခုဖြစ်ပြီး အာဖရိကနဲ့ ဆာဟာရသဲကန္တာရမြောက်ခြင်းပြင်တို့မှာ နေထိုင်ကျက်စားကြပါတယ်။ ဒမ်မာဒရယ်ဟာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်တဲ့ မျိုးစိတ်တစ်ခုဖြစ်ပြီး ၎င်းတို့ဟာ လွန်ကဲစွာအမဲလိုက်ခံရခြင်းနဲ့ နေထိုင်ရာနေရာဒေသတွေ ဆုံးရှုံးခြင်းတွေကြောင့် တဖြည်းဖြည်းရှားပါးကာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး မျိုးစိတ်စာရင်းဝင်ဖြစ်လာပါတယ်။ ဒမ်မာဒရယ်ဟာ အရင်က နေရာအတော်များများမှာ နေထိုင်ကျက်စားခဲ့ပေမဲ့ အခုအခါမှာတော့ ၎င်းတို့မျိုးစိတ်တွေကို ချတ်ဒ်၊ မာလီနဲ့ နိုင်ဂျာနိုင်ငံတို့မှာသာ တွေ့ရပါတော့တယ်။ ဒမ်မာဒရယ်တွေက ဆေးဖက်ဝင်အပင်တွေ၊ မြက်၊



အရွက်၊ အညွှန့်နဲ့ အသီးတွေကို အဓိကစားတဲ့ တိရစ္ဆာန်တွေဖြစ်ပါတယ်။ နိုင်ဂျာအမျိုးသားဘောလုံးအသင်းရဲ့ တံဆိပ်ပေါ်မှာ ဒမ်မာဒရယ်ကို တွေ့နိုင်ပါတယ်။ ဒါဟာ နိုင်ဂျာနိုင်ငံက ဒမ်မာဒရယ်ကို အမျိုးသားရေးသင်္ကေတအဖြစ်နဲ့ သတ်မှတ်ထားတဲ့အတွက်ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေကြောင့် ဆာဟာရလိုနေရာတွေမှာ အစားအစာတွေရှားပါးလာပြီး အစာရရှိရေး ရုန်းကန်နေကြရတဲ့ ဒမ်မာဒရယ်တွေဟာ အခုအခါမှာ ကောင်ရေ ၁၀၀ လောက်ပဲ ရှိတော့တဲ့အတွက် မျိုးသုဉ်းလုနီးပါး တိရစ္ဆာန်စာရင်းဝင်ဖြစ်ခဲ့ရတယ်လို့ သိရပါတယ်။ ဒါကြောင့် ချတ်ဒ်၊ နိုင်ဂျာနဲ့ မာလီနိုင်ငံတို့မှာရှိတဲ့ တိရစ္ဆာန်တွေကို ထိန်းသိမ်းကာကွယ်ရေး၊ မွေးမြူရေးအစီအစဉ်တွေနဲ့ ၎င်းဒရယ်ကြီးတွေကို ကာကွယ်ထိန်းသိမ်းဖို့ ကြိုးပမ်းနေကြတာဖြစ်ပါတယ်။

**သင်းခွေချပ်**

သင်းခွေချပ်တွေဟာ အကြေးခွံပါတဲ့သတ္တဝါတစ်မျိုးဖြစ်ပါတယ်။ သင်းခွေချပ်တွေရဲ့ခန္ဓာကိုယ်ကိုဖုံးအုပ်ထားတဲ့ မာကြောတဲ့အကြေးခွံတွေဟာ တစ်ခုနဲ့တစ်ခုထိစပ်နေပြီး ခန္ဓာကိုယ်ကို အခြားပြင်ပအန္တရာယ်တွေက ကာကွယ်နိုင်ဖို့ သံချပ်ကာဝတ်စုံသဖွယ် ဖြစ်နေပါတယ်။ ထိတ်လန့်တဲ့အခါမှာဖြစ်စေ၊ အန္တရာယ်ကျရောက်တဲ့အခါမှာဖြစ်စေ သင်းခွေချပ်တွေဟာ အကာအကွယ်အဖြစ် သူတို့ရဲ့ ဦးခေါင်းနဲ့ခြေထောက်တွေကို ထိလိုက်ပြီး ဘောလုံးတစ်လုံးလို အကြေးခွံတွေနဲ့ခန္ဓာကိုယ်ကို ဖုံးထားလိုက်ကာ အန္တရာယ်ကင်းရာကို လိမ့်သွားတတ်ပါတယ်။ တောရိုင်းအတွင်းမှာနေထိုင်တဲ့ သင်းခွေချပ်မျိုးစိတ်တွေဟာ မျိုးစိတ်ရှစ်မျိုးလောက်ရှိတယ်လို့ သိရပါတယ်။ ၎င်းမျိုးစိတ် ရှစ်မျိုးထဲက လေးမျိုးက အာရှမှာနေထိုင်ကျက်စားပြီး ကျန်လေးမျိုးကတော့ အာဖရိကမှာ နေထိုင်ကျက်စားပါတယ်။ သင်းခွေချပ်မျိုးစိတ် ရှစ်မျိုးထဲက နှစ်မျိုးဟာ ယခုအခါ မျိုးသုဉ်းလုနီးပါးမျိုးစိတ်စာရင်းဝင်ဖြစ်လာပါတယ်။ တောရိုင်းတွေထဲမှာသာ အဓိကနေထိုင်ကျက်စားပြီး တွေ့ရခဲတဲ့ သင်းခွေချပ်တွေရဲ့ ကောင်ရေအတိအကျကိုတော့ သေချာစာရင်း



မကောက်ယူနိုင်ကြောင်း သိရပါတယ်။ သင်းခွေချပ်တွေဟာ ကမ္ဘာပေါ်မှာ တရားမဝင်ကုန်ကူးမှုအများဆုံး တိရစ္ဆာန်တွေဖြစ်ပါတယ်။ အဲဒီလိုတရားမဝင်ဖမ်းဆီးပြီး ရောင်းဝယ်ဖောက်ကားရတဲ့ အဓိကအကြောင်းကတော့ သင်းခွေချပ်ရဲ့အသားဟာစားကောင်းပြီး သင်းခွေချပ်အကြေးခွံတွေကို တိုင်းရင်းဆေးပညာနဲ့ ရိုးရာကုထုံးတွေမှာ ပန်းနာရင်ကျပ်၊ ဒူလာနဲ့ အဆစ်အမျက်ရောင်ရမ်းတဲ့ဝေဒနာအမျိုးမျိုးကို ကုသရာမှာ အသုံးပြုကြတဲ့အပြင် သင်းခွေချပ်တွေရဲ့အရေခွံကို ဘွတ်ဖိနပ်၊ အိတ်နဲ့ ခါးပတ်တွေပြုလုပ်ရာမှာအသုံးပြုပြီး သင်းခွေချပ်အရေခွံနဲ့ ပြုလုပ်ထားတဲ့ထုတ်ကုန်တွေဟာ တန်ဖိုးကြီးတဲ့အတွက် သင်းခွေချပ်ထုတ်ကုန်တွေကို ငွေကြေးအမြောက်အမြားပေးဝယ်တဲ့သူတွေရှိပါတယ်။ သင်းခွေချပ်အသားစားသုံးမှုနဲ့ အကြေးခွံလိုအပ်ချက်တွေကြောင့် ၂၀၁၉ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ်တွေမှာ သင်းခွေချပ်ကောင်ရေအတော်လေးကျဆင်းလာတယ်လို့သိရတဲ့အတွက်ကြောင့် သင်းခွေချပ်တွေကို WWF က နိုင်ငံတကာတောရိုင်းတိရစ္ဆာန်ကာကွယ်ရေးဥပဒေတွေနဲ့ အကာအကွယ်ပေးထားတာဖြစ်ပါတယ်။

**ဒိုင်ယာနာမျောက်**

ဒိုင်ယာနာမျောက်ဟာ ဆီရာရာလီယွန်၊ လိုက်ဘေးရီးယားနဲ့ အနောက်ဘက် ကော့တ်ဒီဗောရီနိုင်ငံ အနောက်ပိုင်းရှိ မြင့်မားတဲ့ သစ်တောတွေမှာတွေ့ရှိရတဲ့ ကမ္ဘာ့ဦးမျောက်မျိုးစိတ်တစ်မျိုးဖြစ်ပါတယ်။ လည်ပင်းတစ်ဝိုက်နဲ့ မုတ်ဆိတ်မှာရှိတဲ့ အဖြူရောင်အမွေးနဲ့ တစ်ကိုယ်လုံးကို မီးခိုးရောင်အမွေးတွေနဲ့ဖုံးလွှမ်းထားတဲ့ အဲဒီမျောက်ဟာ အခုအခါမှာ မျိုးသုဉ်းလုနီးပါး မျိုးစိတ်စာရင်းဝင်ဖြစ်လာပါတယ်။ ဒိုင်ယာနာမျောက်ကို အနောက်အာဖရိက မိုးသစ်တောတွေမှာ အများအားဖြင့် တွေ့ရပါတယ်။ ဒိုင်ယာနာမျောက်ဟာ သွက်လက်တဲ့ မျောက်မျိုးစိတ်ဖြစ်ပြီး ငယ်ရွယ်စဉ်က လူနဲ့ယဉ်ပါးလွယ်ပေမဲ့ အရွယ်ရောက်တဲ့အခါ လူနဲ့ယဉ်ပါးမှုသိပ်မရှိတော့ဘဲ ရန်လိုတတ်တဲ့ မျောက်ဖြစ်ပါတယ်။ အဲဒီမျောက်တွေဟာ အခုအခါမှာ တောပြုန်းမှုကြောင့် နေထိုင် ရာနေရာတွေပျောက်ဆုံးကာ အစားအစာရှားပါးပြီး အလွန်အကျွံအမဲလိုက်ခံရတာတွေကြောင့် တဖြည်းဖြည်းကောင်ရေကျဆင်းလာတာဖြစ်ပါတယ်။ ယခုအခါမှာ အရင်ကထက်



ကောင်ရေအတော်လေးကျဆင်းလာတာကြောင့် IUCN က မျိုးသုဉ်း လုနီးပါးမျိုးစိတ်စာရင်းသွင်းကာ ထိန်းသိမ်းကာကွယ်နေရတဲ့ မျိုးစိတ်ဖြစ်လာပါတယ်။


**ကိုးကား**

- The Most Endangered Animals in the World
- The rare animals around the world

ဝတ္ထုတိုကဏ္ဍ

# ခိုငှက်တို့၏ အိမ်ပြန်ချိန်

ငြိမ်းချမ်းအောင်(နတ်တလင်း)



(၁)

နတ်တလင်းမြို့မဈေးက ဆိုင်ခန်းများပေါ်တွင် ပျံဝဲနေကြသော ခိုကလေးများကို ကိုအောင်ထွန်း ငေးကြည့်နေသည်။ အချို့ခိုငှက်ကလေးများသည် ဈေးဆိုင်ပိုင်ရှင်များ ချကျွေးထားသော ပဲစေ့လေးများကို အလုအယက်ကောက်ယူနေကြ၏။ ထိုမြင်ကွင်းက နေ့စဉ်အမြဲမြင်တွေ့နေကျမို့ ကိုအောင်ထွန်းအတွက် မထူးဆန်းသော်လည်း မရိုးနိုင်ခဲ့ပေ။ ဈေးနားတွင် ကိုအောင်ထွန်း ဘေးတွဲလေးကို ဂိတ်ထိုးသည့်အခါတိုင်းတွင် ခိုကလေးများကို အမြဲကြည့်ဖြစ်၏။ အချို့ခိုကလေးများသည် လူနှင့်အမြဲတွေ့နေရသောကြောင့် လူမကြောက်တော့ဘဲ ယဉ်ပါးနေကြသည်။ တစ်ခါတစ်ရံတွင် အစာကောက်ရင်း ကိုအောင်ထွန်း၏ ဘေးတွဲဆိုင်ကယ်လေးအနားထိပါ ရောက်လာတတ်၍ မတော်တဆနင်းမိမည်စိုးသောကြောင့် မမောင်းချင်ဘဲ မောင်းထုတ်ရ၏။ ထိုသို့ မောင်းထုတ်လိုက်သော်လည်း ခဏပင်မကြာလိုက် ပြန်ရောက်လာတတ်၏။ ထို့ကြောင့် ကိုအောင်ထွန်းတစ်ယောက် ဘေးတွဲမမောင်းရခင် ခိုအရင်မောင်းနေရပြီဟု အခြားဘေးတွဲမောင်းသမားများက စနောက်ကြလေသည်။

(၂)

"ကလေးအိပ်နေပြီလား မြခင်"

"ခုနကပဲ အိပ်သွားတယ် အစ်ကိုရေ။ ဒါတောင် မနည်းချော့သိပ်ထားရတာ"

မမြခင်၏စကားကြောင့် ကိုအောင်ထွန်း တစ်ချက်ပြုံးလိုက်သည်။ ထို့နောက် ပုခက်ထဲတွင် အိပ်ပျော်နေသော သုံးနှစ်သားလေး ဖိုးဖြူကိုကြည့်၍ ကိုအောင်ထွန်းတစ်ယောက် တစ်နေ့တာပင်ပန်းထားသမျှတွေ ပျောက်ကွယ်သွားသလိုပင်။ ကိုအောင်ထွန်းသည် ပုခက်လေးကို အသာအယာလွှဲလိုက်ရင်း-

"ငါ့လွယ်အိတ်ထဲမှာ သားလေးဖို့ မုန့်ပါလာတယ်။ ပြီးတော့ နင်ဈေးဝယ်ဖို့ပါ ယူလိုက်အုံး"ဟု ပြောရင်း လွယ်အိတ်လေးကို မမြခင်ဆီလှမ်း ပေးလိုက်သည်။ ထို့ကြောင့် မမြခင်လည်း လွယ်အိတ်လေးအတွင်းက မုန့်ထုပ်နှင့် ပိုက်ဆံတချို့ကို ထုတ်ယူလိုက်၏။ ကိုအောင်ထွန်းက နေ့စဉ် ငါဒီနေ့ဘယ်လောက်ရလာသည်ဟု ဘယ်အခါမှမပြောခဲ့ပေ။ အိမ်ပြန်ရောက်သည်နှင့် ပိုက်ဆံထည့်ထားသော လွယ်အိတ်ကလေးကိုသာ မမြခင်ဆီပေးလေသည်။ ထိုသို့ ပေးသော်လည်း လွယ်အိတ်လေးအတွင်းက ပါသမျှပိုက်ဆံအကုန်လုံးကို မမြခင် မယူခဲ့ပေ။ လိုအပ်သလောက် ဈေးဖိုးသာယူ၍ ပိုလျှံသမျှကို ကိုအောင်ထွန်းဆီပြန်ပေးလေ၏။ တစ်နေ့တခြား အခက်အခဲများကြောင့် မိသားစုစားဝတ်နေရေးက ကျပ်တည်းလာသော်လည်း မမြခင် မညည်းညူခဲ့ပေ။ ကိုအောင်ထွန်း ရှာဖွေရသမျှလေးဖြင့်သာ လောက်ငဖို့ခြိုးခြံချွေတာသုံးစွဲခဲ့သည်။ ကိုအောင်ထွန်းကလည်း ဘယ်လောက်ပင် ပင်ပန်းပါစေ ပျက်ရက်မရှိ၊ နားရက်မယူ နေ့စဉ် ဘေးတွဲဆွဲပေးနေသည်။

(၃)

"ဒီမနက် ဈေးဦးတောင် မပေါက်သေးဘူး ကိုအောင်ထွန်းရေ။ ခင်ဗျားကော ဘယ်နှကြောင်းလိုက်ရပြီလဲ"ဟု ဘေးတွဲမောင်းသူတစ်ယောက်ဖြစ်သော ကိုစိန်သောင်းက မေးလိုက်သည်။ ထိုအခါ ကိုအောင်ထွန်းက-

"နှစ်ကြောင်းပဲလိုက်ရသေးပါတယ်ဗျာ။ ဆီဖိုးပဲရသေးတယ်ဗျ"ဟု ပြန်ဖြေရင်း ဘေးတွဲလေးတွင် ကပ်နေသောဖုန်များကို အဝတ်စဖြင့် သုတ်နေသည်။ ဘေးတွဲမောင်းသူများ၏အဖြစ်က သည်လိုပင်။ ခရီးသည်ရသည့်နေ့ဆိုလျှင်တော့ ဟိုသွားပို့၊ သည်သွားကြိုဖြင့် တစ်နေကုန်တစ်နေခန်း ပတ်မောင်းနေရသည်မှာ လူကောဆိုင်ကယ်ပါ မနားရပေ။ လာငှားသူမရှိခဲ့လျှင်တော့ ဂိတ်တွင် ညောင်းလောက်အောင်ထိုင်၍ လမ်းသွားလမ်းလာများကို မျှော်ကြည့်နေခဲ့ရသည်မဟုတ်လား။ ယခုလည်း ကိုစိန်သောင်းက ဈေးဦးမပေါက်သေးသောအကြောင်းကို ညည်းညူရင်း ဆေးလိပ်ထိုင်ဖွာနေခဲ့၏။ ဆီဖိုးပင်မရဘဲ အိမ်ပြန်ခဲ့ရသောနေ့ရက်များကိုလည်း ကိုအောင်ထွန်း ကြုံခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။ ထို့ကြောင့် အနားတွင် ထိုင်ညည်းနေသော ကိုစိန်သောင်းအဖြစ်ကို မစနောက်ရက်ခဲ့ပေ။သည်နေ့ကိုစိန်သောင်းတစ်ယောက် ဈေးဦးမပေါက်သေးသည်ကို ထားဦးတော့ မိမိကိုယ်တိုင်လည်း ဆီဖိုးမျှရရုံရှိသေးသည်မဟုတ်လား။ အိမ်စရိတ်မရခင် ဆီဖိုးကိုသာ အရင်းစိုက်ထည့်နေရ၏။ ကယ်ရီခပိုတောင်းမည်ဟုကြံသော်လည်း မဖြစ်နိုင်။ တော်ကြာနေ သည်လူက ဈေးများတယ် ဟိုလူ့ပြောင်းစီးမယ်ဟုပြောမှာလည်းစိုးရ၏။ ထို့ကြောင့် လာငှားသောခရီးသည်များကို အတတ်နိုင်ဆုံး နားလည်အောင် ရှင်းပြနေရသည်ဖြစ်သည်။ သည်လိုရှင်းမပြ၍လည်း မဖြစ်ပေ။ အချို့လူများသည် ပြောဆိုရခက်၍ မတန်တဆဈေးဆစ်တတ်ကြ၏။

(၄)

သည်နေ့ နံနက်စောစောတွင် ကိုအောင်ထွန်းတစ်ယောက် သားဖြစ်သူနေမကောင်း၍ ဆေးခန်းသို့ လိုက်ပို့ရလေ၏။ လူကြီးနေမကောင်းဖြစ်သောအခါ အိမ်တွင် သောက်ဆေးသောက်ရုံမျှနှင့်သက်သာနိုင်သော်လည်း ယခုက ကလေးဖြစ်နေသောကြောင့် ဆေးခန်းပြမှ ရတော့မည်။ ထို့ကြောင့် မမြခင်သည် ယခင်နေ့က ကိုအောင်ထွန်းပေးထားသော ပိုက်ဆံများကိုယူ၍ ဆေးခန်းသို့ ထွက်လာခဲ့သည်။ သားဖြစ်သူကို ဆေးခန်းပြ၍ ဆေးဖိုးစရိတ်နှင့် လိုအပ်သော ပစ္စည်းများကို ဝယ်ယူပြီးသောအခါတွင် မမြခင် လက်ထဲပါလာခဲ့သမျှပိုက်ဆံများ ကုန်ခဲ့ပြီဖြစ်၏။

ထိုအကြောင်းကိုသိသော ကိုအောင်ထွန်းသည် သားဖြစ်သူ နေမကောင်းဖြစ်နေသော်လည်း သားလေး၏အနားတွင် မနေနိုင်ပေ။ ပိုက်ဆံရရန် ဘေးတွဲထွက်ရမည်ဖြစ်သည်။

"သားလေးကို ဂရုစိုက်ပါ။ အာဟာရရှိတဲ့အစားအစာလေးတွေကျွေးပြီးမှ ဆေးပုံမှန်တိုက်ပေး။ သားလေးအနားမှာပဲနေနော်။ ဘယ်မှမသွားနဲ့အုံး။ လိုတာရှိရင် ငါ့ဆီဖုန်းဆက်လိုက် မြခင်ရေ။ ငါဒီနေ့စောစောအိမ်ပြန်လာခဲ့မယ်"

မမြခင်တို့သားအမိကို ကိုအောင်ထွန်းအိမ်သို့ပြန်လိုက်ပို့ပြီး မှာစရာရှိသောအရာများကိုမှာ၍ ကယ်ရီလိုက်ရန် ဘေးတွဲကိုမောင်းကာ အပြင်ထွက်လာခဲ့၏။ ကိုအောင်ထွန်းသည် သားဖြစ်သူအတွက် စိတ်ပူ၍ သည်နေ့အလုပ်နားချင်သော်လည်း မရပေ။ တစ်နေ့လုပ် တစ်နေ့စားဘဝမို့ ဝင်ငွေမရလျှင် အခက်အခဲကရှိလာမည်မှာအမှန်ပင်။ ထို့ကြောင့် သားဖြစ်သူအနားတွင်နေဖို့ မမြခင်ကို အတန်တန်မှာ၍ ထွက်လာခဲ့ရသည်။

(၅)

လာငှားသောခရီးသည်များကို လိုရာလိုက်ပို့ပြီး ကိုအောင်ထွန်းတစ်ယောက် ဘေးတွဲလေးကို ဂိတ်ထိုးထားလေသည်။ မမြခင်ကို စောစောအိမ်ပြန်လာမည်ဟု ပြောထားခဲ့သော်လည်း ယခုနေမြင့်ချိန်ထိ မပြန်ဖြစ်သေးပေ။ သည်မနက် ခရီးသည်များကို ဟိုပို့သည်ပို့ဖြင့် အခေါက်ရေများများ ရခဲ့သော်လည်း နောက်ထပ်ရလာဦးမလားဟု မျှော်ကြည့်ရင်း ကိုအောင်ထွန်း ထပ်စောင့်နေခဲ့၏။ ဈေးသိမ်းခါနီးအချိန်မို့ အိမ်ပြန်ဖို့လာငှားသော ဈေးသည်များ လာခေါ်လျှင်လိုက်ပို့၍ သည်နေ့နားတော့မည်ဟု ကိုအောင်ထွန်း မှန်းထားခဲ့သည်။ ထို့ကြောင့် ဘေးတွဲလေးပေါ်တွင်ထိုင်ရင်း ရလာခဲ့သောပိုက်ဆံလေးများကို ရေတွက်ကြည့်နေသည်။ ဆီဖိုးကို သပ်သပ်နုတ်ထား၍ အိမ်စရိတ်အတွက် ခွဲတမ်းချရင်း ကိုအောင်ထွန်းတစ်ယောက် ရင်မောစွာဖြင့် သက်ပြင်းချမိ၏။ တစ်နေ့တာစားဝတ်နေရေး၊ ဆန်ဖိုး၊ ဆီဖိုးနှင့် သားဖြစ်သူအတွက် ဆေးခန်းပြခများကိုပါ ဆက်တွေးရင်း ကိုအောင်ထွန်းတစ်ယောက် မပျော်နိုင်ခဲ့ပေ။ ထိုအကြောင်းများကို စိတ်ထဲကနေ ညည်းညူရင်း ကိုအောင်ထွန်းသည် အစာရှာနေကြသော ခိုကလေးများကိုငေးကြည့်နေခဲ့၏။ လူတိုင်းက သည်အချိန်တွင် အခက်အခဲကြုံကာ ငိုချင်စိတ်ဖြင့် ညည်းညူနေကြသည်ကို ကိုအောင်ထွန်းသိပါ၏။ သို့သော် မိမိ၏အဖြစ်က ထိုသူများ၏အဖြစ်ထက် ပိုနေမလားဟု တွေးနေခဲ့သည်။ ဈေးဆိုင်ခန်းများ၏အပေါ်ကနေ ညည်းသံပေး၍နားခိုနေကြသော ခိုကလေးများနှင့် ယှဉ်လျှင် ကိုအောင်ထွန်းက အနိုင်ရမည်ဖြစ်သည်။ ထို့နောက် ကိုအောင်ထွန်းသည် အိမ်တွင်ကျန်နေခဲ့သော သားဖြစ်သူ သက်သာရဲ့လားဟုသတိရရင်း ဘေးတွဲဆိုင်ကယ်လေးကို စက်နှိုး၍အိမ်ပြန်လမ်းသို့ ဦးတည်လိုက်ပါတော့သည်။

**❖လူတိုင်းက သည်အချိန်တွင် အခက်အခဲကြုံကာ ငိုချင်စိတ်ဖြင့် ညည်းညူနေကြသည်ကို ကိုအောင်ထွန်းသိပါ၏။ သို့သော် မိမိ၏ အဖြစ်က ထိုသူများ၏အဖြစ်ထက် ပိုနေမလားဟု တွေးနေခဲ့သည်။ ဈေးဆိုင်ခန်းများ၏အပေါ်ကနေ ညည်းသံပေး၍ နားခိုနေကြသော ခိုကလေးများနှင့်ယှဉ်လျှင် ကိုအောင်ထွန်းက အနိုင်ရမည်ဖြစ်သည်။ ထို့နောက် ကိုအောင်ထွန်းသည် အိမ်တွင်ကျန်နေခဲ့သော သားဖြစ်သူ သက်သာရဲ့လားဟုသတိရရင်း ဘေးတွဲဆိုင်ကယ်လေးကို စက်နှိုး၍ အိမ်ပြန်လမ်းသို့ ဦးတည်လိုက်ပါတော့သည်။ ❖**

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၀၇၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုသိမ် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့် မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၀၇၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၃၉၈၈ ဧက စိုက်ပျိုးရန် လျာထားပြီး မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၃၀၇၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၁၄၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ စပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့စပါးတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ လက်ရှိစပါးတွေ လျာထားဧကအားလုံး အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို နည်းပညာနဲ့ အခြားပံ့ပိုးတာတွေကို ဆောင်ရွက်ပေးနေပါတယ်။ စပါးအတွက် မျိုးစေ့တွေကိုလဲ ချိတ်ဆက်ဝယ်ယူ ဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့နည်းပညာနဲ့ စိုက်နည်းစနစ်တွေကိုလဲ စနစ်တကျ ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသည့် မိုးစပါးများ စပါးအပင်ဖျက်ပိုးမွှားများ မကျရောက်စေရန်၊ ရွှေခရုဖျက်ဆီးမှုမရှိစေရန်၊ အရည်အသွေးကောင်း စပါးများထွက်ရှိလာစေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပွင့်ဖြူမြို့နယ် မင်းတဲကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ပွင့်ဖြူ ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သရက်အုပ်ကျေးရွာအုပ်စု မင်းတဲကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွင်ဝေအောင် (နည်းပညာ)နှင့်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ မင်းတဲကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုတွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မင်းတဲကုန်းကျေးရွာ၌ အရှည်ပေ ၆၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၂ သန်း စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ် ၁၅ ရက်က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ရဲဝင်းနိုင်(ညောင်ဦး)



# ဒေးဒရဲမြို့နယ် သက္ကယ်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဒေးဒရဲ ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်ချောင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းနှင့် စီမံကိန်းကာလသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အချက်များနှင့် ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သက္ကယ်ချောင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ရေလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၄၁ ဦးကို ရန်ပုံငွေကျပ် ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဒေးဒရဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မင်းမြင့်မိုရ်

## အများတွက်ကြည်လင် ရေချမ်းစင်

\- သုံးခွဆိုင် ခြေတိုင်ထောက်ပါလို့
ခိုင်အောင်ဆောက် လမ်းဘေးတွင်၊
သောက်ရေကို ဖြည့်စွက်ပေးလို့
ရေအိုးလေးတင်၊
အုန်းမှုတ်ခွက် ဖုံးပေါ်မြင်
ရေချမ်းစင် အကြိုထောက်၊
များပြည်သူ မောဖြေအတွက်မို့
ဝင်ထွက်ခပ်သောက်။

\- ခရီးသွားတွေ လိုရာရောက်ဖို့
ပြောင်မြောက်တဲ့ သောက်ရေဆောင်၊
ရေးရိုးဟန် မူအကျင့်မို့
တင့်လှဂုဏ်ရောင်၊
အကျိုးဆယ်ပါး မေတ္တာနှောင်
အေးမြအောင် တောင်းဆုပေး၊
အလှူရှင် ကုသိုလ်ရဖို့
မြန်မာ့ယဉ်ကျေး။

\- နေ့စဉ်ဝယ် သောက်ရေအေးကိုလ
ဖြည့်စွက်မနေး များသူငါ၊
သဒ္ဓါဖြူ ပြုံးပီတိနှင့်
မြတ်ဘိမေတ္တာ၊
မွန်မြတ်လှ စိတ်စေတနာ
မုဒိတာ အစဉ်လာထိန်း၊
ရေချမ်းစင် ဆောက်လှူမြဲပေါ့
ရင်ထဲမှာကိန်း။ ။

ရင်ခတ်ပန်း(စွယ်တော်)

# ကြာအင်းဆိပ်ကြီးမြို့နယ် ခေါ်ရဝါကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၁

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေါ်ရဝါကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ခေါ်ရဝါကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်းရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ခေါ်ရဝါကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စုစုပေါင်း ငွေကျပ် ၃၅ ဒသမ ၂၁ သန်း ရရှိနေပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို ငွေကျပ် ၃၄ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

# အားကစား၏အကျိုးနှင့် လက်ဝှေ့အားကစားအတွက်အကြံပြုချက်

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးက အားကစားမျိုးပေါင်းစုံကို အားသွန်ခွန်စိုက် အားပေးလျက်ရှိနေ၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူလူထုက အားကစား၏ အကျိုးကျေးဇူးကို သိနေကြ၍ဖြစ်၏။ နိုင်ငံအသီးသီးရှိ လူငယ်လူရွယ်များသည် နိုင်ငံ၏အညွန့်အဖူးကလေးများဖြစ်သည်။ တစ်နေ့နေ့တစ်ချိန်ချိန်၌ နိုင်ငံတော်၏တာဝန်ကို ထမ်းရွက်ကြရမည့် မျိုးဆက်သစ်လူငယ် လူရွယ်များကို တန်ဖိုးမဖြတ်နိုင်သည့် အားကစား၏အကျိုးကျေးဇူးကိုသိစေပြီ အားကစားသမားကောင်းဖြစ်လာရေးအတွက် နိုင်ငံအသီးသီးက နိုင်ငံ့ခေါင်းဆောင်ကြီးများက အားကစားနှင့်ကာယပညာကို အလေးထားကာ လူငယ်လူရွယ် မောင်၊ မယ်များကိုကို အားကစားပညာအရပ်ရပ်ကိုသင်ကြား၊ လေ့ကျင့်၊ ပြိုင်ပွဲအဆင့်ဆင့် ယှဉ်ပြိုင်အနိုင်ယူစေသည်။

အားကစားသမားကောင်းသည် နိုင်ငံတော်၏ အညွန့်အဖူးဖြစ်၏။ အားကစားဖြင့် နိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်ပေးပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ပေသည်။

အားကစား၏အကျိုးကျေးဇူးမှာ-

(က) အကျင့်စာရိတ္တကောင်းခြင်း
(ခ) စည်းကမ်းရှိခြင်း
(ဂ) မျိုးချစ်စိတ်ရှိလာခြင်း
(ဃ) စိတ်ဓာတ်ကြံ့ခိုင်လာခြင်း
(င) ကိုယ်ကာယကြံ့ခိုင်ခြင်း
(စ) ကိုယ်ချင်းစာနာစိတ်ရှိခြင်း
(ဆ) ပေါင်းသင်းဆက်ဆံရေးကြွယ်ဝကောင်းခြင်း
(ဇ) အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ရင့်သန်လာခြင်း
(ဈ) မတရားသဖြင့် မလုပ်ခြင်း တရားသဖြင့် လုပ်တတ်ခြင်း
(ည) ဇွဲ၊ သတ္တိ၊ ဝီရိယရှိခြင်းတို့ဖြစ်သည်။

ပြိုင်ပွဲဝင် အားကစား မောင်၊ မယ်များသည် ဖော်ပြပါ ၁၀ ချက်နှင့် အညီ ကျင့်ဆောင်ခဲ့သူသည် အားကစားသမားကောင်းတစ်ယောက် ဖြစ်ပေလိမ့်မည်။

အားကစားမောင်၊ မယ်အပေါင်းတို့သည် စည်းနှင့်ကမ်းနှင့်ကျင့်ဆောင်သူများဖြစ်ရမည်ဖြစ်ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိကြရမည်။ နိုင်ငံတကာပြိုင်ပွဲများကိုယှဉ်ပြိုင်ပါက နိုင်ငံချစ်စိတ်ကို ရှေ့တန်းတင်၍ မိမိနိုင်ငံမျက်နှာမငယ်ရေးအတွက် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အားကစားမောင်၊ မယ်တိုင်း ကြံ့ခိုင်သည့် စိတ်ဓာတ်ရှိကြ၏။ အားကစားမောင်၊ မယ်တို့သည် ကိုယ်ကာယကြံ့ခိုင်ပေသည်။ အားကစားသမားတိုင်းသည် ကိုယ်ချင်းစာနာစိတ်ရှိပြီး ပေါင်းသင်းဆက်ဆံရေး ကျယ်ပြန့်စမြဲဖြစ်သည်။

အနိုင်မခံ၊ အရှုံးမပေး၊ ဇွဲရှိရှိ၊ ဝီရိယရှိရှိ သတ္တိ ရှိရှိ ရင်ဆိုင်ယှဉ်ပြိုင်သည့်စိတ်ဓာတ်ကို အားကစားသမားတိုင်းကျင့်ဆောင် နေတတ်ကြရမည်။ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော လူငယ်လူရွယ်များဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများက အားပေးလျက်ရှိကြသည်။

**အားကစားကိုလိုက်စားခြင်း၏အကျိုး**

မိမိဝါသနာပါရာ အားကစားကိုသင်ကြား၊ လေ့ကျင့်ပြိုင်ပွဲဝင်ခြင်းအားဖြင့် ရောဂါမျိုးစုံဖြင့် ကင်းဝေးမည်မှာအမှန်ဖြစ်ပေသည်။ အားကစားသမားကောင်း ပီသပါက ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ ပန်းနာ၊ အကြောရောဂါ ဘာတစ်ခုမှဖြစ်မလာပါပဲ သက်ရှည်ကျန်းမာနေမည် အမြဲလန်းဆန်းနေမည်ဖြစ်သည်။

**❖ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှလက်ဝှေ့ဗိုလ်လုပွဲကြီးနီးလာ၍ မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ကာ အရှေ့တောင်အာရှပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်စေချင်လှပါသည်။ ထိုသို့ ရုရှားနိုင်ငံသို့ တစ်နှစ်ခွဲစေလွှတ်ထားပြီး လေ့ကျင့်ပြိုင်ပွဲလေးများကို အတွေ့အကြုံရရေး ထိုသို့လေ့ကျင့်ထားပါက အရှေ့တောင်အာရှပြိုင်ပွဲမှာ ထိုင်းနိုင်ငံက လက်ဝှေ့ကျော်များကို KNOCK OUT နောက်ကောက်ချဗိုလ်စွဲကာ နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုမြောက်မြားစွာရနိုင်ကြောင်း အကြံပြုလိုက်ပါသည်။ ❖**

အမျိုးသားအားကစားပွဲတော်ကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် နေပြည်တော်၌ ကျင်းပတော့မည်ဖြစ်၏။ အားကစားအမျိုးအစားစုံ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ထိုအမျိုးသား အားကစားပွဲတော်ကြီး ကျင်းပရန် လေးလအချိန်ရသည်။

အမျိုးသားအားကစားပွဲတော်မှ အနိုင်ရဗိုလ်စွဲကြသည့် အားကစားသမား အမျိုးသား၊ အမျိုးသမီးတို့ကို မြန်မာ့လက်ရွေးစင်အဖြစ် သတ်မှတ်ကာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံဗန်ကောက်မြို့သို့သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ၃၃ ကြိမ် မြောက် (အရှေ့တောင်အာရှ) အားကစားပွဲကြီး SEA-GAMES ၌ 'မြန်မာ့လက်ရွေးစင်"အဖြစ်ပါဝင်ယှဉ်ပြိုင်စေမည်ဖြစ်ပါသည်။

**BOXING လက်ဝှေ့အားကစားကဏ္ဍ**

စာရေးသူသည် လက်ဝှေ့အားကစားသမားဖြစ်သဖြင့် ကျွမ်းကျင်သောလက်ဝှေ့အားကစားကဏ္ဍကိုသာ ရေးသားလိုက်ပါသည်။

**ရုရှားနိုင်ငံသို့မြန်မာ့လက်ဝှေ့ လက်ရွေးစင် ၁၆ ဦးကိုပို့ထား၍ လေ့ကျင့်မှုပြုလုပ်နိုင်ခဲ့လျှင်**

အရှေ့တောင်အာရှ လက်ဝှေ့ဗိုလ်လုပွဲမတိုင်မီ တစ်နှစ်၊ တစ်နှစ်ခွဲအလို ထိုင်းနိုင်ငံက၊ နိုင်ငံ့လက်ဝှေ့လက်ရွေးစင်ဦးရေ ၂၀ ဦးကို တွဲဖက်လေ့ကျင့်ရန်နှင့် အတွေ့အကြုံများစွာရရန်အတွက် အမေရိကန်နိုင်ငံသို့စေလွှတ်ကာ လက်ဝှေ့ပွဲငယ်များကို ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။

အရှေ့တောင်အာရှလက်ဝှေ့ဗိုလ်လုပွဲနီးမှ ထိုင်းနိုင်ငံသို့ပြန်ခေါ်ကာပြိုင်ပွဲဝင်စေသည်။ ဝိတ်တန်းတိုင်းလိုလို“ရွှေ”တံဆိပ်ဆုများ ရယူနိုင်မည်ဖြစ်သည်။

စာရေးသူတစ်ဦးတည်းဆန္ဒအရတင်ပြရလျှင် မြန်မာနိုင်ငံ၏ မိတ်ဆွေရင်းဖြစ်သော ရုရှားနိုင်ငံ သို့ မြန်မာ့လက်ရွေးစင် ၁၄ ဦးကိုပို့ထားပြီး ပူးတွဲလေ့ကျင့်ရေးပြုလုပ်ကာ ပြိုင်ပွဲအဆင့်ဆင့်ဝင်ခဲ့လျှင် အတွေ့ အကြုံရင့်ကျက်လာမည်ဖြစ်ပါသည်။

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှလက်ဝှေ့ဗိုလ်လုပွဲကြီးနီးလာ၍ မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ကာ အရှေ့တောင်အာရှပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်စေချင်လှပါသည်။ ထိုသို့ ရုရှားနိုင်ငံသို့ တစ်နှစ်ခွဲစေလွှတ်ထားပြီး လေ့ကျင့်ပြိုင်ပွဲလေးများကို အတွေ့အကြုံရရေး ထိုသို့လေ့ကျင့်ထားပါက အရှေ့တောင်အာရှပြိုင်ပွဲမှာ ထိုင်းနိုင်ငံက လက်ဝှေ့ကျော်များကို KNOCK OUT နောက်ကောက်ချဗိုလ်စွဲကာ နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုမြောက်မြားစွာရနိုင်ကြောင်း အကြံပြုလိုက်ပါသည်။

**မြန်မာ့လက်ရွေးစင်ဝိတ်တန်းများ**

လိုက်ဖလိုင်းဝိတ် ၁၀၁ ပေါင်တန် ၄၈ ကီလို၊ ဖလိုင်းဝိတ်တန်း ၁၁၂ ပေါင် (၅၁)ကီလို၊ ဘင်တန်ဝိတ်တန်း ၁၁၉ ပေါင် ၅၄ ကီလို၊ ဖယ်သာဝိတ်တန်း ၁၂၆ ပေါင် ၅၇ ကီလို၊ လိုက်ဝိတ်တန်း ၁၃၂ ပေါင် ၆၀ ကီလို၊ လိုက်ဝဲလ်တာဝိတ်တန်း ၁၃၉ ပေါင် ၆၁ ဒသမ ၅ကီလို၊ ဝဲလ်တာဝိတ်တန်း ၁၄၇ ပေါင် ၇၁ ကီလို၊ လိုက်မီးဒယ်(လ)ဝိတ်တန်း ၁၅၆ ပေါင် ၇၃ ကီလို။

**စိတ်ဓာတ်မြှင့်တင်ရေးလိုအပ်**

၃၃ ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပွဲကြီးသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားမျိုးပေါင်းစုံ (လက်ဝှေ့ကဏ္ဍအပြင်)က မြန်မာ့လက်ရွေးစင် မောင်၊ မယ်များကို အခါအားလျော်စွာ (အမျိုးသားရေးစိတ်ဓာတ်မြှင့်တင်ပေးရန်လိုပါပြီ) နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ရှိဖို့လို၏။ နိုင်ငံချင်းယှဉ်ပြိုင်အနိုင်လုကြရာတွင် မိမိနိုင်ငံမျက်နှာမငယ်ရေး မိမိမှာတာဝန်ရှိသည်။ မိမိနိုင်ငံအတွက် "ရွှေ"တံဆိပ်ကိုရစေရမည်ဟူသော ဇာတိမာန်ရှိထားကြရပေလိမ့်မည်။ ပထမ “ရွှေ”တံဆိပ်ရမှ တာဝန်ကျေပွန်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အားကစားသမိုင်းစဉ်က အလွန်ကောင်းကြပါပေသည်။ ဗမာ့သတ္တိ ဗမာ့သွေး ဗမာ့ဇာတိမာန်ကို ရဲရဲတောက်ပြခဲ့ကြသည့် နောက်ကြောင်းပြန်တကယ့် ဖြစ်ရပ်မှန်အချို့ကို ဖော်ပြလိုက်ပါသည်။

**ပထမအကြိမ် ကျွန်းဆွယ်အားကစားပွဲ (အရှေ့တောင်အာရှပွဲ)မှ ရဲရဲတောက်အားမာန် (၁၉၅၉)ပွဲ**

"FINAL မှာ ဒီယိုးဒယားမကို ငါနိုင်ကိုနိုင်ရမယ် ဒီရွှေတံဆိပ်က ငါ့နိုင်ငံအတွက် လှံတံပစ်ချန်ပီယံ ကချင်တိုင်းရင်းသူ ခင်ခင်ထွေးရဲ့ ရဲရဲတောက်ကြိမ်းဝါးသံ FINAL ပွဲစဉ်မှ နိုင်ငံတော်အတွက် ပထမ" ရွှေတံဆိပ်ရယူ ပေးခဲ့သည်။

ဒီနေ့ည ယိုးဒယားချန်ပီယံ (စွပ်ဒါ)ကို ငါအလဲထိုးချပစ်မယ် ငါနိုင်ကိုနိုင်ရမယ်ကွ မွန်တိုင်းရင်းသားကြီးအောင်ထွန်း(ဖယ်သာဝိတ်တန်း)၏ ယတိပြတ်ဆုံးဖြတ်ချက် ၁၉၅၉ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်ည FINAL ပွဲစဉ်မှ ယိုးဒယား (ထိုင်း) ချန်ပီယံ (စွပ်ဒါ) ကို FIRST ROUND KNOCK OUT နိုင်ငံအတွက် ရွှေတံဆိပ် ရယူပေးလိုက်သည်။

“ယိုးဒယားလောက်တော့ လက်တစ်ဖက်ကြိုးနဲ့ချည် မျက်လုံးတစ်ဖက်မှိတ်ထားပြီး ထိုးတောင် အနိုင်ရမှာမလွဲဘဲ ငါ့နိုင်ငံအတွက် ရွှေတံဆိပ်ရကိုရရမယ်ကွ"ဟု မော်လမြိုင်သူ မဂျစ်ရဲ့ ကြိမ်းဝါးသံ ပြောတဲ့ အတိုင်းပါပဲဗျာ ယိုးဒယားနိုင်ငံ (ထိုင်း) လိုက်မီဒယ်ချန်ပီယံကြို "ချပ်ချိုင်"ကို FIRST KOUND မှာဘဲ KNOCK OUT ချကာ ဗိုလ်တကာဘုရင်ဖြစ်သည်။ နိုင်ငံတော်အတွက် ရွှေတံဆိပ်သယ်ယူလာ၏အဲဗျာ အမျိုးသားရေးစိတ်ဓာတ်ကို ရင်ဝယ်ပိုက်ခါကစားခဲ့ကြ ယှဉ်ပြိုင်ခဲ့ကြရာ၌ နိုင်ငံတော်မျက်နှာပန်းပွင့်ခဲ့ကြပေသည်။ အမျိုးသားရေးစိတ်ဓာတ်ရင့်သန်ခဲ့လျှင် ဘယ်အရာကိုမဆို အောင်ပွဲခံနိုင်ပါချေသည်။

**နိဂုံးချုပ်ရလျှင်သော်**

မြန်မာ့လက်ရွေးစင် အားကစား မောင်၊ မယ်တို့သည် နိုင်ငံချင်းယှဉ်ပြိုင်အနိုင်လုကြပြီဆိုလေလျှင် အမိနိုင်ငံတော် မျက်နှာမငယ်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းကြစေလိုပါသည်။ နိုင်ငံ့တာဝန်ဟု အသည်းထဲစွဲမှတ်ထားပြီး အနိုင်မခံအရှုံးမပေးသော ရဲဝံ့သည့် မြန်မာဟူသောစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြစေလိုပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ရွှေဘိုဘာမထီခင်အောင်**

# တန့်ယန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ထုတ်ချေး

**တန့်ယန်း ဩဂုတ် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းခရိုင်ကွပ်ကဲမှုအောက်ရှိ တန့်ယန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းမားကျေးရွာအုပ်စု ဝမ်ခူးကျေးရွာနှင့် ကုန်းညောင်ကျေးရွာအတွက် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဝမ်ခူးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မေနွယ်ထွန်းက ဝမ်ခူးကျေးရွာနှင့်ကုန်းညောင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝမ်ခူးကျေးရွာနှင့် ကုန်းညောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၂ ဦးကို ရန်ပုံငွေကျပ် ၃၇၈ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လတွင်း ပန်းကဏန်းပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းကဏန်းပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ပန်းကဏန်းပိဿာချိန် ၅၅၀၀၀ ထိသာတင် ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ပန်းကဏန်းပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါပန်းကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ပန်းကဏန်းပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခု ဩဂုတ်လထဲမှာလဲ လပွတ္တာမြို့နယ်ဘက်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ပန်းကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပင်လယ် ပန်းကဏန်းများ ဝယ်ယူများပြားလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလာကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၆၄ ဧက စိုက်ပျိုးပြီးစီး

ကသာ ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၈၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နှမ်း ၅၈၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၆၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၇၉၀ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၁၀၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၂၉၀နှင့် ဗန်းမောက်မြို့နယ်တွင် ၈၄ ဧက စုစုပေါင်း ၁၂၆၄ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၀၉ ဧက၊ အင်းတော်မြို့နယ်တွင်ဧက ၁၂၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၂၆၀ နှင့် ဗန်းမောက်မြို့နယ်တွင် ၉၃ ဧက စုစုပေါင်း ၅၈၂ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် နှမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)



# ပခုက္ကူမြို့နယ် ဘဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

ပခုက္ကူ ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဘဲကြီးကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများအတွက် လိုအပ်သော စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများအတွက် ငွေကြေးရင်းနှီးငွေများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘဲကြီးကျေးရွာ၌ နေကြာသီးနှံအပါအဝင် အခြားဆီထွက်သီးနှံများစိုက်ပျိုးထားရှိမှု အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက် ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံစွာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်ရက်အတွင်း အရင်းအတိုးငွေများကို ပေးသွင်းစေလိုကြောင်း၊ အထွက်တိုးဆီထွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ်ဘဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသည့်လုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး ကို ငွေကျပ် ၁၈ ဒသမ ၁၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် တစ် ဒသမ ၅၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၉ ဒသမ ၆၀ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုညို

# မင်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

မင်းလှ ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့်ဆောင်ရွက်သော ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့်ဝန်ထမ်းများက ထန်းပင်ကုန်းကျေးရွာ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တိုင်းတာစစ်ဆေးခဲ့ပြီး ရေရှည်ခိုင်မြဲရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဝိုင်းဝန်းထိန်းသိမ်းရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ထန်းပင်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို စီမံကိန်းမှ အတိုးရငွေကျပ် ၂၈ ဒသမ ၉၂၆၇ သန်းအနက်မှ ငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားကိုယ်တိုင် ဇွန် ၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

သန်းသန်းစိုး

# ကျုံပျော်မြို့နယ် ချောင်းစောက်ကျေးရွာ၌ စတုတ္ထအကြိမ် VRFP စီမံကိန်း ရန်ပုံငွေထုတ်ချေး

ကျုံပျော် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းစောက်ကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၇သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ချောင်းစောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၄ ဦးကို ငွေကျပ်၃၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ ဒသမ ၈သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ဦးကို ငွေကျပ် ၃၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## ဝင်နီပက်မြို့တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့



**အော့တဝါ ဩဂုတ် ၂၁**

ကနေဒါနိုင်ငံ ဝင်နီပက်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး နေအိမ် အမြောက်အမြား ရေလွှမ်းနေကာ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ကနေဒါ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အထပ်မြင့် အဆောက်အအုံများ၌လည်း ရေလွှမ်းနေသည့်အတွက် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့်ဒေသများတွင် အထပ်မြင့်အဆောက်အအုံ၌ နေထိုင်သူများလည်း ပါဝင်နေကြောင်း၊ ဝင်နီပက်မြို့တွင် ဩဂုတ် ၁၉ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ်ပြီး မိုးရေချိန်မြင့်မားသည့်အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေကြီးရေလျှံမှုသည် ခန့်မှန်းရခက်နေသည့်အတွက် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို နေရပ်သို့ပြန်ခွင့်ပြုမည့်ကာလကို ခန့်မှန်းနိုင်ခြင်းမရှိသေးကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ရုတ်တရက် အရေးပေါ်အချက်ပေးသံထွက်ပေါ်လာတယ်။ မီးခိုးငွေ့တွေ မတွေ့သလို ဘာအနံ့မှလဲမရတဲ့အတွက် မီးလောင်တာ မဖြစ်နိုင်ဘူးဆိုပြီး အခန်းထဲမှာပဲ ဆက်နေခဲ့တယ်။ နောက်တော့မှ ဝင်နီပက် မီးသတ်တပ်ဖွဲ့တွေက အဆောက်အအုံကို ရေလွှမ်းနေတယ်လို့ အသိပေးလာတဲ့အတွက် ချက်ချင်းပဲ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ပါတယ်”ဟု Holiday Towers အဆောက်အအုံတွင် နေထိုင်သူ ဒိုင်ယာနာပွတ်က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏကို မသိရသေးသော်လည်း ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားဖွယ်ရှိနေကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့တွင် မော်တော်ယာဉ်ဓာတ်ငွေ့ထုတ်လွှတ်မှု စမ်းသပ်ရေးစီမံကိန်း စတင်ဆောင်ရွက်

**ကမ်ပါလာ ဩဂုတ် ၂၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ဘေးကင်းမှုအဆင့်ထက် လေထုညစ်ညမ်းမှု ငါးဆပိုများနေသော ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့တွင် အာဖရိက၏ ပထမဆုံး မော်တော်ယာဉ်ဓာတ်ငွေ့ထုတ်လွှတ်မှုစမ်းသပ်ရေးစီမံကိန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုပြဿနာ ကြီးထွားလာနေသော ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့တွင် လေထုအရည်အသွေးကိုမြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း ကျွမ်းကျင်သူများကပြောကြားထားပြီး ယခု စမ်းသပ်မည့်စီမံကိန်းမှ ရရှိသော အချက်အလက်များကို တာဝန်ရှိသူများအား ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မော်တော်ယာဉ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့်ပတ်သက်ပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ သန့်ရှင်းသောသယ်ယူပို့ဆောင်ရေးဆိုင်ရာ နိုင်ငံတကာကောင်စီနှင့် ကမ်ပါလာမြို့တော် အာဏာပိုင်အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဆိုပါအစီအစဉ်တွင် သုံးပတ်အတွင်း ကားအစီးရေ ၄၀၀၀ ခန့်ကို စမ်းသပ်ရန် ရည်မှန်းထားကြောင်း သိရသည်။

ယူဂန်ဒါနိုင်ငံ အမျိုးသားစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့အစည်းက သယ်ယူ ပို့ဆောင်ရေးကဏ္ဍသည် လေထုညစ်ညမ်းမှုကို အဓိကဖြစ်ပေါ်စေပြီး ကမ်ပါလာမြို့အတွင်း နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု ရာခိုင်နှုန်း ၆၀ ခန့်ကို မော်တော်ယာဉ်များ၏ အိတ်ဇောပိုက်များမှတစ်ဆင့် ထုတ်လွှတ်လျက်ရှိကြောင်း ပြောကြားထားပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ စက်မှုနှင့် စီးပွားရေးဌာနခွဲမှ ဒါရိုက်တာ ရှီလာအဂွါဝါခန်က နိုင်ငံအတွင်း တင်သွင်းလာသော တစ်ပတ်ရစ် မော်တော်ယာဉ်များအတွက် အနိမ့်ဆုံးအရည်အသွေးစံနှုန်းသတ်မှတ်ချက်များ မရှိခြင်းကလည်း ကားများမှ ကာဗွန်ထုတ်လွှတ်မှုကို ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

## ပေါ်တူဂီနိုင်ငံ အဓိကဒေသများတွင် ဇူလိုင်လကုန်မှစ၍ မိုးခေါင်ရေရှားပါးမှုဖြင့် ရင်ဆိုင်နေရ

**လစ္စဘွန်း ဩဂုတ် ၂၁**

ပေါ်တူဂီနိုင်ငံ အဓိကဒေသများတွင် ဇူလိုင်လကုန်မှစ၍ မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း Institute of the Sea and Atmosphere(IPMA)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့်ရင်ဆိုင်နေရသည့် ဧရိယာမှာ နိုင်ငံ၏ ၄၀ ရာခိုင်နှုန်းထိရှိနေကြောင်း၊ မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် အဓိကရင်ဆိုင်နေရသည့်ဒေသများမှာ ဖာရိုဒေသ၊ ဘီဂျာဒေသ၊ အီဗိုရာဒေသ၊ ဆက်တူဘယ်ဒေသနှင့် ပေါ့တာလီဂရီဒေသတို့ဖြစ်ကြောင်း၊ ဇူလိုင်လအတွင်း အပူချိန်မြင့်တက်ခဲ့မှုကြောင့် ဇူလိုင်လကုန်မှစ၍ မိုးခေါင်ရေရှားပါးမှု ပြဿနာဖြင့် ရင်ဆိုင်လာရခြင်းဖြစ်ကြောင်း သိရသည်။

“နိုင်ငံရဲ့ ၄၀ ရာခိုင်နှုန်းသော ဧရိယာမှာ မိုးခေါင်ရေရှားပါးမှုဖြစ်ပေါ်နေပါတယ်။ ဇူလိုင်လကုန်လောက်ကနေစပြီးတော့ မိုးခေါင်ရေရှားပါးမှု စတင်ခဲ့တာဖြစ်ပါတယ်။ အဓိကပြဿနာကတော့ ဇူလိုင်လမှာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့တာကြောင့်ဖြစ်ပါတယ်”ဟု Institute of the Sea and Atmosphere(IPMA)မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။



ပြီးခဲ့သည့် ဇူလိုင်လသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အပူချိန်အမြင့်ဆုံးသော ဇူလိုင်လဖြစ်ခဲ့ပြီး လေထုအပူချိန်မှာ ၂၃ ဒသမ ၁၅ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိခဲ့သည်ဟု IPMA မှ သုတေသီများအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

## မာလာဝီနိုင်ငံတွင် အယ်နီညိုဒဏ်သင့် ဒေသတချို့အတွက် လျော်ကြေးငွေပေးအပ်

**လီလောင်ဝီ ဩဂုတ် ၂၁**

မာလာဝီနိုင်ငံတွင် ၂၀၂၄ ခုနှစ် အစောပိုင်းက အယ်နီညိုရာသီဥတုလွှမ်းမိုးလာမှုကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အထိနာလာခဲ့သော ဒေသတချို့အတွက် သဘာဝဘေးအန္တရာယ် ဆိုင်ရာ လျော်ကြေးငွေ ပေးအပ်ခဲ့ကြောင်း African Development Bank က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လျော်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂ သန်း ပေးလျော်သွားရန် သဘောတူညီမှုရရှိခဲ့ပြီး မာလာဝီနိုင်ငံအာဏာပိုင်အဖွဲ့အစည်းကလည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် African Development Bank က လျော်ကြေးငွေပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ လျော်ကြေးငွေမှတစ်ဆင့် မိသားစုပေါင်း ၂၃၅၀၀၀ ထိ စားနပ်ရိက္ခာများ ပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း African Development Bank က ထုတ်ပြန်ခဲ့သည်။

“၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းကနေစပြီးတော့ အယ်နီညိုရာသီဥတုကြောင့် မာလာဝီပြည်သူတွေ တော်တော်များများ စားနပ်ရိက္ခာ မလုံလောက်မှုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အာဏာပိုင် အဖွဲ့အစည်းကလဲ သဘာဝဘေးဒဏ်သင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားတဲ့အတွက် လျော်ကြေးငွေသဘောမျိုးသတ်မှတ်ပြီး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂ သန်းပေးခဲ့ပါတယ်”ဟု African Development Bank မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ လျော်ကြေးငွေများကို မာလာဝီသမ္မတ လာဇရက်ချက်ဝီရာကိုယ်တိုင် လက်ခံရယူကာ သမ္မတ၏သွန်ကြားမှုများဖြင့် ကူညီပံ့ပိုးရေး အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်သင့်ပြည်သူများ၏ လက်ထဲသို့ တိုက်ရိုက် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## တောင်ကိုရီးယားနိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဂျောင်ဒါရီ ဝင်ရောက်တိုက်ခတ်နိုင်သဖြင့် လေကြောင်းခရီးစဉ်များဖျက်သိမ်းခဲ့ရ

**ဆိုးလ် ဩဂုတ် ၂၁**

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော အပူပိုင်းမုန်တိုင်း ဂျောင်ဒါရီ ဝင်ရောက် တိုက်ခတ်နိုင်သဖြင့် လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူပိုင်းမုန်တိုင်း ဂျောင်ဒါရီသည် ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းစုအနီးတွင် ဩဂုတ် ၁၉ ရက်က စတင်ဖြစ်ပေါ်ခဲ့ပြီးနောက် မုန်တိုင်းသည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ အနောက်ဘက်ကမ်းရိုးတန်းကိုဖြတ်သန်းစဉ် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

မုန်တိုင်းချဉ်းကပ်လာမှုကြောင့် နိုင်ငံတောင်ပိုင်းတွင် အားလပ်ရက်အပန်းဖြေ နေရာတစ်ခုဖြစ်သည့် ဂျယ်ဂျူးကျွန်း ကမ်းရိုးတန်းတွင် ရေလွှမ်းမိုးမှု သတိပေးချက်များ ထုတ်ပြန်ထားပြီး ဆိပ်ခံတံတားများ၊ ဆိပ်ကမ်းများနှင့် ကမ်းခြေများတွင် နေထိုင်ခြင်းမပြုဘဲ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သက်ဆိုင်ရာက အမိန့်ထုတ်ပြန်ထားပြီး တောင်တက်ခရီးစဉ်တချို့ကိုလည်း ပိတ်ထားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုအခြေအနေများကြောင့် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းက ဂျယ်ဂျူး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရန် သို့မဟုတ် ဆိုက်ရောက်ရန်ရှိသည့်လေကြောင်းခရီးစဉ်၃၀ကျော် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဘူဆန်မြို့ တောင်ပိုင်း ဂင်ဟိုင် အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးစဉ်ခြောက်ခုကိုလည်း ဖျက်သိမ်းခဲ့ရသည်ဟု Korea Air လေကြောင်းကုမ္ပဏီက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# အစွန်းရောက်အကြမ်းဖက်မှုများထူပြောနေဆဲ အာဖဂန်နစ္စတန်နိုင်ငံ

ဝင်းဇင်(သုတေသန)

၂၀၂၄ ခုနှစ် ဩဂုတ် ၁၅ ရက်သည် အမေရိကန်တို့ အာဖဂန်နစ္စတန်မှ ဒရောသောပါး ဆုတ်ခွာသွားရသည့် သုံးနှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သကဲ့သို့ အာဖဂန်နစ္စတန်တွင် တာလီဘန်အဖွဲ့ အာဏာစွဲကိုင်လာသည်မှာလည်း သုံးနှစ်ပြည့်မြောက်လာပြီဖြစ်သည်။

အမေရိကန်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အယ်လ်ကိုင်ဒါအဖွဲ့က အကြမ်းဖက်တိုက်ခိုက်လာမှုကို တုံ့ပြန်သောအားဖြင့် အာဖဂန်နိုင်ငံရေးတွင်ဝင်ရောက်စွက်ဖက်ခဲ့သည်။ အမေရိကန်တို့၏ ရည်ရွယ်ချက်သည် နိုင်ငံတကာအကြမ်းဖက်ဝါဒကို တိုက်ဖျက်ချေမှုန်းရန်နှင့် ပိုမိုဘေးကင်းလုံခြုံမှုရှိသော ကမ္ဘာကြီးတည်ဆောက်သွားရန်ဟု ဆိုသည်။ သို့သော် လက်ရှိအချိန်တွင် ကမ္ဘာကြီးသည် ပဋိပက္ခများ ပိုမိုထူပြောလာပြီး စစ်အေးကာလကထက်ပင် အယူဝါဒနှစ်ခြမ်းကွဲလာလျက်ရှိသည်။

**အမေရိကန်၏ရည်မှန်းချက်များနှင့်ကျရှုံးမှုများ**

NATO နှင့် NATO အဖွဲ့ဝင်မဟုတ်သောမဟာမိတ်များ၏ ထောက်ခံမှုအပြင် ကမ္ဘာလုံးဆိုင်ရာစာနာထောက်ထားမှုဆိုသောအကြောင်းပြချက်များဖြင့် အာဖဂန်နစ္စတန်တွင် အမေရိကန်၏ အဓိကရည်မှန်းချက်များမှာ အယ်လ်ကိုင်ဒါအဖွဲ့အမြစ်ပြတ်တိုက်ထုတ်ရန်၊ အယ်လ်ကိုင်ဒါအဖွဲ့ကို အကာအကွယ်ပေးနေသည့်အစွန်းရောက်တာလီဘန်အစိုးရအဖွဲ့ဖြုတ်ချသွားရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံကို အကြမ်းဖက်သမားများ ခိုအောင်းရာနေရာပြန်ဖြစ်မလာစေရန်အတွက် အကူအညီများ ပေးအပ်သွားရန်ပင်ဖြစ်သည်။

အာဖဂန်နစ္စတန်တွင် အောင်မြင်မှုရရှိရေးသည် အမေရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်လက်ထက်က ပိုမိုကျယ်ပြောသော အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒနှစ်ရပ်နှင့်ရောယှက်လျက်ရှိသည်။ ဘုရှ်လက်ထက် အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒသည် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ချေမှုန်းရေးစစ်ပွဲဆင်နွှဲသွားရန်နှင့်ဒီမိုကရေစီမြှင့်တင်ရေးပင်ဖြစ်သည်။ အဆိုပါမူဝါဒနှစ်ရပ်စလုံးသည် အရှေ့အလယ်ပိုင်းဒေသတွင် အပြောင်းအလဲဖော်ဆောင်ရန်ရည်မှန်းထားဖွယ်ရာရှိပြီး စင်စစ်အားဖြင့် စစ်အေးလွန်ကာလတွင် အမေရိကန်သာလျှင် မဟာအင်အားကြီးနိုင်ငံအဖြစ်ရပ်တည်နိုင်ရေးအတွက် ကမ္ဘာကြီးကို အပြောင်းအလဲပြုလုပ်သွားရန် ရည်မှန်းထားရှိခြင်းဖြစ်သည်။

နောက်ဆုံးတွင် အမေရိကန်သည် အဆိုပါရည်မှန်းချက်များ တစ်ခုမျှအောင်မြင်မှုမရရှိခဲ့ပေ။ ပထမတွင် အမေရိကန်သည် တာလီဘန်ဆန့်ကျင်ရေးတပ်ဖွဲ့များ၏ထောက်ပံ့ကူညီမှုဖြင့် တာလီဘန်အစိုးရဖြုတ်ချရန်နှင့် အယ်လ်ကိုင်ဒါနှိမ်နင်းရေးတို့အတွက် စစ်အင်အားအသုံးပြုခဲ့သည်။ သို့သော် ၎င်းအုပ်စု နှစ်ခုစလုံး၏ခေါင်းဆောင်များဖြစ်သည့် မူလာမိုဟာမက်အိုမာနှင့် အိုစမာဘင်လာဒင်တို့အပြင် ၎င်းအဖွဲ့များ၏ လှုပ်ရှားမှုသည် ပါကစ္စတန်သို့ ရွှေ့ပြောင်းခြေကုပ်ယူသွားခဲ့သည်။

တာလီဘန်တို့သည် ၎င်းတို့အဖွဲ့ကိုအလျင်အမြန်ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ပါကစ္စတန်၏ ထောက်ပံ့ကူညီမှုအပြင် အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်လက်မဟာမိတ်ဖွဲ့ထားမှုတို့ကြောင့် ကဘူးလ်မြို့တော်တွင် အာဖဂန်အစိုးရ ပေါ်ထွက်လာမှုအပါအဝင် အမေရိကန်နှင့်၎င်း၏ မဟာမိတ်များ မျှော်မှန်းထားသည်ထက်ပင် ပိုမိုကြီးမားသော သောင်းကျန်းသူအဖွဲ့အစည်းဖြစ်လာတော့သည်။

**❖အာဖဂန်ပြည်သူ ငါးသန်းသည် တိုင်းပြည်အတွင်းမှ ထွက်ပြေးခဲ့ရပြီး အခြား ငါးသန်းမှာလည်း နိုင်ငံအတွင်း၌ပင် အိမ်ခြေရာမဲ့များဖြစ်နေသည်။ အာဖဂန်ရှိလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေသည် လက်ရှိအချိန်တွင် မကြုံဖူးသည့် အဆိုးရွားဆုံးအဆင့်သို့ရောက်ရှိနေသည်။ အာဖဂန်လူဦးရေ၏ ထက်ဝက်ခန့်နှင့်ညီမျှသော ပြည်သူ ရှစ်သန်းကျော်သည် စားနပ်ရိက္ခာပြတ်လပ်မှုဖြင့်ရင်ဆိုင် ကြုံတွေ့ရလျက်ရှိသည်။❖**

အမေရိကန်တို့သည် မူလက အာဖဂန်နစ္စတန်နိုင်ငံတွင် နှစ်အနည်းငယ်သာ နေထိုင်သွားရန် ရည်ရွယ်ထားရှိခဲ့သည်။ သို့သော် အစောပိုင်းကာလများတွင် အယ်လ်ကိုင်ဒါတို့ကို ချေမှုန်းနိုင်စွမ်းမရှိခြင်းသည် အမေရိကန်တို့အနေဖြင့် ဘင်လာဒင်ကို ခြေရာခံနိုင်ရေးအတွက် ဆယ်စုနှစ် တစ်ခုခန့် အချိန်ယူခဲ့ရသောကြောင့်ဖြစ်သည်။ ထို့ပြင် အမေရိကန်တို့အနေဖြင့် အစဉ်အလာအရ လူမှုရေးဆိုင်ရာနှစ်ခြမ်းကွဲနေသော အာဖဂန်နစ္စတန်တွင် ခက်ခဲသော တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ၌လည်း နက်ရှိုင်းစွာ ပါဝင်ပတ်သက်လာခဲ့ရတော့သည်။

ဘုရှ်အစိုးရအဖွဲ့သည် အာဖဂန်နစ္စတန်တွင် ဘေးကင်းလုံခြုံမှုနှင့် ဒီမိုကရေစီစနစ်တို့ အခိုင်အမာအုတ်မြစ်ချနိုင်ခြင်းမရှိဘဲ ၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ထိုစဉ်က အီရတ်အာဏာရှင်ဆက်ဒမ်ဟူစိန်အနေဖြင့် ဘင်လာဒင်နှင့် ပူးပေါင်းနေပြီး အစုလိုက်အပြုံလိုက်သေစေနိုင်သော ဖျက်စွမ်းအားပြင်းလက်နက်များပိုင်ဆိုင်ထားသည်ဆိုသော အကြောင်းပြချက်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်တို့အနေဖြင့်အီရတ်နိုင်ငံကို အာဖဂန်နစ္စတန်ထက် ပိုမိုဦးစားပေးလာခဲ့ရသည်။ ထို့ကြောင့် အရေးကြီးသော ထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် စစ်လက်နက်ပစ္စည်းများကို အာဖဂန်နစ္စတန်မှ အီရတ်သို့ ရွှေ့ပြောင်းခဲ့ရသည်။ အာဖဂန်နစ္စတန်နှင့် အီရတ်တွင် ငြိမ်းချမ်းရေး မည်သို့တည်ဆောက်သွားမည်နှင့်စပ်လျဉ်း၍ ပြီးပြည့်စုံသောစီမံကိန်းနှင့်လုပ်ဆောင်မှုများကင်းမဲ့ခဲ့သောကြောင့် အမေရိကန်အနေဖြင့် မအောင်မမြင်ဖြစ်ခဲ့ရသော စစ်ပွဲနှစ်ခုတွင် ကိုယ်တိုင်ပင် စစ်နွံနစ်ခဲ့ရတော့သည်။ ထို့ကြောင့် ရွေးချယ် ရန်နည်းလမ်းမရှိတော့ဘဲ ၂၀၁၁ ခုနှစ်တွင် အီရတ်မှလည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် အာဖဂန်နစ္စတန်မှလည်းကောင် ဒရောသောပါးဆုတ်ခွာခဲ့ရပြီး မူလရည်မှန်းချက်များလည်း မအောင်မမြင်ဖြစ်ခဲ့ရသည်။ အမေရိကန်တို့အနေဖြင့် အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားသော နိုင်ငံနှစ်ခုကို ပစ်ထားခဲ့ရသည်။ အီရတ်နိုင်ငံသည် ပုံမှန်အခြေအနေပြန်လည်ရောက်ရှိရေးအတွက်ရုန်းကန်နေရဆဲဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံသည် တာလီဘန်တို့လက်အောက်တွင် စုတ်ပြတ်နေပြီဖြစ်သည်။ စင်စစ်အားဖြင့် အာဖဂန်နစ္စတန်တွင် အမေရိကန်တို့ ရည်မှန်းချက် မအောင်မြင်ဖြစ်ခဲ့ရခြင်းသည် လွန်ခဲ့သော ဆယ်စုနှစ် ငါးခုက ဗီယက်နမ်တွင် စစ်ရှုံးခဲ့ရသည်ထက်ပင် အရှက်တကွဲအကျိုးနည်းခဲ့ရသည်။

**တာလီဘန်တို့၏အစွန်းရောက်ဝါဒ**

မျိုးနွယ်စုအနည်းငယ်သာပါဝင်သောတာလီဘန်အစိုးရအဖွဲ့သည် ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ် ကာလအတွင်းက အကြမ်းဖက်ဒေသကဲ့သို့ပင် အလွန်အမင်း အစွန်းရောက်ပြီး ခွဲခြားဆက်ဆံလျက်ရှိသည်။ ၎င်းအစိုးရအဖွဲ့သည် မည်သည့်မွတ်စလင်အဖွဲ့တွင်မျှ ကျင့်သုံးခြင်းမရှိသော အတ္တကိုအခြေခံသည့် အစ္စလာမ်ဝါဒကို အတိအလင်းကြေညာထားလျက်ရှိသည်။ အမျိုးသမီးများသည် ပညာသင်ယူခွင့်နှင့်အလုပ်လုပ်ခွင့်အပါအဝင် အခြေခံအခွင့်အရေးများအားလုံး လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ အတိုက်အခံအဖွဲ့အစည်း မှန်သမျှကို ရက်ရက်စက်စက်နှိပ်ကွပ်လျက်ရှိသည်။ အမေရိကန်ကျောထောက်နောက်ခံပေးခဲ့သည့် ယခင်အစိုးရအဖွဲ့လက်ကျန်များအပါအဝင် အခြားလူနည်းစုများကို နေ့စဉ်အပြစ်ပေးလျက်ရှိသည်။ အများစုသည် သတ်ဖြတ်ခံရလျက်ရှိသည်။

တာလီဘန်အစိုးရအဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံကို အယ်လ်ကိုင်ဒါနှင့်အခြားသော အလားတူအုပ်စုများ ခိုအောင်းရာနေရာအဖြစ် ပြောင်းလဲဖွဲ့စည်းလျက်ရှိသည်။ အဆိုပါအုပ်စုများတွင် ပါကစ္စတန်တာလီဘန်အဖွဲ့ဖြစ်သည့် Tehrik-e-Taliban Pakistan (TTP) နှင့် Islamic State- Khorasan Province (ISKP)အဖွဲ့များပါဝင်သည်။

အာဖဂန်နစ္စတန်ရှိကုလသမဂ္ဂ၏စစ်တမ်းအသစ်အရ နိုင်ငံတကာအဖွဲ့အစည်း လေးရာခိုင်နှုန်းခန့်ကသာ တာလီဘန်အစိုးရအဖွဲ့ကို အသိအမှတ်ပြုသည်ဟုဆိုသည်။ တာလီဘန်အဖွဲ့၏ ပြည်တွင်း၌ တရားဝင်မှုကင်းမဲ့နေခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းတွင် ကြဉ်ဖယ်ခံနေရမှုနှင့် အပြိုင်ဖြစ်ပေါ်လျက်ရှိသည်။

သို့သော် လက်ရှိအချိန်ထိ တာလီဘန်အဖွဲ့သည် ဒေသတွင်းနှင့်မဟာအင်အားကြီးနိုင်ငံများ၏ ပထဝီနိုင်ငံရေးဆိုင်ရာပြိုင်ဆိုင်မှုများနှင့်ရည်မှန်းချက်များကို အမြတ်ထုတ်လျက် အာဖဂန်နစ္စတန်တွင် အာဏာဆက်လက်တည်ဆောက်ထားနိုင်ပြီး ပြင်ပဖိအားများကို တွန်းလှန်ထားနိုင်ဆဲပင်ဖြစ်သည်။

**မတည်မငြိမ်ဖြစ်လာသောကမ္ဘာကြီး**

တာလီဘန်တို့၏အာဏာပြန်လည်တည်ဆောက်လာနိုင်မှုသည် TTP နှင့် ISKP ကဲ့သို့သော မွတ်စလင်အသိုက်အဝန်း၏ အခြားသောအစိတ်အပိုင်းများရှိ စိတ်တူကိုယ်တူ အကြမ်းဖက်အဖွဲ့အစည်းများကို စိတ်ခွန်အား ပိုမိုထက်သန်လာစေလျက်ရှိသည်။ အာဖဂန်နစ္စတန်တွင် အမေရိကန်တို့ ကျရှုံးခဲ့ခြင်းသည် ၎င်း၏အဓိကပြိုင်ဘက်များဖြစ်သည့် အီရန်၊ ရုရှား၊ တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ကို ပိုမိုအားတက်စေခဲ့သည်။

အစ္စရေးလုံခြုံရေးအတွက် အမေရိကန်၏ ခိုင်မာသောကတိကဝတ်နှင့် ဖွတ်ဖွတ်ညက်ညက်ကြေနေသည့် ဂါဇာစစ်ပွဲအဆုံးသတ်နိုင်စွမ်းမရှိခြင်းတို့သည် မွတ်စလင်အသိုက်အဝန်းမှ ပြောင်းလဲရေးဝါဒီများကို ပိုမိုထကြွလာစေပြီး အမေရိကန်၏ ပြိုင်ဘက်များကို ပိုမိုခိုင်မာအားကောင်းလာစေလျက်ရှိသည်။

အစ္စရေးနှင့် အီရန်တို့ကြား တင်းမာမှုများမြင့်တက်လျက်ရှိသည့်အပြင် တီဟီရန်၏မဟာမိတ်များဖြစ်သည့် ဟစ်ဇ်ဘိုလာနှင့် လက်ဘနွန်တို့သည် အစဉ်အလာအရ အထိအခိုက်မခံသောဒေသ၏ တည်ငြိမ်မှုနှင့်လုံခြုံမှုတို့ကို အပြင်းအထန် ဒုက္ခပေးလျက်ရှိသည်။ ဖြစ်နိုင်ခြေရှိသော အစ္စရေး-အီရန်စစ်ပွဲသည် ရုရှားနှင့်တရုတ်နိုင်ငံတို့က အီရန်နိုင်ငံကို အကူအညီပေးခြင်းဖြင့် အစ္စရေးနိုင်ငံကိုကာကွယ်ရာတွင် အမေရိကန်ကို ဖိအားပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ထိုဖြစ်စဉ်မျိုးသည် အရှေ့အလယ်ပိုင်းဒေသအပြင် ကမ္ဘာတစ်ဝန်းမျှော်လင့်မထားသင့်သော အခင်းအကျင်းမျိုးပင်ဖြစ်ပေသည်။

ဆိုရလျှင် တာလီဘန်အဖွဲ့သည် ၂၀၂၁ ခုနှစ် နွေဦးရာသီတွင် အာဖဂန်အစိုးရနှင့် အမေရိကန်တပ်ဖွဲ့များအပေါ် အရှိန်အဟုန်ဖြင့် ထိုးစစ်ဆင်နွှဲပြီးနောက် ဩဂုတ် ၁၅ ရက်တွင် မြို့တော် ကဘူးလ်ကိုသိမ်းပိုက်ခဲ့သည်။ အယ်လ်ကိုင်ဒါအကြမ်းဖက်အုပ်စုဖြိုခွင်းရန်နှင့် အာဖဂန်နစ္စတန်တွင် လွတ်လပ်သောဒီမိုကရေစီအစိုးရ တင်မြှောက်ရေးဆိုသည့် အမေရိကန်တို့၏ ဆယ်စုနှစ် နှစ်ခုကြာ ကြိုးပမ်းမှုသည် ၂၀၂၁ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ဒရောသောပါးဆုတ်ခွာမှုဖြင့်သာ အဆုံးသတ်ခဲ့ရသည်။ အနောက်အုပ်စုမှတပ်ဖွဲ့များ ဒရောသောပါးဆုတ်ခွာမှုသည် အာဖဂန်တွင် တာလီဘန်တို့တစ်ကျော့ပြန်အာဏာရရှိလာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွက်မူ တာလီဘန်တို့ အာဏာပြန်လည်ရရှိလာခြင်းသည် တိုင်းပြည်အတွင်း လွတ်လပ်မှုဆုံးရှုံးလာခဲ့သည်။ အထူးသဖြင့် အမျိုးသမီးများနှင့် လူနည်းစုမျိုးနွယ်စုများပေါ်တွင် ရန်လိုမှုမြင့်တက်လာခဲ့သည်။ တာလီဘန်တို့အာဏာပြန်လည်ရရှိလာခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများမှသည် စီးပွားရေးဆိုင်ရာ အကျပ်အတည်းများကို ဆိုးဆိုးရွားရွားဖြစ်ပေါ်လာစေလျက်ရှိသည်။

အာဖဂန်ပြည်သူ ငါးသန်းသည် တိုင်းပြည်အတွင်းမှထွက်ပြေးခဲ့ရပြီး အခြား ငါးသန်းမှာလည်း နိုင်ငံအတွင်း၌ပင် အိမ်ခြေရာမဲ့များဖြစ်နေသည်။ အာဖဂန်ရှိလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေသည် လက်ရှိအချိန်တွင် မကြုံဖူးသည့် အဆိုးရွားဆုံးအဆင့်သို့ရောက်ရှိနေသည်။ အာဖဂန်လူဦးရေ၏ ထက်ဝက်ခန့်နှင့်ညီမျှသော ပြည်သူ ရှစ်သန်းကျော်သည် စားနပ်ရိက္ခာပြတ်လပ်မှုဖြင့်ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ထို့ကြောင့် အစွန်းရောက်အကြမ်းဖက်မှုများနှင့်စစ်ပွဲများ ဖြစ်ပွားနေသော နိုင်ငံတစ်နိုင်ငံသည် အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်နေရသည့်အပြင် ကလေးငယ်များအပါအဝင် ပြည်သူများမှာလည်း နေ့စဉ်သောကပင်လယ်ဝေနေရကြောင်းကို သင်ခန်းစာဖော်ထုတ်သွားသင့်ပေသည်။

**ကိုးကား**

(1) Afghanistan a broken nation swarming again with terrorists by Asia Times.

(2) Afghanistan still a threat to the region & beyond by Asia Times.

# ပုသိမ်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံဧက ၆၄၀ စိုက်ပျိုးပြီးစီး



ကျုံပျော် ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံဧက ၆၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၅၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၆၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် စားဖိုဆောင်သီးနှံများ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံစုံ ၅၅၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၄၀ စိုက်ပျိုးပြီးစီးပြီးဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် စားဖိုဆောင်သီးနှံတွေ အခုလို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ နည်းပညာများ၊ အခြားပံ့ပိုးမှုများကိုမစိုက်ပျိုးမီ စိုက်ပျိုးရေးဦးစီးဌာနကဆောင်ရွက်ပေးခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်တွေဟာ အစိမ်းစားရတဲ့အသီးတွေများတော့ ပိုးသတ်ဆေးတွေကိုစနစ်တကျသုံးစွဲဖို့၊ မလိုအပ်ဘဲမသုံးစွဲဖို့ကို နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ဧက ၆၄၀ စိုက်ပျိုးရာတွင် ပန်းမုန်လာ၊ ချဉ်ပေါင်၊ နံနံ၊ ခရမ်း၊ သဘော်၊ ကစွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ တိုင်ထောင်ပဲ စသည့်သီးနှံများကို စိုက်ပျိုးထားကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးသီးနှံများကိုအောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးမှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မင်းတုန်းမြို့နယ် ဇီးကိုင်းကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေထုတ်ချေး



မင်းတုန်း ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ ငွေကြေးအရင်းအနှီးရရှိပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဇီးကိုင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ချေးငွေထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၆ ဒသမ ၃သန်းကိုလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ဇီးကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၃၂ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁ ဒသမ ၃သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို ရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အိပိုးပိုး

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများ ကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ မြို့ နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့







## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ Garden City ကွန်ဒိုတိုက်ခန်းနေ ၁၃/တကန(နိုင်)၂၈၇၁၉၁ ကိုင်ဆောင်သူ ဦးဇော်ဇော်အောင် (ဘ) ဦးလီဆန်း (ခ) ဦးကျော်မြင့် နှင့် ကျွန်မ ၉/ခအဇ(နိုင်)၀၂၈၃၉၇ ကိုင်ဆောင်သူ ဒေါ်ငွေးဆုလှိုင် (ဘ) ဦးကိုလေး တို့သည် တရားဝင် အကြင်လင်မယားများဖြစ်ကြပြီး သမီး (၂)ဦး ထွန်းကားခဲ့ပါသည်။ ဦးဇော်ဇော်အောင် နှင့် ကျွန်မ ဒေါ်ငွေးဆုလှိုင် တို့မှာ တရားဝင်အကြင်လင်မယားများဖြစ်ကြပြီး ယနေ့အချိန်ထိ ကွာရှင်းပြတ်စဲခြင်း လုံးဝမရှိပါ။ ကျွန်မသာလျှင် ဦးဇော်ဇော်အောင် ၏ တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငွေးဆုလှိုင်
၉/ခအဇ(နိုင်)၀၂၈၃၉၇
65 B လမ်း၊ 118 X 119 လမ်းကြား
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

လက်ကိုဆပ်ပြာ (သို့မဟုတ်) Alcohol ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်ဖြင့် မကြာခဏစနစ်တကျဆေးကြောပါ။



### COVID-19 ရောဂါသံသယဖြစ်ဖွယ်လက္ခဏာများ

လွန်ခဲ့သည့်(၁၄)ရက်အတွင်း ရောဂါကူးစက်ပြန့်ပွားနေသည့်နိုင်ငံများသို့ ခရီးသွားခဲ့ခြင်း(သို့မဟုတ်) ကိုရိုနာဗိုင်းရပ်ရောဂါ (COVID-19)ဖြစ်ပွားသည်ဟု အတည်ပြုခြင်းခံရသူနှင့် အတူနေထိုင်ခဲ့ခြင်းတို့ရှိခဲ့ပြီး ဖျားခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀ ဒသမ ၄ ဖာရင်ဟိုက်နှင့်အထက်ရှိခြင်း) ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း။

### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




### COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ယနေ့နိုင်ငံများအကြားဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး စသည့် နည်းလမ်းများနှင့်ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ပြီး လုပ်ဆောင်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်...

❖ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို အပေါ်ယံမြင်ကွင်းလောက်သာ သုံးသပ်သိရှိခြင်းမျိုးထက် မြင်ကွင်းနောက်ကွယ်က အကြောင်းတရားများကိုပါ စဉ်းစားဖော်ထုတ်နိုင်စွမ်းရှိအောင် လုပ်ဆောင်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ပြုလုပ်သော တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားမိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ONE Friday Fights 76 ပြိုင်ပွဲ၌ မြန်မာနိုင်ငံက ငါးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယခေါင်းပွဲစဉ်တွင် သန့်ဇင်က ထိုင်းဖိုက်တာ Tai နှင့် ယှဉ်ပြိုင်မည်




ရန်ကုန် ဩဂုတ် ၂၁

ONE Championship က ကြီးမှူးကျင်းပပြီး ထိုင်းနိုင်ငံတွင် ကျင်းပမည့် ONE Friday Fights 76 အမည်ရှိ မွေထိုင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ငါးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး သန့်ဇင်အနေဖြင့် ဒုတိယခေါင်းပွဲစဉ်အဖြစ် ထိုင်းဖိုက်တာ Tai နှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ONE Championship သည် အပတ်စဉ် သောကြာနေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မွေထိုင်းပြိုင်ပွဲကို ကျင်းပလျက်ရှိပြီး ယခုရက်သတ္တပတ်အတွင်း ကျင်းပမည့် ONE Friday Fights 76 မွေထိုင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ငါးဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ONE Friday Fights 76 မွေထိုင်းပြိုင်ပွဲကို စုစုပေါင်းတွဲဆိုင်း ၁၂ ဆိုင်းဖြင့် ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပထမခေါင်းပွဲစဉ်အဖြစ် ထိုင်းဖိုက်တာများဖြစ်သည့် PUENGLUANG နှင့် SAMINGDAM တို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကာ သန့်ဇင်နှင့် Tai တို့က ဒုတိယခေါင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ဆရာ၊ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင် နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးနှိုးဆော်ချက် စာမျက်နှာ- ၁၉

ချမ်းအေးသာစံမြို့နယ်၊ တောင်ကြီးမြို့နှင့် ရွှေညောင်မြို့နယ်တို့တွင် ငွေကျပ် ၂၃၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ စာမျက်နှာ- ၂၂

လူတိုင်းသတိပြုကာကွယ် မျောက်ကျောက်ရောဂါအန္တရာယ်

ဆောင်းပါး စာမျက်နှာ- ၂၀

